www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်နှင့်အနီရောင်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



# မင်းမြတ်သူရ

ဆားပုလင်းမင်းအောင်နှင့် အနီရောင် မိန်းကလေး

ဖြန့်ချိရေး - ရန်မျိုးအောင်စာပေ

အမှတ်(၂၂)၊ဓမ္မစိန္တာလမ်း၊ကျောက်မြောင်း၊တာမွေ၊ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ ၊ ဒီဇင်ဘာ၊ ပထမအကြိမ် အုပ်ရေ ၅၀၀အုပ်။ တန်ဘိုး(၅၀၀)ကျပ်

ဦးသက်လွင်(သစ္စါမွန်စာပေ)(၀၀၇၇၃) ကျောက်မြောင်း၊တာမွေမြို့နယ်၊

ရန်ကုန်မြို့မှ ထုတ်ဝေပါသည်။ အတွင်းနှင့် မျက်နှာဖုံးကို

ဦးသက်လွင်(၀၀၆၅၁)သစ္စါမွန် ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊

တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့

BURMESE CLASSIC

မှရိုက်နှိပ်ပါသည်။ ရန်မျိုးအောင် စာပေမှ ဖြန့်ချိပါသည်။


မင်းမြတ်သူရ ၈၉၅.၈၃

ဆားပုလင်းမင်းအောင်နှင့် အနီရောင်မိန်းကလေး/မင်းမြတ်သူရ၊ရန်ကုန်

သစ္စါမွန်စာပေ၊၂၀၁၆

၂၀၀-စာ၊၁၂×၁၈




www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ် ၇ အသောကလမ်း နေအိမ်ရှေ့သို့ အော်စတင်ကားလေး တစ်စီး ထိုးရပ်လာလေရာ ကိုမင်းအောင်သည် ပြတင်းပေါက်မှ အိမ်ရှေ့သို့ လှမ်းမျှော်ကြည့်ပြီး ``စီးတဲ့ ကားကို ကြည့်ရတာတော့ ပိုက်ဆံတော်တော် ထောမဲ့ ပုံပဲ၊ ဂတ်ပုံစားပုံကြည့်ရတာတော့ လူကြွားတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံစံပဲဗျ၊ ဟော.. ကျုပ်တို့ အိမ်ဘက်ကူးလာပြီ``ဟုပြောလေ၏။ ခဏ

အကြာတွင် တံခါး ခေါက်သံကြား ရပြီး ကိုမင်းအောင်က ဖွင့်ပေးလိုက်ရာ

တခါးဝတွင် ပိုးဖဲကတ္တီပါ အဝတ်အစားများကို ဝတ်ဆင်ထားသော ပုပုဝဝ

လူတစ်ယောက်ကို တွေ့ရလေ၏။ ၄င်းတစ်ကိုယ်လုံးတွင် ရွှေကြယ်သီး

ရွှေလက်စွပ်၊ ရွှေဆွဲကြိုး စသော လူကြွားတို့၏ ဆင်ယင်မှုများကို တွေ့

ရသဖြင့် ကိုမင်းအောင်ပြောသကဲ့သို့ ဂုံကြွားတတ်သူတစ်ယောက်ဖြစ်ပုံရ

၏။ကိုမင်းအောင်က ထိုသူကို ဧည့်ခန်းထဲရှိ ထိုင်ခုံတွင် ထိုင်ခိုင်းလိုက်ပြီး

``လာရင်း ကိစ္စကို ပြောပါ``ဟုဆိုလိုက်ရာ ပုပုဝဝလူက ကိုမင်းအောင်

ကို ကြည့်ပြီး``ဆားပုလင်းမင်းအောင် မှတ်တယ်``ဟုဆိုလိုက်ရာ

ဆားပုလင်းမင်းအောင်က ခေါင်းကိုညိတ်ပြလိုက်လေ၏။ ထိုအခါ ပုပု ဝဝ

လူက``ကျုပ်နံမည် အုန်းမြင့် လို့ခေါ်ပါတယ်၊ ကျုပ်ကဂါသနာ အလျှာက်

ရှေးဟောင်းပစ္စည်းတွေကို ရှာဖွေစုဆောင်းတဲ့ လူတစ်ယောက်ပါ``ဟု

ပြောလေရာ ကိုမင်းအောင်က ``ဒါဆိုရင်တော့ ခင်ဗျားရဲ့ အဖိုးတန်



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းပစ္စည်း တစ်ခုခု ခိုးခံလိုက်ရ ပုံရတယ်``ဟုဆိုလိုက်ရာ အုန်းမြင့်ဆိုသူက``ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့်လည်း ဆားပုလင်း မင်းအောင်ဆိုပြီး မြန်မာပြည် စုံထောက်အဖွဲ့မှာ ကျော်ကြားပေတာပဲ ဒီကိစ္စမှာ ကိုမင်းအောင်ထက် ပုလိပ်တွေနဲ့ သက်ဆိုင်တယ် ဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ကျုပ်ပြဿနာကို ပုလိပ်တွေ ဖြေရှင်းနိုင်မယ်လို့ မယုံ ကြည်ဘူး၊ ဒါကြောင့် ကိုမင်းအောင်ဆီကို အရဲစွန့်ပြီး လာခဲ့တာပါ၊ မကူ ညီနိုင်ဘူး ဆိုရင်လည်း ကျုပ်ဘာမှ မတတ်နိုင်ပါဘူး``ဟုပြောလေ၏။

ကိုမင်းအောင်က ခေါင်းညိတ်ပြီး``လာရင်းကိစ္စကိုပြောပါ ကိုအုန်းမြင့်၊ ကျုပ် တတ်နိုင်သလောက်ကူညီပါ့မယ်``ဟုပြောလေ၏။ ကိုအုန်းမြင့်က မီးငြိမ်းနေသော ဆေးတံကို မီးညှိဖွါရှိုက်လိုက်ရင်း ``ကိုမင်းအောင် ကြား ချင်ကြားပေလိမ့်မယ်၊ တလောက ဂျူဗလီဟော လေလံပွဲမှာ အဖိုးတန် ရှေးဟောင်း ပစ္စည်းတစ်ခုကို လေလံအောင်မြင်ခဲ့တယ်``ဟုပြောလေ၏။

ကိုမင်းအောင်က စကားဖြတ်ပြီး`` လှိုင်ထိပ်ခေါင်တင် မင်းသမီး နှင့်ဆိုင်

www.burmeseclassic.com



ခဲ့ဖူးတယ် ဆိုတဲ့ ကြေးမုံမှန်ကြီး မဟုတ်လား၊ တကယ်တော့ မင်းသမီးရဲ့ ကြေးမုံမှန် အစစ်ဆို ရင် ပြင်သစ်လုပ် ကြေးမုံမှန်မှ စစ်မှာနော်`` ဟုဆို လိုက်ရာ အုန်းမြင့်ဆိုသူက ``ဇော်ပါပေတယ်၊ ဆားပုလင်းမင်းအောင် ကျုပ်ဆီက ကြေးမုံမှန်ကြီးက လှိုင်ထိပ်ခေါင်တင်ရဲ့ ကြေးမုံမှန် အစစ်ပါ၊ ဘာကြောင့်လဲဆိုတော့ ကြေးမုံကြီးအနောက်မှာ ပြင်သစ်လုပ် ပစ္စည်း ဖြစ်ကြောင်း သက်သေပါတယ်လေ၊ ကျုပ်ဟာ လှိုင်ထိပ်ခေါင်တင်ရဲ့ ကြေးမုံမှန်ကြီးကို အိမ်မှာထားရင် မလုံခြုံမှာ စိုးလို့ မဏ္ဍလေးဘဏ်မှာ အပ်ထားဖို့ ပြင်ပေမဲ့ လှိုင်ထိပ်ခေါင်တင်ရဲ့ ကြေးမုံမှန်ကြီးကို ကြည့်လို့ မဝသေးတာနဲ့ မဏ္ဍလေးဘဏ်မှာ မအပ်သေးဘူး၊ ကျုပ်က ကန်တော်ကြီး ပတ်လမ်းက ရွှေသံလွင်ဆိုတဲ့ ခြံကြီးမှာ နေထိုင်တယ်၊ ကြေးမုံမှန်ကြီးကို ကျုပ်ရဲ့ စာကြည့်ခန်းက နံရံမှာ မြှုပ်ထားတဲ့ လျှို့ဝှက်ဗီရိုထဲမှာ ထည့်ပြီး သိမ်းထားခဲ့တယ်၊ ဒီနေ့မနက်ကျုပ်အိပ်ယာနိုးတော့ နံရံမှာ မြှုပ်ထားတဲ့ လျှို့ဝှက်ဗီရို တခါးကြီးပွင့်နေပြီး ဗီရိုထဲကလှိုင်ထိပ်ခေါင်တင်ရဲ့ ကြေးမုံ



www.burmeseclassic.com

www.burmeseclassic.com



မုန်ကြီးလည်း မရှိတော့ဘူး``ဟုပြော၏။ ဆားပုလင်းမင်းအောင် က အုန်းမြင့်၏ စကားကို မျက်မှောင်ကြုတ်ပြီး နားထောင်နေရာမှ ``နည်းနည်း အသေးစိတ်ပြီး ပြောပြပါလား``ဟုပြောလေ၏။အုန်းမြင့်က ခေါင်းညိတ်ပြီး``ပြောပါ့မယ်၊ ဒီနေ့နံနက်စောစော အိပ်ယာထပြီး ဘုရားရှိခိုး၊ သတ္တဂါတွေကို အမျှဝေပြီးတဲ့အချိန်မှာ ကျွန်တော့်အိမ်က အိမ်ဖော်မိန်းမကြီး ဒေါ်မိုးဟာ ဘုရားခန်းထဲကို ကမန်းကတန်းဝင်လာပြီး`` ဆရာရေ.. အိမ်ထဲကို ညက သူခိုး ဝင်ပြီထင်တယ် ဆရာ``လို့ဆိုလိုက်တော့ ကျုပ်လည်း စိုးရိမ်တကြီး စာကြည့်ခန်းထဲကို ပြေးဝင်သွားတော့ စာကြည့်ခန်း ပြတင်းပေါက်ကို အဖျက်ခံထားရပြီး ပြတင်းပေါက်ကနေ ကော်ဇောကို ဖြတ်နင်းသွားတဲ့ ခြေရာကြီးကို ထင်ထင်ရှားရှားကြီး တွေ့မြင်ရတယ်၊ သူခိုးက ပြတင်းပေါက်ကို ဖျက်ပြီး ဝင်လာတဲ့ ခြေရာတွေ အထင်အရှားကြီးပဲ`` ဟုပြောလေ၏ ။ထိုနောက်တွင်မှ ဆားပုလင်းမင်းအောင်က ``ကျုပ်တို့ ခင်ဗျားအိမ်ကို လိုက်ကြည့်ချင်တယ်`` ဟုပြောသောအခါ



www.burmeseclassic.com

www.burmeseclassic.com



အုန်းမြင့်ဆိုသော လူက ကျွန်ုပ်တို့ စုံထောက်ကျော် နှစ်ဦးကို ၄င်း

နေထိုင်ရာ ကန်တော်ကြီးစောင်းရှိ အိမ်ကြီးသို့ ခေါ်ဆောင်သွားလေ၏။

ကန်တော်ကြီးစောင်း အိမ်ကြီးသို့ရောက်သောအခါ အုန်းမြင့်ဆိုသူသည်

ကျွန်ုပ်တို့ ထင်သည်ထက်ပို၍ ကြွယ်ဝချမ်းသာသူ လူကုန်ထံ တစ်ဦး

ဖြစ်ကြောင်း သတိထားမိလေ၏။ အုန်းမြင့် အိမ်ကြီး၏ အပြင်ဘက်တွင်

တင်းနစ်ကွင်းကြီး တစ်ခုရှိပြီး အိမ်ကြီး၏ ဧည့်ခန်းထဲတွင်လည်း ခမ်းနား

ကြီးကျယ်သော အိမ်ထောင်ပရိဘောဂများကို ထည့်သွင်းထားလေ၏။

အိမ်ကြီး၏ စာကြည့်ခန်းထဲသို့ ရောက်သောအခါ ကိုအုန်းမြင့် ပြောသလို

စာကြည့်ခန်းပြတင်းပေါက်ကို ဖျက်ဆီးခံလိုက်ရပြီး ပြတင်းပေါက်မှ

လှိုု့ဂှက်ဗီရိုသို့ လျှောက်လှမ်းသွားသော သူခိုး၏ ခြေရာကိုလည်းတွေ့

ရလေ၏။ ကိုအုန်းမြင့်၏ အိမ်၌ အိမ်ဖော်မိမိုး ဆိုသူတစ်ယောက်သာရှိပြီး

အိမ်ကြီး၌ ခြံစောင့်၊ မာလီစသည် တို့လည်း မရှိချေ။ထို့ပြင် အိမ်ကို လုံခြုံ

စေသော ခွေးလည်း မွေးမြူထားခြင်း မရှိကြောင်းတွေ့ရ၏။ကိုမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



က အိမ်ပတ်ဂန်းကျင်ကို ကြည့်ချင်သည်ဆိုကာ တစ်ကိုယ်တည်း ခြံထဲသို့ ဆင်းသွားလေ၏။ ခဏအကြာတွင် ကိုမင်းအောင် ပြန်ရောက်လာပြီး ``ကိုအုန်းမြင့်ရဲ့ လျှို့ဝှက်ဗီရိုရှိတဲ့ နေရာကို ဘယ်သူတွေ့ သိသလဲ'' ဟုမေးမြန်းလေရာကိုအုန်းမြင့်က ``ကျုပ်ရဲ့ လျှို့ဝှက်ဗီရိုကို အထူးကိစ္စ အနေနဲ့ လျှို့ဝှက်ထားပါတယ်၊ ကျုပ်အိမ်က အိမ်ဖော်တွေကိုတောင် အသိ မခံခဲ့ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေ မောင်ဒအေးတော့ သိတယ်''ဟုဆိုလိုက်ရာ ဆားပုလင်းမင်းအောင် မျက်မှောင်ကြုတ်လိုက်ပြီး``မောင်ဒအေးဆိုတာ ဘယ်သူလဲ''ဟုမေး မြန်းလေ၏ ကိုအုန်းမြင့်က ``မောင်ဒအေးဆိုတာ ကျုပ်နဲ့ ကောလိပ်တုန်း က ကျောင်းအတူတူ တက်ခဲ့တဲ့ အရင်းနှီးဆုံး မိတ်ဆွေ တစ်ယောက်ပါ၊ သူကိုတော့ ကိုမင်းအောင်တို့ သံသယ မဂင်စေချင်ဘူး၊ဘာကြောင့်လဲဆို တော့ သူဟာ နံမည်နဲ့လိုက်အောင် အင်မတန်အေးပြီး ပန်းချီဆရာပီပီ စိတ်သဘောထား နူးညံ့တယ်။ နောက်ပြီး လှိုင်ထိပ်ခေါင်တင်ရဲ့ ကြေးမုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး မတ္တဖင့်ဘဏ်မှာ သွားအပ်ထားဖို့ ကျုပ်ကို တဖွဖွ သတိပေးခဲ့သူပါ``ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က ``အမှုတစ်မှုနဲ့ပတ်သက်ပြီး ကြိုတင်ပြီး ဘယ်တော့မှ လူတစ်ယောက်ကို တရားခံအဖြစ် သတ်မှတ်လေ့မရှိဘူး၊ ဒီအတွက် ကိုအုန်းမြင့် သူငယ်ချင်း အတွက် ဘာမှ ပူစရာမလိုပါဘူး``ဟုပြောလေရာ ကိုအုန်းမြင့်က စိတ်လှုပ်ရှားဟန်ဖြင့် ``ကျုပ်အိမ်ပြတင်းပေါက်ကို ဖျက်ဆီးပြီး လို့ပုက် ဗီရိုထဲက ကြေးမုံမှန်ကြီးကို ယူသွားတာ ထင်ရှားပါတယ်၊ ကော်ဇောပေါ်မှာ သူခိုးရဲ့ခြေရာတွေ ထင်းနေတာပဲ``ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ကိုအုန်းမြင့်၏ စကားကို နားဝင်ဟန်မရှိဘဲ ``ကိုအုန်းမြင့်ရဲ့ သူငယ်ချင်းမောင်အေးရဲ့ပုံပန်းသဏ္ဍာန်ကို ပြောပြပါဦး``ဟုမေးမြန်းလေ၏။ ထိုအခါ ကိုအုန်းမြင့်က စိတ်လက်မကြည်သာဟန် ဖြင့် ၄င်း၏ သူငယ်ချင်း ပန်းချီဆရာမောင်အေး၏ ပုံပန်းသဏ္ဍာန်ကို ပြောပြ လေ၏။ ကိုအုန်းမြင့်က

``ကျုပ်သူငယ်ချင်း မောင်အေးက အရပ်ရှည်ရှည် အသားဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



လူပုံနဲ့နဲ့ဗျ၊ ရုပ်ကလည်း ဖြောင့်တယ်၊ မိန်းကလေးတွေ ကျလောက်မဲ့ ရုပ်မျိုးပဲ၊ သူက အရုပ်အမောင်းလည်း ကောင်းတယ်ဗျ၊ ဖိနပ်ကတော့ နံပါတ်၁၀ ကို စီးတယ်၊ ရုပ်ဖြောင့် ပေမဲ့ ကျုပ်တို့နှစ်ယောက်စလုံး တူတဲ့ အချက်က အိမ်ထောင်မရှိတဲ့ လူပျိုကြီးတွေပဲ``ဟုပြောလေရာ

ကိုမင်းအောင်က``မောင်အေးနဲ့ ကိုအုန်းမြင့် မကြာခဏ တွေ့ဆုံ လေ့ရှိသလား``ဟုမေးမြန်းလေရာ ကိုအုန်းမြင့်က``သူနဲ့ ကျုပ်က စစ်တုရင် ပြိုင်ဘက်ဗျ၊ ကျုပ်တို့နှစ်ယောက် မကြာခဏဆုံပြီး စစ်တုရင် ကစားလေ့ရှိတယ်၊ ကျုပ်တို့ စစ်တုရင် ကစားတာကလည်း ဟောဒီ စာကြည့်ခန်းထဲမှာပဲ၊ လွန်ခဲ့တဲ့ စနေနေ့ကတောင် ကျုပ်တို့နှစ်ယောက် ဒီစာကြည့်ခန်းထဲမှာ စစ်တုရင်ကစားကြသေးတယ်``ဟုပြောလေရာ

ကိုမင်းအောင်က ပန်းချီဆရာ မောင်အေး ဆိုသူ၏ လိပ်စာကို မေးမြန်းပြီး သေချာစွာ မှတ်သားကာ``ကျုပ်ကို အချိန် တစ်ရက် လောက် ပေးပါ၊ ကိုအုန်းမြင့်ရဲ့ ပျောက်ဆုံးသွားတဲ့ ကြေးမုံမှန်ကို ပြန်ရှာပေး ပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



``ဟုပြောလေ၏။ ကိုအုန်းမြင့်က ဆားပုလင်မင်းအောင်၏ စကားကြောင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ``အားကိုးပါတယ်ဗျာ၊ ကြေးမုံမှန်ကြီးကို တစ်ရက်အတွင်း ပြန်ရှာပေးမယ်ဆိုတာ ကျုပ်နားတောင်ကျုပ် မယုံဘူး၊ ဒါကြောင့်လည်း စုံထောက်ကျော် ဆားပုလင်းမင်းအောင် ဆိုပြီး နံမည်သတင်း မွှေးတာပဲ``ဟုချီးမွမ်းစကား ဆို၏။ဆားပုလင်းမင်းအောင်ကမူ ကိုအုန်းမြင့်၏ ချီးမွမ်းစကားကို နားဝင်ဟန်မရှိဘဲ ပြန်လာခဲ့လေ၏။ ကျွန်ုပ်တို့သည် ကိုအုန်းမြင့်၏ ကန်တော်ကြီးစောင်း အိမ်ကြီးမှ ပြန်ခဲ့လေ၏။ အပြန်လမ်း၌ ကျွန်ုပ်က ``အမှုကတော့ ပြောင်ကျကျ ဝင်ခိုးတဲ့ အမှုပဲ နော်၊ သူခိုးကို ဘယ်လိုဖမ်းကြမှာလဲ`` ဟုမေးမြန်းလေရာ ကိုမင်းအောင်က ``တရားခံကို ကျုပ် မကြာမီ ဖမ်းပေးမှာပါ၊ လောလောဆယ် သေချာအောင် နည်းနည်းစုံစမ်းလိုက်ဦးမယ်``ဟုပြောလေ၏။ ထိုနောက်တွင်မူ ကိုမင်းအောင်သည် ပန်းချီဆရာများ ဆုံဆည်းလေ့ရှိသော အိန်ဂျယ် ကလပ်သို့သွားပြီး ကျွန်ုပ်ကို ကားပေါ်မှာပင် ထိုင်နိုင်းကာ ``အိုင်ပီ



www.burmeseclassic.com

www.burmeseclassic.com



ခဏစောင့်ပါဦးဗျာ၊ ကျုပ် ပြန်လာခဲ့မှာပါ`` ဟုပြောလေ၏။ ထိုနောက် ကိုမင်းအောင်သည် ခဏကြာလျှင် ကားရှိရာ ပြန်ရောက်လာပြီး နောက် ``ပို့က်တာပေးတိုက်ကို မောင်းဗျာ၊ ပို့က်တာပေးတိုက်က စာရေးမ မခင်မြိုင်ဆိုတာ ပန်းချီဆရာရဲ့ ရီးစားဗျ`` ဟုပြောလေ၏။ ထိုနောက် ကျွန်ုပ်လည်းကိုမင်းအောင်ကို အပ်မှအစ မော်တော်ကားအထိ ရနိုင်သော ပို့က်တာပေးတိုက်သို့ ကိုမင်းအောင်အား လိုက်ပို့ပေးလေ၏။ ကျွန်ုပ်သည် ပို့က်တာပေးတိုက်သို့ ရောက်သောအခါ ကားပေါ်မှာ ထိုင်မစောင့်တော့ဘဲ ကိုမင်းအောင်၏ အနောက်မှ လိုက်ခဲ့၏။ ထိုနောက်ကိုမင်းအောင်သည် ပို့က်တာပေးတိုက်မိန်းကလေးတစ်ဦးကို မေးမြန်းနေစဉ် ကျွန်ုပ်သည် အမှု ကို စိတ်မဝင်စားဘဲ ပို့က်တာပေးတိုက်တွင် ရောင်းချသော ပစ္စည်းများကိုသာ လိုက်လံကြည့်ရှုနေလေ၏။ ကိုမင်းအောင်သည် ပို့က်တာပေးတိုက်မှ တစ်စုံတစ်ရာကို ဖုန်းဆက်ပြီး အတန်ကြာအောင် စကားပြောနေပြန်၏။ ကျွန်ုပ်သည် ကိုမင်းအောင် ဖုန်းဆက်နေစဉ် ပို့က်တာပေးတိုက်အဲမှ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com


ချောလေးများကို ပိုးပန်းရင်း အချိန်ဖြုန်းနေလေ၏။ ခဏကြာလျှင် ကိုမင်းအောင် ပြန်ရောက်လာပြီး ``အရေးကြီးပြီဗျို့..ကျုပ်တို့ ရေကျော်က မောင်ဒေး တိုက်ခန်းကို သွားမယ်၊ ဟောဒီလိပ်စာ အတိုင်းမောင်း'' ဟုဆိုကာ လိပ်စာရေးထားသော စာရွက်ကို ကျွန်ုပ်အားပြလေ၏။

ကျွန်ုပ်သည် ကိုမင်းအောင်ပြသော လိပ်စာအတိုင်းရေကျော်သို့မောင်းနှင်ခဲ့လေ၏။ မောင်ဒေးတိုက်ခန်းသည် သုံးထပ်တိုက် အပေါ်ဆုံးတွင်ရှိ၏။ ကျွန်ုပ်နှင့် ကိုမင်းအောင်သည် သုံးထပ်တိုက်၏ အပေါ်ဆုံးထပ်သို့ တက်ကာ မောင်ဒေး၏ အခန်းတံခါးကို ခေါက်၏။ အခန်းတံခါးကို အတွင်းမှ ပိတ်ထားပြီး အတန်ကြာသည်အထိ မောင်ဒေးက တံခါးလာမဖွင့်သဖြင့် ကိုမင်းအောင်က သော့ပေါက်ထဲသို့ သံချောင်းလေး တစ်ချောင်းဖြင့် မွှေနှောက်လိုက်ရာ တံခါးပွင့်သွားလေ၏။ တံခါးပွင့်သွားသောအခါတွင် ကိုမင်းအောင်က ညှော်ခန်းအတွင်းသို့ဝင်ပြီး တစ်စုံတစ်ရာကို မြင်သောအခါ သက်ပြင်းချပြီး``ကျုပ်ထင်တဲ့ အတိုင်းပါပဲ'' ဟုရေရွတ်လိုက်


www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်ုပ် လှမ်းကြည့်လိုက်ရာ ညည့်ခန်းထဲတွင် ဦးခေါင်းတစ်ခုလုံး ကြေမွ သေဆုံးနေသော လူတစ်ဦး၏ အလောင်းကိုတွေ့ရလေ၏။

ကိုမင်းအောင်က ထိုအလောင်းကို လှည့်မကြည့်တော့ဘဲ ''အဲဒါ ပန်းချီဆရာ မောင်အေးဖျ'' ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်တို့သည် ပုလိပ်ဌာနကို ဖုန်းဆက်ပြီး ပန်းချီဆရာ မောင်အေး၏ ရေကျော်တိုက်ခန်းမှ ထွက်ခဲ့လေ၏။ ထိုနောက်တွင်မှုကိုမင်းအောင်က ကန်တော်ကြီးစောင်းရှိ ကိုအုန်းမြင့်၏ ခြံကြီးသို့ တစ်ခေါက်ပြန်မောင်းနှိုင်းလေ၏။ ကိုအုန်းမြင့်သည် ကျွန်ုပ်တို့ စုံထောက် နှစ်ဦးကို မြင်သောအခါ အံ့ဩဟန်ဖြင့် ကြည့်ပြီး``ကျုပ်..ဘာအကူအညီပေးရမလဲ ဆားပုလင်း


www.burmeseclassic.com

www.burmeseclassic.com



မင်းအောင်``ဟုဆိုလိုက်ရာ ကိုမင်းအောင်က``ကြေးမုံမှန်ကြီးကို ကျုပ်ပြန်ရှာပေးမလို့ပါ``ဟုပြောလိုက်၏။ ထိုအခါ ကိုအုန်းမြင့်သည် လွန်စွာစိတ်လှုပ်ရှားဟန်ဖြင့်``ဝမ်းသာလိုက်တာဗျာ၊ ကျုပ်ရဲ့ ကြေးမုံမှန်ကြီးကိုပြန်ရတော့မယ် ဟုတ်လား ဝမ်းသာလိုက်တာဗျာ``ဟုပြောလေ၏။ ကိုမင်းအောင်က ကိုအုန်းမြင့်ကို စကားမတုံ့ပြန်တော့ဘဲ``ကျုပ်တို့ စာကြည့်ခန်းကို ခဏပြန်သွားရအောင်``ဟုပြောလေရာ ကိုအုန်းမြင့်က နားမလည်ဟန်ဖြင့် ကြည့်ပြီး``စာကြည့်ခန်းထဲကို ပြန်သွားမယ် ဟုတ်လား ဘာဖြစ်လို့လဲဗျ``ဟုမေးမြန်းလိုက်လေ၏။ ကိုမင်းအောင်က ကိုအုန်းမြင့် ၏ စကားကို မတုံ့ပြန်တော့ဘဲ စာကြည့်ခန်းထဲသို့ ခြေလှမ်းကြဲကြီးဖြင့် ဝင်သွားပြီး ကိုအုန်းမြင့်၏ လျှို့ဝှက်ဗီရို အံဝှက်ကို လက်မြန်ေ[illegible] ဖွင့်လိုက်၏။ ပြီးနောက် အံဝှက်ထဲမှတစ်စုံတစ်ရာကိုဆွဲထုတ်လိုက်ပြီး``ဟောဒီမှာ ပျောက်ဆုံးသွားတယ် ဆိုတဲ့ လှိုင်ထိပ်ခေါင်တင်မင်းသမီးရဲ့ ကြေးမုံမှန်ကြီး``ဟုဆိုလိုက်ရာ ကျွန်ုပ်နှင့် ကိုအုန်းမြင့်သည်



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသားကြည့်နေမိ၏။ ကိုမင်းအောင်က ကိုအုန်းမြင့်ကို ကြည့်ပြီး ``ဒီအချိန်ကစပြီး ကိုအုန်းမြင့်ကို ပန်းချီဆရာ မောင်ဖအေးကို သတ်မှုနဲ့ ဖမ်းဆီးလိုက်ပါပြီ´´ ဟုဆိုလိုက်ရာ ကျွန်ုပ်သည် အံ့ဩလွန်းသဖြင့် ကိုအုန်းမြင့်ကို ကြည့်လိုက်ရာ ကိုအုန်းမြင့်သည် ဖြင်းဆန်လိုဟန်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ကိုမင်းအောင်က ဆက်ပြီး ``ကိုအုန်းမြင့် ခင်ဗျား ငြင်းမနေပါနဲ့တော့၊ ဟောဒီမှာ ပန်းချီဆရာ မောင်ဖအေး သေအံ့မူးမူး အချိန်မှာ လူသတ်တရားခံရဲ့ နံမည်ကို ရေးခဲ့တယ်´´ ဟုဆိုပြီး စာရွက်အပိုင်းအစတစ်ခုကို ထုတ်ပြလိုက်လေရာ ကိုအုန်းမြင့်က တက်တစ်ချက် ခေါက်ပြီး ``ဒီကောင်တော်တော်အသက် ပြင်းတဲ့ကောင်ပဲ၊ သေတာတောင် ကျုပ်ကို ဒုက္ခပေး သွားသေးတယ်´´ ဟု ဝန်ခံကာ ပန်းချီဆရာ မောင်ဖအေး၏ တိုက်ခန်းသို့ သွားပြီး သတ်မိကြောင်း ဝန်ခံ၏။ ထိုအခါမှပင် ကိုမင်းအောင်က သေသူပန်းချီဆရာ မောင်ဖအေး သေအံ့မူးမူး အချိန်တွင် ရေးထားခဲ့သော စာရွက်ပိုင်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လက်ထဲသို့ ထည့်လိုက်ရာ ကျွန်ုပ်က စိတ်လှုပ်ရှားဟန်ဖြင့် စာရွက်ပိုင်းလေးကို ကြည့်လိုက်လေ၏။ ထိုအခါ စာရွက်ပေါ်တွင် မည်သည့် စာလုံးမျှ မမြင်ရဘဲ စာရွက်လွတ်တစ်ရွက်သာ ဖြစ်နေ၏။ ထိုအခါမှပင် ကိုမင်းအောင် ပရိယာယ်သုံးပြီး တရားခံကိုအုန်းမြင့်ကို ဖမ်းဆီးခဲ့ကြောင်း ရိပ်စားမိလေ၏။ ကျွန်ုပ်တို့သည် ကိုအုန်းမြင့်အား လူသတ်တရားခံ အဖြစ်ပုလိပ်ဌာနသို့ လွှဲပြောင်းပေးပြီး ပြန်ခဲ့လေ၏။

အပြန်လမ်းတွင် ကျွန်ုပ်က ``ဘယ်လိုဖြစ်ကုန်တာလဲ ကိုမင်းအောင်၊ ကျုပ်တော့ လိုက်မမီတော့ဘူး၊ မျက်စိလည်သွားပြီ`` ဟုမေးမြန်းရာ ကိုမင်းအောင်ကခေါင်းညိတ်ပြီး`` ကိုအုန်းမြင့်ရဲ့ စာကြည့်ခန်းကို ရောက်ကတည်းက သူခိုးဖျက်ထားတယ် ဆိုတဲ့ ပြတင်းပေါက်ကို မသင်္ကာဘူး။ ပြတင်းပေါက်ဟာ သူခိုးတစ်ယောက် အပြင်က ဖျက်တဲ့ ပုံမဟုတ်ဘူး၊ အိမ်ထဲက ဖျက်ထားတဲ့ပုံဗျ။ နောက်ပြီး ကော်ဇောပေါ်က ခြေရာတွေကို ကျုပ်မသင်္ကာဘူးဗျ၊ ကော်ဇောပေါ်က ခြေရာတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ထင်ရှားပြီး ပန်းချီဆရာ တစ်ယောက်က ခြေရာတွေကို ပန်းချီဆွဲထားသလို ညီညာလှန်းနေတယ်၊ နောက်ပြီး ကျုပ် ကိုယ်တိုင် ခြံထဲဆင်းပြီး သူခိုးရဲ့ ခြေရာလက်ရာတွေ ကြည့်တော့လည်း အပြင်က ဖောက်ထွင်းပြီး ဝင်လာတဲ့ လက္ခဏာလည်း မရှိဘူး၊ ကြေးမုံမှန်ကြီးဟာ အိမ်တွင်းသူခိုးကြောင့် ပျောက်သွားတာဗျ၊ ဒီကတည်းကကိုအုန်းမြင့်ကို တရားခံဆိုတာ ကျုပ်ရိပ်စားမိတယ်၊ သေချာအောင် ပန်းချီဆရာတွေ စုဝေးလေ့ရှိတဲ့ အိန္ဒိယ ကလပ်မှာ သွားစုံစမ်းကြည့်တော့ ပန်းချီဆရာမောင်အေးရဲ့ ချစ်သူဟာ ပိုက်တဝေးတိုက်မှာ အလုပ်လုပ်တဲ့ မခင်မြိုင်ဆိုတာ သိရတယ်၊ မခင်မြိုင်နဲ့ ပိုက်တဝေးတိုက်မှာ တွေ့ဆုံတဲ့အခါကိုအုန်းမြင့်နဲ့ ပန်းချီဆရာမောင်အေးဟာ မခင်မြိုင်ကို အရင်တုန်းက အပြိုင်အဆိုင် ပိုးပန်းခဲ့ပြီး မခင်မြိုင်ရဲ့မေတ္တာကို ပန်းချီဆရာမောင်အေးက ရခဲ့ကြောင်းသိတယ်၊မခင်မြိုင်ဟာ ချစ်သူပန်းချီဆရာမောင်အေးနဲ့ ပိုက်တဝေးတိုက်မှာ တွေ့နေကျ အချိန်ရောက်မလာတဲ့ အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကား တစ်ချပ်ကို လက်စသပ်လို့ အလုပ်များတယ်ထင်နေရှာတယ်၊ ဒီနေ့ညနေ ပို့က်တပေးတိုက်က ပြန်ရင် မောင်ဒအေးရဲ့ရေကျော်တိုက်ခန်းကို လိုက်သွားမယ် ပြောခဲ့တယ်၊ ဒီအချိန်က စပြီး ကျုပ်ဟာ မောင်ဒအေး အတွက် စိုးရိမ်ပြီး ရေကျော်တိုက်ခန်းကို လိုက်တဲ့အခါ ထင်တဲ့အတိုင်း မောင်ဒအေး အလောင်းကို တွေ့ရတာပဲ၊ တကယ်တော့ တရားခံ ဖြစ်တဲ့ ကိုအုန်းမြင့်ဟာ လောင်းကစား ဝါသနာအိုးဗျ၊ သူဟာ တရုတ်တန်းက လောင်းကစားဝိုင်းကြီးတွေမှာ အကြီးအကျယ် ရှုံးလို့ ငွေလိုနေခဲ့တယ်၊ စနေနေ့က ကိုအုန်းမြင့်နဲ့ မောင်ဒအေးတို့ စစ်တုရင်ကစားရင်း စကားများ ရန်ဖြစ် ကြမယ်ထင်တယ်၊ကျုပ်အထင်စကားများရတဲ့ အကြောင်းရင်းက မခင်မြိုင် ကို ပိုးပန်းတဲ့ ကိစ္စလို့ ထင်တယ်၊ကိုအုန်းမြင့်ဟာမောင်ဒအေးကို မခင်မြိုင်ကို ပိုးပန်းတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မစံချင်စိတ်နဲ့ ရန်ငြိုးရန်စထား ခဲ့ပုံရတယ်၊ ဒါကြောင့်လည်း မောင်ဒအေးကို သတ်ပြီး ကြေးမုံမှန်ကြီးကို မောင်ဒအေး ခိုးတယ်လို့ ထင်အောင် ပရိယာယ် ဆင်ရတာပဲ`` ဟုပြော



www.burmeseclassic.com

www.burmeseclassic.com



လေရာ ကျွန်ုပ်က ``သူဘာလို့ ပရိယာယ်ဆင်တာလဲ၊ကိုမင်းအောင် ဟုမေးမြန်းလေရာ ကိုမင်းအောင်က ``ပိုက်တဝေးတိုက်မှာ ကျုပ်ဖုန်း ဆက်တာ အာမခံဌာနဗျ၊ အာမခံဌာနမှာ ကျုပ်မိတ်ဆွေ ကိုသိန်းတန် ရှိတယ်လေ၊ ကိုသိန်းတန်ဆီမှာ စုံစမ်းကြည့်တော့ ကိုအုန်းမြင့်ဟာ ကြေးမုံမှန်ကြီးကို အာမခံ အမြောက်အမြား ထားတယ်လို့ သိရတယ်၊ တကယ်တော့ ကိုအုန်းမြင့်ဟာ ရီးစာလုဖက်ပန်းချီဆရာကို သတ်ပြီး ကျုပ်တို့ စုံထောက်တွေ ပန်းချီဆရာကိုသံသယဖြစ်အောင် မသိမသာ ပြောခဲ့တယ်၊ အခန်းထဲမှာ ခြေရာတွေထင်အောင် လုပ်ခဲ့တာတောင် ပန်းချီဆရာ စီးတဲ့ ဖိနပ်နံပါတ် ၁၀ ကို ရှာဝယ်ပြီးပန်းချီဆရာလို့ ထင် မြင်အောင် လှည့်စားခဲ့တယ်၊ ကိုအုန်းမြင့်ရဲ့ ခြေထောက်ကအတော် သေးတာဗျ၊ သူနဲ့မတော်တဲ့ ဖိနပ်အကြီးကိုဝယ်စီးပြီး ပန်းချီဆရာရဲ့ ခြေရာလို့ ထင်အောင်ကြိုးစားခဲ့တယ်၊စုံထောက်တွေကို လှည့်စားပြီး ကြေးမုံမှန်ကို အာမခံထားတဲ့ ငွေတွေကို သူထုတ်ယူဖို့ ကြံစည်ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



စီဒီုင်ဒီ စုံထောက်ထဲမှာ လက်စောင်းထက်တဲ့ ကျုပ်လိုလူကိုတောင် တက်လိမ်တယ်ဆိုတော့ သူ့ကိုယ်သူတော့ အတော်ပိုင်နေပြီ ထင်ခဲ့ပုံရတယ်၊ ကိုအုန်းမြင့်က ကျုပ်တို့ နောက်တစ်ကြိမ်သူ့စာကြည့်ခန်းကို မဝင်တော့ဘူး ထင်မြင်လို့ ကြေးမုံမှန်ကြီးကို လျှို့ဝှက်ဗီရိုထဲမှာ ပြန်ပြီး ဖွက်ထားလိုက်တယ်၊ ဒါကိုကျုပ်က ရိပ်စားမိလို့ စာကြည့်ခန်းထဲက လျှို့ဝှက်ဗီရိုကြီးကို နောက်တစ်ကြိမ်ပြန်ဖွင့်တော့ ပျောက်ဆုံးနေတဲ့ မှန်ကြီးကိုတွေ့တာပဲဗျ၊ကျုပ်လည်း လူသတ်မှုနဲ့ ပတ်သက်ပြီးသူ့ကို ရှည်ရှည်ဝေးဝေး မစစ်ချင်တာနဲ့ ပန်းချီဆရာ မသေမီ တရားခံ နံမည် ရေးခဲ့တယ် ဆိုပြီး စာရွက်တစ်ရွက်ကို ပရိယာယ်ဆင်ပြီးပြလိုက်တော့ သူမညာနိုင်တော့ဘဲ ဝန်ခံလိုက်ရတယ်`` ဟုရှည်လျားစွာရှင်းလင်း ပြလေရာ ကျွန်ုပ်ကသက်ပြင်းချပြီး ``အကြံကတော့ တော်တော်ပိုင် တယ်ဗျာ၊ ရိုးစားလုဖက်ကို လုပ်ကြံပြီး ကြေးမုံမှန်နီးတဲ့ သူခိုးဖြစ်အောင် ပရိယာယ်ဆင်တယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် အနေနဲ့ အသေခံ



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီက ဆုငွေကိုထုတ်ပြီး အမြတ်ထုတ်ဖို့ ကြံတယ်၊ နောက်ပြီး သူကိုယ်သူ တော်တော် ပိရိတယ်ထင်ပြီး စီအိုင်ဒီရဲ့ အတော်ဆုံး စုံထောက် ကိုမင်းအောင်ကိုတောင် တက်ပြီး လှည့်စားခဲ့တယ်၊ နောက်ဆုံးတော့ သူ့ရှူးသူပတ်ပြီး ထောင်နန်းစံရပြီ၊ တော်ပါပေတယ် ကိုမင်းအောင်ရယ်..ကျုပ်တို့သာဆိုရင် လှည့်စားတာ ခံရမှာသေချာ တယ်၊ တရားခံကိုအုန်းမြင့် လူရွေးမှားတာဗျ ။စုံထောက်ကိုစိန်မြင့်တို့ ကိုတင်လှတို့လို ခပ်ညံ့ညံ့ စုံထောက်တွေကို သူရွေးရင်သူဒီလို ထောင် နန်းစံရမှာ မဟုတ်ဘူး``ဟုပြောလေရာ ဆားပုလင်းမင်းအောင်ကမူ မည်သည့် စကားကိုမျှ မဆိုတော့ဘဲ ငြိမ်သက်ပြီး လိုက်ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်သည် ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ် (၇)အသောကလမ်း နေအိမ်သို့ ရောက်ရှိသွားသောအခါ ဆားပုလင်းမင်းအောင်သည် ကြမ်းပြင်ပေါ်တွင် ပက်လက်လှန်ပြီး ဂျွန်ပလေးယား မှတ်ဆိတ် စီးကရက်ကို မီးခိုးထောင်းထောင်းထအောင် ဖွါရှိုက်ရင်း တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေလေ၏။ထိုအခါကျွန်ုပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်၏ လေးနက်သော အတွေးပျက်မှာ စိုးသဖြင့် ၄င်းကို မနှောက်ယှက်တော့ဘဲ အနီးတွင်ငြိမ်သက်စွာ ထိုင်ပြီးစောင့်နေလိုက်လေ၏။ အတန်ကြာသောအခါ ဆားပုလင်းမင်းအောင်က ကျွန်ပ်ဘက်သို့လှည့်ပြီး ``ပျင်းနေပြီလား၊ အိုင်ပီအလွန်အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုပေါ်နေလို့ လေးလေးနက်နက်စဉ်းစား နေတာပါ`` ဟု ပြောလေရာ ကျွန်ပ်က ``စဉ်းစားပါ ကိုမင်းအောင် ကျွန်တော်လာလို့ အနှောက်အယှက် ဖြစ်သွားလား``ဟုမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်ကသက်ပြင်းချပြီး ``မဖြစ်ပါဘူးဗျာ၊ကျွန်တော်စဉ်းစားနေတာလဲအဖြေထွက်ပြီးပါပြီ`` ဟုဆိုလိုက်ရာကျွန်ပ်ကကိုမင်းအောင်ကို ကြည့်လိုက်ပြီး ``ဘာတွေစဉ်းစားနေတာလဲ ကိုမင်းအောင် သိခွင့်မရှိဘူးလား``ဟုမေးမြန်းလိုက်ရာ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်လိုက်ပြီး ``ကျွန်တော် အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်`` ဟုဆိုလိုက်ရာ ကျွန်ပ်က ကိုမင်းအောင်၏ မျက်နှာကို အံ့သြဟန်ဖြင့်

www.burmeseclassic.com



ကြည့်လိုက်ပြီး ``ကိုမင်းအောင်လို သေမင်းမျက်စုံးမွေး ပေါ်မှာ စကြန်လျှောက်နေတဲ့ လူက အသက်အန္တရာယ်ဆိုတာ စကားလုပ်ပြောစရာလား ဗျာ`` ဟုဆို လိုက်ရာ ကိုမင်းအောင်က ဂျွန်ပလေးယားမှတ်ဆိတ် စီးကရက်ကို ဖွါ ရှိုက်လိုက်ပြီး``မတူဘူးအိုင်ပီ..ကျွန်တော့်ဘဝမှာအမြဲ အသက် အန္တရာယ်နဲ့ ရင်ဆိုင်နေရတာယ် ဆိုတာ ဟုတ်တယ် ဆိုပေမဲ့ ဒီ တစ်ကြိမ်ရင် ဆိုင်နေရတဲ့ အသက်အန္တရာယ်ကကြောက်ဖို့ကောင်းတယ်၊ ဘာကြောင့်လည်းဆိုတော့ အခု ရင်ဆိုင်ရမဲ့ လူတွေက ကျွန်တော် တစ် ယောက်တည်းကို ရန်ရှာမှာ မဟုတ်ဘူး၊ကျွန်တော့် အသက်ကိုမရရင် အင်းစိန်နီအိုင်ဒီက စုံထောက်တွေ အားလုံးကို ရန်ရှာဖို့ ရည်ရွယ်ထားပုံ ရတယ်`` ဟုပြောလေရာ ကျွန်ပ်က တုန်လှုပ်ချောက်ချား ဟန်ဖြင့် ကိုမင်းအောင်၏ မျက်နှာကို ကြည့်လိုက်ပြီး``တကယ်ပဲလားဗျာ၊ ဒီလူတွေ ဘယ်လိုလူတွေလဲ``ဟု မေးမြန်းလိုက်၏။ ဆားပုလင်း မင်းအောင်က ထိုင်ရာက ထလိုက်ပြီး`` မြွေဆိုး မြွေဟောက်တွေလို



www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးရန်စ ကြီးတဲ့ ယက္ခ ဂိုဏ်းသားတွေပေါ့ ဗျာ``ဟုပြောလိုက်လေ၏။

ကျွန်ုပ်သည် ယက္ခဂိုဏ်း၏ အမည်ကိုကြား သည်နှင့် ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားပြီး ထိုဂိုဏ်း၏ အကြောင်းကို ရှည်လျားစွာ တွေးတောနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ယက္ခဂိုဏ်း ဆိုသည်မှာ အင်းဂ၀ေတ်ကာပင် ပေါ်ပေါက်လာပြီး နံမည်

သတင်းကျော်ကြားခဲ့သော ဂိုဏ်းဖြစ်၏။ ယက္ခဂိုဏ်း တည်ထောင်သူမှာ

အင်းဂ၀ေတ် သူခိုးကြီးတောက်ပြား၏ ရောင်းရင်းကြီး ယက္ခဆိုသူဖြစ်၏။

ယက္ခသည် ငယ်စဉ်ပွဲကျောင်းသား ဘ၀ကပင် ကဗွီယကြီး ပြောပြသော

ပျောက်ဆုံးနေသော ရတနာသိုက်များ အကြောင်းကို လွန်စွာ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အင်းအိုင်ခါးလှည့်လက်ဖွဲ့မွန္တရားများကို အပတ်တကုတ် ကြိုးစားသင်ယူခဲ့သည်ဆို၏။ ၎င်း၏ ဆရာတော်ကြီး ကံတော်ကုန်သွားသောအခါ မွေးစားဖခင်ကပ္ပိယကြီးကို ခွင့်ပန်ပြီး မြန်မာပြည် အနှံ့လှည့်လည်ကာ ယက္ခဂိုဏ်းကိုတည်ထောင်ခဲ့သည်ဆို၏။ ယက္ခဂိုဏ်းသည် ယက္ခမက္ခယ် လွှန်မိက ကောင်းရာကောင်းကြောင်းအလုပ်များကိုလုပ်ကိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဂိုဏ်းချုပ်များ ကောင်းလျှင်ကောင်းသလို နံမည်ဆိုးအမျိုးမျိုးဖြင့် ကျော်ကြားခဲ့သည်ဆို၏။ ယက္ခဂိုဏ်း တည်ထောင်စဉ်ကာလ အင်းဂခေတ် နှောင်းပိုင်းတွင် ယက္ခဂိုဏ်းသည် ရတနာသိုက်များကို ရိုးသားစွာ လိုက်လံ ရှာဖွေသော်လည်း ကုန်းဘောင်ခေတ် အစောပိုင်း ကာလများတွင် ယက္ခ ဂိုဏ်းသည် နံမည်ဆိုးနှင့် ကျော်ကြားလာပြီး ရတနာသိုက်များကို ရှာဖွေရုံမကဘဲ အကြမ်းဖက်တိုက်ခိုက်သော အပြုအမူများကို မြင်တွေ့ရလေ၏။ အထူးသဖြင့် ယက္ခဂိုဏ်း၏ ဂိုဏ်းချုပ်စိတ် သဘောထားမှန်ကန်ဖြောင့်မတ်မှု အပေါ် မူတည်ပြီးယက္ခ



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်း၏ ကောင်းခြင်း မကောင်းခြင်း တို့ ပြောင်းလဲသွား၏။ဂိုဏ်း၏ ခေါင်းဆောင်သည် ဆိုးဝါးရက် စက်သူ တစ်ဦးဖြစ်သည် ဆိုလျှင်ပင် ယက္ခဂိုဏ်းသည် ဆိုးဝါး ရက်စက်ပြီးမြွေ ဆိုးမြွေဟောက်များကဲ့သို့ ရန်ငြိုးရန်စ ကြီးသော ဂိုဏ်းတစ်ဂိုဏ်း အဖြစ် သို့ပြောင်းလဲသွား၏။ ကျွန်ပ်က ဆားပုလင်းမင်းအောင်ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ``ကိုမင်းအောင်နဲ့ ယက္ခဂိုဏ်းနဲ့ ဘယ်လို ရန်ငြိုးရန်စ ကြီးသွားတာ လဲ``ဟုမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ် လိုက်ပြီး``ကြာပြီဗျ..လွန်ခဲ့တဲ့ ငါးနှစ်က ကျွန်တော် အိန္ဒိယပြည်မှာ ခဏပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်တာ အိုင်ပီ မှတ်မိမှာ ပေါ့`` ဟုပြောလေရာ ကျွန်ပ်က ခေါင်းညိတ်လိုက်ပြီး``ဟာ...မှတ်မိပါတယ် ကိုမင်းအောင်..ကိုမင်းအောင် စီအိုင်ဒီမှာမရှိတဲ့ အချိန်မှာ ကျွန်တော်တို့ တော်တော် ဒုက္ခရောက်သွားတယ်``ဟုပြောလိုက်လေ၏။ ဆားပုလင်း မင်းအောင်က ခေါင်းညိတ်ပြီး``ဟုတ်တယ် အဲဒီတုန်းက ဘုံဘေမြို့က



www.burmeseclassic.com

www.burmeseclassic.com



ညကလပ်တစ်ခုမှာ ကခြေသည် မိန်းကလေးတစ်ယောက် အသတ်ခံရတယ်။ ဒီမိန်းကလေး သေဆုံးမှုနဲ့ ပတ်သက်ပြီး မောင်သိခ်ဆိုတဲ့ မြန်မာလူငယ်တစ်ဦးကို ကျွန်တော် ဖမ်းဆီးခဲ့တယ်။တကယ်တော့ မောင်သိခ်ဟာ ချောမာလှပတဲ့ ကခြေသည် မိန်းကလေးကို အရှုံးအမှူး စွဲလန်းရာက ဒီ လူသတ်မှုကို ကျူးလွန်ဖြစ်သွားတာဗျ``ဟုဆိုလိုက်ရာ ကျွန်ပ်က သူ၏မျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်ရင်း``လူသတ်မှု နဲ့ပတ်သက်ပြီး တရားခံဖမ်း တာနဲ့ ယက္ခဂိုဏ်းက ကိုမင်းအောင်ကို ရန်ငြိုးရန်စ ထားတာဘာဆိုင်လို့လဲဗျာ``ဟုရေရွတ်လိုက်ရာ ကိုမင်းအောင်က ဂျွန်ပလေးယားမှတ်ဆိတ် စီးကရက်ကို ဖွါရှိုက်လိုက်ပြီး``ဆိုင်တာပေါ့ဗျာ၊ မောင်သိခ်ဟာဒီနေ့ ယက္ခဂိုဏ်းချုပ် ဖြစ်လာတဲ့ ဒေါ်မြို့ ရဲ့သားအရင်းဗျ၊ဒေါ်မြို့ဟာ သူ့သားကို ခေတ်မီအောင် ဆိုပြီး ကလက္ကတားထိအောင် ပညာသင်ယူစေခဲ့တယ်။ မောင်သိခ်ကတော့ မိဘ ရည်မှန်းချက်ကို နားမလည်ဘဲ ကလပ်တွေမှာပဲ အချိန်ဖြုန်းပြီး ရေသာခို အချောင်လိုက် နေခဲ့တယ်၊ယက္ခဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



ချုပ် ဒေါ်မြူဟာ မောင်သိမ်ကို အချစ်ပိုတယ်၊ ပိုဆိုးသွားတာက မောင်သိမ်ဟာ ကလကတ္တားအကျဉ်းထောင် မှာ ဝမ်းရောဂါနဲ့ သေဆုံး သွားတယ်၊ ဒီအချိန်ကစပြီး ဒေါ်မြူဟာ အမှန်ကို မမြင်နိုင်တော့ဘဲမောင်သိမ် အကျဉ်းထောင်ထဲမှာ သေဆုံးရတာ ကျုပ် ပယောဂကြောင့် ဆိုပြီး ကျုပ်ကို ရန်ငြိုးရန်စ ထားခဲ့တယ်။သူ ယက္ခဂိုဏ်း ချုပ်ဖြစ်တဲ့အခါ ကျွန်တော့် အသက်ကို မရရအောင် ပြန်ယူမယ်လို့လဲ ကြုံးဝါးခဲ့တယ်`` ဟုပြောလေရာ ကျွန်ုပ်က ဆားပုလင်းမင်းအောင်ကို ကြည့်ပြီး``အခု ယက္ခဂိုဏ်းက ဘယ်လိုရန်ငြိုးရန်စတွေ စတင်နေပြီလဲ``ဟုမေးမြန်းလေရာ ဆားပုလင်း မင်းအောင်က သက်ပြင်းချပြီး``ကျုပ်ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေ တစ်ယောက်က ယက္ခဂိုဏ်းရဲ့ သတင်းကို အတိအကျပေးတယ်၊ သူတို့ဟာ ကျုပ်ကို လက်စားချေဖို့ စတင် ကြိုးစားနေပြီ။ အလွယ်တကူ လက်စားချေလို့ မရရင် အင်းစိန်နီအိုင်ဒီ တစ်ခုလုံးကို သွေးချောင်းစီးအောင် လက်စားချေ တိုက်ခိုက်ဖို့ အစီအစဉ် ရှိတယ်၊ဒီလို လက်စားချေ တိုက်ခိုက်ရင် ကျုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အရင်းနှီးဆုံး မိတ်ဆွေတွေဖြစ်တဲ့ အိုင်ပီနဲ့ စုံထောက် ဦးပေါ်ဦးကြီးတို့ အရင်ဆုံး အန္တရာယ်နဲ့ကြုံတွေ့ရနိုင်တယ်``ဟုပြောလေရာဆားပုလင်းမင်းအောင်၏ စကားကြောင့် ကျွန်ုပ်သည်ပြီ တုန်လှုပ်ချောက်ချား သွားပြီး ``ဒါဆို ဘယ်လိုလုပ်ကြမလဲ ကိုမင်းအောင်``ဟုမေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ထိမထင်သောမျက်နှာဖြင့် အံကိုကြိတ်လိုက်ပြီး``မပူပါနဲ့ အိုင်ပီရယ်..ကျုပ်အတွက်နဲ့ အိုင်ပီ တို့ကို အထိ မခံပါဘူး၊ ဒီအတွက် အားလုံးစီစဉ်ထားပြီးသားပါ``ဟုပြောလေရာ ကျွန်ုပ်ကဆက်လက်ပြီး``ဘယ်လို စီစဉ်ထားတာလဲ အိုင်ပီ``ဟုမေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က``ကျွန်တော် စီအိုင်ဒီက ထွက်သွားမယ်၊ စီအိုင်ဒီနဲ့ ပေးပေးနေရင် အိုင်ပီတို့မှာ အန္တရာယ် မရှိနိုင်ပါဘူး``ဟုပြောလေရာ ကျွန်ုပ်က ဆားပုလင်းမင်းအောင်ကိုနားမလည်ဟန်ဖြင့် ကြည့်ပြီး ``ကိုမင်းအောင် စီအိုင်ဒီမှာ မရှိလို့မှ မဖြစ်တာ၊ ကိုမင်းအောင်က ဘယ်ကို ထွက်သွားမှာလဲ``ဟုမေးမြန်းလေ၏။ဆားပုလင်းမင်းအောင်က သက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းချပြီး``ခဏတော့ စီအိုင်ဒီနဲ့ ပေးရာကို ခွါသွားရမယ်၊ ဒါမှ အိုင်ပီတို့ အွန္တရယ် မကျရောက်မှာ၊ ယက္ခဂိုဏ်းက လူတွေနဲ့ ကျွန်တော် တိုက်ရိုက် ဖြေရှင်းပြီးတော့မှ စီအိုင်ဒီကို ပြန်လာခဲ့မယ်`ဟုပြောလေရာ ကျွန်ုပ်သည် ဆားပုလင်း မင်းအောင် တစ်ကိုယ်တည်း အွန္တရယ်တွင်းထဲသို့ သက်ဆင်း သွားမှာကို မကြည့်ရက်ဘဲ ဖြစ်သွားလေ၏။ ဆားပုလင်းမင်းအောင်နှင့် အတူ အွန္တရယ်တွင်းထဲသို့ လိုက်လံ ရင်ဆိုင်လိုစိတ်များ ဖြစ်ပေါ်လာ၏။ ဆားပုလင်းမင်းအောင် အနောက်သို့လိုက်လျှင် မည်သည့် အွန္တရယ်နှင့် ကြုံတွေ့စေကာမူ မကြောက်မရွံ့ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

ထိုကြောင့် လက်သီးဆုပ် လိုက်ပြီး``ကိုမင်းအောင်နဲ့ ကျုပ်လိုက်ပါရစေ၊ ကိုမင်းအောင်နဲ့ လိုက်ရင် ဘယ်လိုအွန္တရယ် မျိုးနဲ့ ကြုံကြုံ ရင်ဆိုင်ပါ့မယ်၊ ကျုပ်ကို လိုက်ခွင့်ပြုပါ ကိုမင်းအောင်``ဟုပြောလိုက်ရာ ကိုမင်းအောင် ကရားရားပါးပါး ပြုံးလိုက်ပြီး``အိုင်ပီ ဒီစကားမျိုးပြောမယ် ဆိုတာကျုပ် ကြိုတင်ပြီး တွက်ဆ ထားပြီးသားပါ၊ မိတ်ဆွေကောင်း စိတ်ဓါတ်ကိုသည်း



www.burmeseclassic.com

www.burmeseclassic.com



လေးစားပါတယ်၊ အိုင်ပီ လိုက်မယ်မှန်း သိလို ကြိုတင်ပြင်ဆင်ထားတယ်၊ ကျုပ်နောက်ကိုအိုင်ပီ လိုက်ရင်အွန္တရယ်နဲ့ ရင်ဆိုင်ရမှာ သေချာတယ်၊ ဟုပြောလေရာ ကျွန်ုပ်ကရင်ကိုကော့ပြီး ``အသက် အွန္တရယ်နဲ့တောင် ရင်ဆိုင်ရမယ် ဆိုတာကျုပ် ကြိုတင်ပြီး တွက်ဆထားပြီးသားပါ၊ ဒါပေမဲ့ ကိုမင်းအောင်နဲ့ဆို ဘယ်လိုအွန္တရယ်မျိုးကို မဆို ရင်ဆိုင်ဂံ့ပါတယ်။ ဟုပြောလေရာဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး ``ဒါဆိုရင်အိုင်ပီ ကျုပ်နောက်ကိုလိုက်ဖို့လက်ခံလိုက်ပါပြီ၊ ၊ ဒါပေမဲ့ ကျုပ်တို့သွားမဲ့ခရီးမှာ စုံထောက်ဦးပေါ်ဦးကြီးကို ခေါ်သွားလို့ မရဘူးနော်``ဟုပြောလိုက်ရာ ကျွန်ုပ်က မျက်မှောင်ကြုတ်လိုက်ပြီး ``ဘာဖြစ်လို့လဲ ကိုမင်းအောင်``ဟု မေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ``ဦးပေါ်ဦးကြီးက အိုင်ပီ လို လူပျိုလူလွတ် မဟုတ်ဘူးဗျ၊ နောက်ပြီး အိုင်ပီက နောင်တစ်နေ့မှာ စာရေးဆရာ လုပ်မဲ့လူ၊ အိုင်ပီကို ခေါ်သွားတာ အကျိုးမဲ့ မဖြစ်နိုင်ဘူး။ နောက်ပြီး စီအိုင်ဒီ မင်းကြီးကို ခွင့်ယူမဲ့ ကိစ္စကို ကျုပ်တာဝန်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ကျွန်ပ်က ကိုမင်းအောင် စကားကို သဘောပေါက်သွားပြီး ``ဒါဆိုရင်..ကျုပ်တို့ ထွက်သွားတာ ဦးပေါ်ဦးကြီး မသိစေရပါဘူး``ဟု ပြောလိုက်လေ၏။ထိုအခါ ကိုမင်းအောင်က ဆက်လက်ပြီး``ကောင်းပြီ ဒါဆိုရင် မနက်ဖြန် မနက် ဖနောရီတိတိ ကျွန်တော့်အိမ်ကို ရောက်အောင် လာခဲ့ပါ၊ ခရီးဆောင် အိတ်တွေ ဘာတွေ မယူလာနဲ့.အိုင်ပီ၊အိုင်ပီ စီးတဲ့ ကားကိုလဲ ယူမလာခဲ့နဲ့``ဟုပြောလေ၏။ ကိုမင်းအောင်က ခရီးထွက်ရန် ခရီးဆောင် အိတ်နှင့် ကားကိုမယူရန် မှာကြားခြင်းမှာ ထူးဆန်းနေလေ၏။ သို့သော် ကျွန်ပ်သည် ကိုမင်းအောင်၏ အရည်အချင်းကို အကြွင်းမဲ့ ယုံကြည်သူ တစ်ဦး ဖြစ်သဖြင့် ၎င်း၏ စကားကို စောဒက မတက်တော့ဘဲ အိမ်သို့ ပြန်လာပြီး ခရီးထွက်ရန် ပြင်ဆင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် နောက်တစ်နေ့ နံနက် ၆ နာရီ တိတိတွင် ကိုမင်းအောင် နေထိုင်ရာ အမှတ်(၇)အသောကလမ်း၊ကျောက်မြောင်း နေအိမ်သို့ ထွက်ခဲ့လေ၏။ အိမ်သို့ရောက်သောအခါ ခရီးထွက်ရန် အသင့် ဖြစ်နေသော ကိုမင်းအောင်ကို တွေ့ရလေ၏။ ကိုမင်းအောင်သည် သူ၏ထုံးစံအတိုင်း သားရေအိတ်ကြီးကို သိုင်းလွယ်ပြီး ဖရော ကုတ်အင်္ကျီတစ်ပတ်နွမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သက္ကလပ်ဘောင်းဘီတို့ကို ကပိုကရို ဝတ်ဆင်ထားလေ၏။ ဆားပုလင်းမင်းအောင်က ကားတစ်စီးကို ငှါးလိုက်ပြီး ဒရိုင်ဘာအား ကွမ်းခြံ ဘူတာကြီး သို့ မောင်းနှင်ခိုင်းလိုက်လေ၏။ ဘူတာကြီးသို့ မရောက်မီ လမ်းခရီး၌ ကိုမင်းအောင် က``ဘူတာမှာ ကျုပ်တို့ကို စောင့်ကြည့်နေတဲ့ ယက္ခဂိုဏ်းသားတွေ ရှိ နေနိုင်တယ်၊ အိုင်ပီကို ကျုပ်နဲ့ တပါတည်း ခေါ်သွားလို့ မရဘူး``ဟုပြောလေ၏။ ကျွန်ုပ်က ဆားပုလင်းမင်းအောင် စကားကြောင့် အံ့သြဟန်ဖြင့် ``ဟင်..ဒါဆိုရင် ကျုပ်က ကိုမင်းအောင်နဲ့ ဘယ်လို လိုက်ရ မှာလဲဗျ`` ဟုမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ``အိုင်ပီ ပဲခူးဘူတာကို မနက် ၉နာရီ လောက် ရောက်အောင်သွားပါ၊ ပဲခူးဘူတာမှာ ကျွန်တော် ကိုစောင့်နေပါ၊ ဘူတာကို ကျွန်တော် အရင် ရောက် လိမ့်မယ်`` ဟု ပြောလေ၏။ ကွမ်းခြံဘူတာကြီးသို့ရောက်သောအခါ ကျွန်ုပ်တို့ ဘူတာထဲသို့ ဝင်ခဲ့လေ၏။ ဘူတာထဲတွင် ရထားထွက်ကာ နီးနေသဖြင့် လူအများ ပြည့်ကြပ်နေလေ၏။ဆားပုလင်းမင်းအောင်က လူများ



www.burmeseclassic.com

www.burmeseclassic.com


ကို မျက်လုံး တစ်ချက်ဝေ့ကြည့်ပြီး လျှောက်လှမ်း သွားလေ၏။ တစ်နေ ရာသို့ ရောက်သောအခါ ကိုမင်းအောင်က ရပ်တန့်လိုက်ပြီး ကျွန်ုပ် ဘက် သို့လှည့်ကာ``ကျုပ် ထင်တဲ့အတိုင်း ဘူတာထဲမှာ ကျုပ်ကို စောင့်ကြည့် နေတဲ့ ယက္ခဂိုဏ်းသားတွေ ရှိနေတယ်၊ကျုပ်တို့ ဘူတာထဲ ဝင်ဝင်ချင်း ကျုပ်ကို စောင့်ကြည့်နေတဲ့ လူနှစ်ယောက် ရှိတယ်၊ ဒီဘက်ဘူတာ အဆ နောက်ဘက် စကြံနမှာ တစ်ယောက်၊ သံလမ်းကို မျက်နှာမူ ထားတာ တစ်ယောက်``ဟုပြောလေ၏။ထိုအခါ ကျွန်ုပ်က ကိုမင်းအောင်ကို အံ့သြ ဟန်ဖြင့် ကြည့်ပြီး``ယက္ခဂိုဏ်းသားတွေကို ကိုမင်းအောင်ဘယ်လိုရိပ်မိ တာလဲဟု မေးမြန်းလိုက်လေရာ ဆားပုလင်းမင်းအောင်က``ဒီလူတွေမှာ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ဖို့ အမှတ်အသား တစ်ခု လုပ် ထားတယ်ဗျ၊ သူတို့ အားလုံးရဲ့အကျီအိတ်ထဲမှာ အပြာရောင် ဖေါင်တိန် ကိုယ်စီ ထိုးထားကြတယ်``ဟုပြောလေရာ ကျွန်ုပ်က``ဘူတာမှာ ရှိတဲ့ လူစုလူဝေးထဲမှာ အပြာရောင်ဖောင်တိန် ထိုးထားတဲ့ လူတွေကို ခင်ဗျား


www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရွေးထုတ်တာလဲ၊ကျုပ် အမြင်ကတော့ ကိုမင်းအောင်ဟာ လူစု

လူဝေးထဲကို မျက်လုံး တစ်ချက်ဝေ့ကြည့်လိုက်တာပဲ တွေ့တယ်``ဟု

အံ့ဩပြဟန်ဖြင့် မေးမြန်းလေ၏။ ထိုအခါ ကိုမင်းအောင်က``လူစုလူဝေး

ထဲကို မျက်လုံးဝေ့ကြည့် လိုက်ရုံနဲ့ လူတွေကို တချက်တည်း ကျုပ်အာရုံ

ထဲမှာ စွဲထင်အောင် မှတ်လိုက်နိုင်တယ်၊ ဒီလို မှတ်မိနိုင်အောင် လေ့ကျင့်

ထားရတယ် အိုင်ပီ၊လူစုလူဝေး ဘယ်လောက်များများ ကျုပ် အာရုံထဲမှာ

သူတို့အားလုံးကို ဓါတ်ပုံရိုက်သလို စွဲထင် သွားအောင် မှတ်နိုင်တယ်၊ ဒါ

ကြောင့် သူတို့အားလုံးထဲမှာ ဘာတွေထူးခြားသလဲ တူညီတဲ့ဝတ်စား ဆင်

ယင် ပုံတွေ ဘယ်သူတွေ ရှိလဲဆိုတာ ကျုပ်တပြိုင်တည်း မှတ်နိုင်တယ်၊

ဒီအခါမှာ သူတို့ အားလုံးရဲ့အိတ်ကပ်တွေထဲမှာ အပြာရောင် ဖောင်တိန်

တစ်ချောင်း စိတ်ထိုးထားတာ သတိပြုမိခဲ့တယ်`` ဟုပြောလေ၏။ ထိုအခါ

ကျွန်ုပ်က သက်ပြင်းချပြီး`` ဒါမျိုးကို ကိုမင်းအောင်လို မှတ်ဉာဏ်ကောင်း

တဲ့ လူမျိုးပဲ လုပ်နိုင်မယ် ထင်တယ်၊ ကျုပ်တို့ဆိုရင် ဘယ်လိုမျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေ့နဲ့ လူ့အများကြီးရဲ့ ဂုဏ်တားဆင်ရင်ပုံကို မှတ်မိမယ် မထင်ဘူး``

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ကျွန်ုပ်၏ ပခုံးကို ပုတ်လိုက်ပြီး

``အိုင်ပီ သွားပေတော့၊သူတို့အားလုံးရဲ့ အမြင်မှာ အိုင်ပီကျုပ်ကို လိုက်

ပို့တယ်လို့ မြင်လိမ့်မယ်၊ ကျုပ်တို့ ပဲခူးဘူတာမှာ ပြန်ဆုံကြမယ်၊အိုင်ပီ

ဘူတာရှေ့က အငှါးကားတစ်စီးကို ရန်ကုန်မြို့ထဲကို ငှါးသွားပါ၊ မြို့ထဲ

ကိုရောက်မှ အိုင်ပီ ပဲခူးကို ကားတစ်စီး ပြန်ငှါး သွားပါ၊ယက္ခ ဂိုဏ်းသား

တွေ အိုင်ပီ နောက်ကို နောက်ယောင်ခံ လိုက်မှာစိုးလို့ပါ``ဟုပြောရင်း

ကျွန်ုပ်ကို ဘူတာမှ ပြန်နိုင်းလိုက်လေ၏။ ကျွန်ုပ်က``ကိုမင်းအောင်ကို

ကြည့်လိုက်ပြီး``ဂရုစိုက်ပါ ကိုမင်းအောင်၊ ကျုပ်သွားတော့မယ်``ဟုဆို

ကာ ကွမ်းခြံဘူတာကြီးရှိ အငှါးကားတစ်စီးကို ဒရိုင်ဘာတစ်ဦးကို ခေါ်ပြီး

ရန်ကုန်မြို့ထဲသို့ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ထဲသို့ ရောက်သောအခါ မှပင် ကားတစ်စီးကို ပဲခူးသို့ ငှါးပြီး ခရီးဆက်ခဲ့လေ၏။ ပဲခူး ဘူတာသို့ မနက် ၉ နာရီ ဝန်းကျင် ရောက်ရှိသွားလေ၏။ ကျွန်ုပ်သည် ပဲခူးဘူတာရှေ့သို့ ရောက်သောအခါ အငှါးကားကို ပြန်လွှတ် ပြီး ဘူတာရှေ့ ကာကာဆိုင်တွင် ထိုင်ရင်း မေးမြန်းကြည့်ရာ ရန်ကုန်မှ အဆန်ရထား မဝင်လာသေးကြောင်းသိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်သည် ကာကာ ဆိုင်တွင် ထိုင်ပြီး ရထားကို စောင့်မျှော်လေရာ ခဏအကြာတွင် ရထား ဘူတာသို့ ဝင်လာ၏။ ကျွန်ပ်သည် ဘူတာသို့ ရထားဝင်လာသဖြင့် ဆိုင်ထဲမှထပြီး လူများကို လှမ်းမျှော်ကြည့်လေ၏။ ထိုအခါ ဘူတာထဲမှ ခရီးသည်များ ထွက်လာသော်လည်း ဆားပုလင်း မင်းအောင်ကို မတွေ့ရချေ။ ကျွန်ပ်သည်ဆားပုလင်းမင်းအောင်ကိုမမြင် ရသဖြင့် မျက်မှောင်ကြုတ်ပြီး ကိုမင်းအောင်များ အွန္တရယ်နှင့် ကြုံနေ လေသလားဟု တွေးမိလေ၏။ ထိုအခိုက်မှာပင် ကျွန်ပ်၏ အနီးသို့ တောင်းကြီးတစ်လုံးကို ထမ်းပြီး ပုဆိုးအကွက်တုံးကြီး ဝတ်ထားသော တောသား တစ်ဦး ချည်းကပ်လာပြီး ``ဘာတွေ ငေးနေတာလဲဒိုင်ပီ၊ ကျုပ် ရောက်နေပြီလေ`` ဟုပြောလေရာ ကျွန်ပ်သည် တောသားကို သေချာစွာ ကြည့်လိုက်လေ၏။ ထိုအခါ တောသား၏ ခေါင်းပေါင်း အောက်မှ ကိုမင်းအောင်၏ စူးရှသော မျက်လုံးများကို သတိရလိုက်ပြီး ``ဟင်..ကိုမင်းအောင်လား...ရုပ်ဖျက်တာအလွန် ပိုင် လိုက်တာဗျာ၊



www.burmeseclassic.com

www.burmeseclassic.com


တကယ့် တောသား တစ်ယောက်လိုပဲ``ဟုချီးမွမ်းခန်းဖွင့်လိုက်လေ၏။ ထိုအခါ ကျေးတောသားအဖြစ် ရုပ်ဖျက်ထားသော ကိုမင်းအောင်က က``ချီးမွမ်းခန်း ဖွင့်မနေနဲ့ အိုင်ဝီ..ကျုပ်တို့ ဒီနေရာက မြန်မြန်ထွက်ဖို့ လိုတယ်၊ ကြာရင် ကျုပ်တို့ကို ယက္ခဂိုဏ်းသားတွေ နောက်ယောင်ခံ မိသွားမယ်၊ ကျုပ် ဟိုမှာ မြင်းလှည်းငှါးထားတယ်``ဟုဆိုကာ သစ်ပင်ရိပ်၌ ရပ်နားထားသော မြင်းလှည်းကို ပြလေ၏။ ထိုအခါ ကျွန်ုပ်လည်း ၄င်း၏ အနောက်က လိုက်ပြီး မြင်းလှည်းပေါ်သို့ တက်လေရာ ကိုမင်းအောင်က မြင်းလှည်းဆရာကို အဝေးပြေးလမ်းမဆီသို့ မောင်းနှင် ခိုင်းလိုက်လေ၏။ ခဏကြာလျှင် အဝေးပြေး လမ်းမ တစ်နေရာတွင် ကိုမင်းအောင်က မြင်းလှည်းကို ရပ်ခိုင်းလိုက်လေ၏။ ကိုမင်းအောင်သည် မြင်းလှည်းပေါ်မှ ဆင်းပြီးသောအခါ ကုတ်အကျီနှင့် ဘောင်းဘီကို တောင်းထဲမှ ထုတ်ပြီး မူလအတိုင်း ပြန်လည် ဝတ်ဆင်လိုက်လေ၏။ ပင်နီအကျီနှင့် ပုဆိုးကွက်တုံးကြီးကို အများသူငါ ဝတ်ဆင်နိုင်ရန် ပံသကူ အဖြစ်ထားရှိခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုနောက် ကျွန်ုပ်တို့ နှစ်ဦးသည် ရှမ်းပြည် ဘက်သို့ တက်မည့် အဝေး ပြေး ကားကြီး တစ်စီးပေါ်သို့ တက်လိုက်ပြီး ခရီးဆက်ခဲ့လေ၏။ လမ်းခရီး ၌ ကျွန်ုပ်က ကိုမင်းအောင်ဘက်သို့ လှည့်ပြီး ``မေးပါရစေဦးဗျာ ရထား ပေါ်မှာ ယက္ခဂိုဏ်သားတွေကိုဘယ်လို မျက်ခြေပြတ် ခဲ့တာလဲ`` ဟုမေး မြန်းလေ၏။ ကိုမင်းအောင်ကခေါင်းညိတ်ပြီး ``ဒါမခက်ပါဘူးဗျာ.. ရန်ကုန် ဘူတာကြီးပလက်ဖောင်းပေါ်မှာ ကတည်းက ကျွန်တော့်ကို ယက္ခ ဂိုဏ်း


www.burmeseclassic.com

www.burmeseclassic.com



က မျက်ခြေမပြတ်ကြည့်နေတာဗျ။ ရထား တစ်စီးလုံး ယက္ခဂိုဏ်းသား ခြေခြင်းလိမ်နေတယ်၊ ရန်ကုန်ဘူတာကြီးက ရထားထွက်တာနဲ့ သူတို့ ကျုပ် နောက်ကို နောက်ယောင်ခံ လိုက်ခဲ့ကြတယ်၊ ကံကောင်းတာကသူ တို့ အားလုံး ကျုပ်နဲ့ တစ်တွဲတွဲအတူ ရှိမနေကြဘူး၊ ဘူတာတစ်ခုကိုရထား ဆိုက်ရင် ယက္ခဂိုဏ်းသားတွေကျုပ် ရှိတဲ့တွဲကိုမသိမသာလာပြီးအကဲခတ် ကြတယ်၊ ပဲခူးဘူတာကို ရထား ဆိုက်ကာနီးတာနဲ့ ကျုပ်က ကြိုတင်စီစဉ် ထားတဲ့အတိုင်း သူတို့ အလစ်အငိုက်မှာ ရထားအိမ်သာထဲကို နေရာဝင် ယူလိုက်ပြီး ဟောဒီ ပင်နီအကျီနဲ့ ပုဆိုးကွက်တုံးကြီးကို ပြောင်းဝတ်လိုက် တယ်။ ပဲခူး ဘူတာကိုရထားဆိုက်တော့ ဘူတာထဲက ပင်နီအကျီနဲ့ ပုဆိုး ကွက်တုံးကြီး ဝတ်ထားတဲ့ တောသားတစ်ယောက်ကတောင်းကြီးတစ်လုံး ကို ထမ်းပြီး ဒေညိသည်ကြိုသံလိုလိုနဲ့ ရထားပေါ်က ဆင်းလာတဲ့ လူအုပ်နဲ့ ရောပြီး တွဲပေါ်ကို တက်လာခဲ့တယ်၊ နောက်ပြီး ကျုပ်တို့ ကြိုတင် အချိန်း အချက် လုပ်ထားတဲ့ အတိုင်း အိမ်သာထဲကို ရောက်တာနဲ့ ကျုပ်ဝတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို တောင်းကြီး ထိုးထည့်လိုက်ပြီး ကျုပ်က တောင်းကြီးကို ပိုက်ပြီး အိမ်သာထဲက ဟန်မပျက် ထွက်လာခဲ့တယ်ဗျ၊ ကျုပ်ကို စောင့်ကြည့်နေတဲ့လူတွေဟာ ပဲခူးဘုတာကိုရောက်တာနဲ့ ကျုပ်ရှိတဲ့တွဲကိုကမန်းကတန်း ဆင်းကြည့်ကြတယ်၊ကျုပ်က သူတို့ နံဘေးကပဲ တိုးဖေ့ပြီး ရထားပေါ်က ဆင်းခဲ့တာဗျ၊ ကျုပ်လက်ထဲက တောင်းနဲ့ ပင်နီအကျီ ပုဆိုးကွက်တုံးကြီးရယ်ကြောင့် တောသားတစ်ယောက်လို့ ထင်ပြီး ယက္ခဂိုဏ်းသားတွေဂရုမစိုက်မိကြဘူး``ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်ကသဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး ``ပိုင်တယ်ဗျာ၊ ယက္ခဂိုဏ်းသားတွေတော့ အပွဲပွဲနွှဲလာခဲ့သမျှ ကိုမင်းအောင်နဲ့မှကောင်းကောင်းခံလိုက်ရပြီ၊ ဒါနဲ့နေပါဦးဗျာ ပဲခူး ဘူတာမှာ ရထားပေါ်တက်လာတဲ့ ပုဆိုးကွက်တုံးနဲ့ တောသားလိုလူက ဘယ်သူလဲဗျ`ဟုမေးမြန်းလိုက်ရာ ကိုမင်းအောင်က``ပဲခူး ဂါတ်က ပုလိပ် ကလေး တစ်ယောက်ပါဗျာ၊ ဒီကောင်လေးကအရပ်အမောင်း မဆိုးဘူးဗျ၊ ကျုပ်နဲ့ကိုယ်လုံးကိုယ်ပေါက်တော်တော်တူတယ်``ဟုပြောလေ၏



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်ကကိုမင်းအောင်ကိုကြည့်ပြီး``ကိုမင်းအောင် အရာရာကို ကြိုတင် ကြံစည်ထားတာပဲနော်``ဟုပြောလိုက်ရာ ကိုမင်းအောင်ကခေါင်းညိတ်ပြီး ယက္ခဂိုဏ်းသား တွေကို လျော့တွက်လို့ မရဘူးဗျ၊ သူတို့ကနှစ်ပေါင်းရာချီ ကတည်းက ပေါ်ပေါက်လာတဲ့ဂိုဏ်း၊အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေ အများ ကြီး ရှိတယ်``ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



``ကျုပ်တို့ ရှမ်းပြည်တောင်ပိုင်း တစ်နေရာကို သွားကြမယ် အိုင်ပီ``ဟုဆိုသဖြင့် ကျွန်ုပ်က မျက်မှောင်ကြုတ်ပြီး``ရှမ်းပြည်ဘက်မှာ ကိုမင်းအောင် အသိအကျွမ်း ရှိသလား``ဟုမေးမြန်းလိုက်ရာ ဆားပုလင်း မင်းအောင်က ခေါင်းညိတ်ပြီး``ရှိတယ်ဗျ၊ ကျုပ်တို့ နေဖို့ နေစရာ တစ်ခု စီစဉ် ထားတယ်၊ ကျုပ် မိတ်ဆွေ စိုင်းလုံ ဆိုတဲ့ မုဆိုးကြီး တစ်ယောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊သူက နေဖို့ထိုင်ဖို့ အားလုံး လုပ်ထားပြီးပြီ``ဟုပြောလေ၏။

ထိုအခါမှပင် ခရီး လမ်းအတွက် ကိုမင်းအောင် အစစအရာရာ ကြိုတင် စီစဥ်ထားကြောင်း ရိပ်စားမိလေ၏။

ကျွန်ုပ်တို့ လိုက်ပါသည့် ကားကြီးသည် ပျဥ်းမနား၌ ရပ်နားပြီး ကုန်များကို တင်ပြန်၏။ ကားကြီးကုန်တင်နေစဥ် ကျွန်ုပ်တို့ နှစ်ဦးသည် ထမင်းဆိုင်သို့ သွားပြီး ထမင်းစားသောက်ကြလေ၏။ ကျွန်ုပ်တို့ ထမင်းစားပြီးနောက် ခရီးဆက် ခဲ့ပြန်၏။ ထိုသို့ ခရီးဆက်ပြီး မိတ္ထီလာ၌ ကားအိပ် ရပ်နားမည် ဆိုသဖြင့် ကျွန်ုပ်နှင့်ကိုမင်းအောင်သည် မနီးမဝေး ရှိ ဘုန်းကြီးကျောင်း ဇရပ် တစ်ခုတွင် သွားရောက် တည်းခိုကြလေ၏။ ဘုန်းကြီးကျောင်း ဇရပ် ၌ တည်းခိုရင်း ကျွန်ုပ်က ကိုမင်းအောင်ကို ကြည့်ပြီး``ကျုပ်တို့ယက္ခ ဂိုဏ်းသားတွေ လက်က လွတ်အောင် ပြေးနေတာလား``ဟု မေးမြန်း လိုက်ရာ ဆားပုလင်းမင်းအောင်က``မပြေးပါဘူး အိုင်ဝီ..ကျုပ်ရန်သူတွေ ကိုလှည့်စားချင်တာ သက်သက်ပါ``ဟုပြောလေရာ ကျွန်ုပ်ကမျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကြုံတတ်လိုက်ပြီး ``လှည့်စားချင်တယ်..ဟုတ်လား``ဟုရေရွတ်လိုက်၏။ ဆားပုလင်းမင်းအောင်က ``အိုင်ပီ နားမရှင်းဘူးနဲ့ တူတယ်၊ ဒီလိုဗျ.. ယက္ခဂိုဏ်းသားတွေ မျက်စိအောက်က ကျုပ်ထွက်ပြေးတာက သူတို့ကို ကြောက်လို့မဟုတ်ဘူး၊ သူတို့ကို ရင်မဆိုင်နိုင်စရာ အကြောင်းမရှိဘူး၊ ဒါပေမဲ့ ယုတ်မာတဲ့ ရန်သူဟာ ပုလိပ်မင်းကြီး အပါအဝင် အိုင်ပီတို့ကိုပါ ရန်ရှာတော့မယ် ဆိုတော့ သူတို့နဲ့ ထိပ်တိုက် ရင်ဆိုင်ဖို့ မဖြစ်ဘူး၊ကျုပ် ဒါကြောင့် ရန်ကုန်မြို့က ထွက်ခွါရတာပဲ၊ ဒါပေမဲ့ စီအိုင်ဒီကို ထိမှာစိုးလို့ ရန်ကုန်က ရှောင်သွားတာ သူတို့ မသိစေချင်ဘူး၊ ဒီလိုသိရင် ကျုပ်တို့ အားနည်းချက်ကို သိပြီး စီအိုင်ဒီကို ရန်ရှာမယ်``ဟုပြောလေရာ ကျွန်ုပ် က ကိုမင်းအောင်၏ ဆိုလိုရင်းကို သဘောပေါက်သွားပြီး ``ဒါကြောင့် ကိုမင်းအောင်က သူတို့ ရှေ့က ထွက် ပြေးသယောင် ပုံ ဖမ်းခဲ့တာပေါ့`` ဟုပြောလေရာကိုမင်းအောင်က ခေါင်းညိတ်ပြီး ``သိပ်ဟုတ်တာပေါ့ အိုင်ပီရယ်၊ ဒီကောင်တွေနဲ့ ကျုပ် မကြာမီမှာ ထိပ် တိုက်တွေ့တော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


နောက်နေ့ ခရီးဆက်ရဦးမယ်၊ အိုင်ပီ အနားယူ ပေတော့``ဟုဆိုကာ ကျွန်ုပ်ကို အိပ်စက် နိုင်းလိုက်လေ၏။ ကိုမင်းအောင်ကမူ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားပြီး မအိပ်စက်နိုင်သေးဘဲ ရှိလေ၏။


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ ရောက်သောအခါ ကျွန်ုပ်တို့သည် နံနက်စောစော

ထွက်ပြီး ကုန်ကားကြီးနှင့် ခရီးဆက်ခဲ့လေ၏။ လမ်းခရီး၌ ကားဆရာ နှစ်

ဦးနှင့်အတူ နေ့လယ်စာ စားသောက်ပြီး အချိန်တွင် ရှမ်းပြည်တောင်

ပိုင်း မြို့ကလေးသို့ ရောက်ရှိခဲ့လေ၏။ ထိုမြို့ကလေးသည် အလွန် လှပ

ပြီး ရာသီဥတု ကောင်းမွန်သဖြင့် ဗြိတိသျှ တို့ ရုံးစိုက်ရာ မြို့ကလေး ဖြစ်





www.burmeseclassic.com

www.burmeseclassic.com



၏။ ဆားပုလင်းမင်းအောင်က ``ဒီ မြို့ကလေးဟာ တောင်တွေ ဝိုင်းရံထားလို့ ရာသီဥတု အလွန်ကောင်းမွန်ပြီး နေထိုင်လို့ ကောင်းတယ်၊ ကျုပ်တို့ နိုင်ငံ ကို ရောက်နေတဲ့ ဗြိတိသျှတွေ အကြိုက်ပေါ့ဗျာ'' ဟုဆိုကာ ရှေ့မှ ဦးဆောင်ပြီး မြို့တစ်နေရာရှိ ကုန်းမြင့်ကြီးပေါ်သို့ တက်လေ၏။ ကုန်းမြင့်ပေါ်တွင် သစ်လုံးအိမ်လေးတစ်လုံးရှိလေ၏။ ဆားပုလင်းမင်းအောင်က ထို သစ်လုံးအိမ်လေး ကို လက်ညှိုးညွှန်ပြပြီး ``ကျုပ်တို့နေရမဲ့ အိမ်လေး'' ဟုဆိုကာသစ်လုံးအိမ်၏ တံခါးကို ဖွင့်လိုက်လေ၏ ။ထိုအခါ သစ်လုံး အိမ်ထဲတွင် ဖုံမှုန့်များ ကင်းစင်နေပြီး သန့်ရှင်းသပ်ရပ်နေသဖြင့် ကျွန်ုပ်က အံ့ဩဟန်ဖြင့် ဆားပုလင်းမင်းအောင်ကို ကြည့် လိုက်ပြီး ``အိမ်လေးက လူနေထိုင်သလို သန့်ရှင်းသပ်ရပ်နေတာပဲနော်၊ ကိုမင်းအောင်'' ဟုဆိုလိုက်၏။ ကိုမင်းအောင်က ``ကျုပ်မိတ်ဆွေ မုဆိုးကြီး စိုင်းလုံမနေ့ညအထိ ဒီသစ်လုံးအိမ်လေးထဲမှာ ရှိသေးတယ်၊ သူက ကျုပ်တို့ရက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ဖို့အတွက်လိုလေသေးမရှိအောင်စီစဉ်ထားတယ်``ဟုဆိုကာ ကြောင်အိမ်ငယ်လေးကို ဖွင့်ကြည့်လိုက်သောအခါ အသားခြောက် ဂျက်အူချောင်းနှင့် အသားဘူး၊ငါးဘူးများ၊ ကော်ဖီမှုန့်၊နို့ဆီ၊ဘီစကစ် စသည့်စားသောက်ဖွယ်ရာများကို စုံစုံလင်လင်တွေ့ရ၏။ ကျွန်ုပ်က ကိုမင်းအောင်၏ နှုတ်စပ်ပုံကို စိတ်ထဲမှ ကြိတ်ချီးမွမ်း လိုက်ပြီး ``ကိုမင်းအောင် အစစအရာရာ စီစဉ် ထားတာပဲ၊ မုဆိုးကြီး စိုင်းလုံ ဘယ်ရောက်နေတာလဲ``ဟုမေးမြန်းလိုက်လေ၏။ကိုမင်းအောင်က ``မုဆိုးကြီး စိုင်းလုံ ဒီနေရာမှာ မရှိတော့ဘူး၊ သူ့ကိုဒီနေရာကခဏ ရှောင်ခိုင်းထားရတယ်``ဟုပြောလေ၏။ ထိုနောက်တွင်မှုကျွန်ုပ်နှင့် ကိုမင်းအောင်သည် အိမ်ကလေး၏ ပတ်ဝန်းကျင်ကိုလှည့်လည်ကြည့် ရှုလေ၏။ အိမ်လေးသည် တောင်ပေါ်တွင် တည်ရှိသောကြောင့် ပတ်ဝန်းကျင် ရှုခင်းများကို ကောင်းမွန်စွာ မြင်တွေ့ရလေ၏။ကျွန်ုပ်သည် သာယာလှပသော တောင်ပေါ် ရှုခင်းများ ကို ကြည့်ပြီး စိတ်ကူးယဉ်မိ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုစဉ်က ကျွန်ပ်သည် အိမ်ထောင်မကျသေးသော လူပျိုတစ်ဦး ဖြစ်သဖြင့် တစ်နေ့နေ့တွင် ကျွန်ပ်၏ မဟေသီ ဒေဂီကလေးနှင့် ထိုအရပ်၌ လာရောက်ပြီး ချစ်တုံတင် ရလျှင် မည်မျှကြည်နူးဖွယ် ဖြစ်မည်နည်းဟူပင် ဖြစ်၏။ ကျွန်ပ်၏ မျက်နှာရိပ် မျက်နှာကဲကို မြင်တွေ့သွားသောအခါ ကိုမင်းအောင်က ``ဘယ်လိုလဲ အိုင်ပီ၊ မဟေသီဒေဂီလေး ရလာရင် ဒီအရပ်မှာ လာပြီး နှစ်ကိုယ်တူ ချစ်ရည်လူးရင် ကောင်းမယ် ဆိုပြီး စိတ်ကူးယဉ်နေတယ်ပေါ့`` ဟုဆိုလိုက်ရာ ကျွန်ပ် ရင်ထဲရှိ အတွေးကို ဖောက်ထွင်း မြင်နိုင်သော ကိုမင်းအောင် ၏ စွမ်းရည် ကို မချီးကျူးဘဲ မနေနိုင်တော့ချေ။ ကျွန်ပ်က ကိုမင်းအောင်ကို အထင်ကြီးဟန်ဖြင့် ကြည့်ပြီး`` ဘယ်လို တွေးမိတာလဲ ကိုမင်းအောင်`` ဟုမေးမြန်းလေ၏။ဆားပုလင်းမင်းအောင်ကစီးကရက်ကို ဖွါလိုက်ရင်း ``ဒါ မခက်ပါဘူး အိုင်ပီရယ်၊ အိုင်ပီဟာတောင်ပေါ်ရှုခင်းတွေကို မြင်ပြီး သဘောတွေ့နေဟန် ရှိနေရာကတစ်စုံတစ်ရာကို တွေးမိဟန်နဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်ကြည်နူးသွားတာ မြင်တွေ့ရတယ်၊ ဒါဟာ ချစ်ခြင်း မေတ္တာနဲ့ ပတ်သက်လို့ စိတ်ကူးယဉ် နေတယ်လို့ ယူဆမိတယ်``ဟုပြောလေရာ ကျွန်ုပ်ကခေါင်းညိတ်ပြီး``တော်ပါပေတယ်၊ ကိုမင်းအောင် ကျုပ် ရင်ထဲကို ကွက်တိ မြင်လိုက်တာပါပဲ၊ နောက်ဆိုရင် ကိုမင်းအောင်ရှေ့မှာ စိတ်ကူးယဉ် ဖို့တောင် ရှက်နေပြီ``ဟုပြောလိုက်လေ၏။ကိုမင်းအောင်က သဘောကျဟန်ဖြင့် ရယ်မောနေလေ၏။ ထိုနောက်တွင်မှ ကျွန်ုပ်တို့သည် ညနေစောင်းနေသဖြင့် အိမ်လေးအနီးရှိ ရေတွင်းငယ်လေး၌ ရေကိုလျှင်မြန်စွာ ချိုးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ရေချိုးပြီးနောက် သစ်လုံးအိမ်ထဲသို့ ပြန်ရောက်သောအခါ ကိုမင်းအောင်က ကျွန်ုပ်ကို အိတ်တစ်လုံးကမ်းပေးလိုက်ပြီး ``အိတ်ထဲမှာ အိုင်ပီကိုယ်တိုင်းအတိအကျနဲ့ ဘောင်းဘီ၊ အကျီနဲ့ ကုတ်အကျီတွေ ရှိပါတယ်``ဟုဆိုလိုက်ရာ ကိုမင်းအောင်၏ ကြိုတင်ပြင်ဆင်မှုများကို ကျွန်ုပ် မအံ့သြဘဲ မနေနိုင်တော့ချေ၊ထိုကြောင့် ကျွန်ုပ်က ``ဒီ အဝတ်အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုမင်းအောင် အချိန်တိုတိုလေးအတွင်းမှာ ဘယ်လို စီမံလိုက်တာလဲ ဗျာ``ဟုမေးမြန်းလေရာ ကိုမင်းအောင်က``ကျုပ်အတွက် အရာရာကို ကြိုတင်ပြင်ဆင်ဖို့ အချိန်တွေ ရခဲ့ပါတယ်၊ ကျုပ် စီအိုင်ဒီက ထွက်ခွါမယ် ဆိုတာအိုင်ပီမသိခင်ကတည်းက အိုင်ပီဂတ်ဖို့ အဂတ်အထည် တွေကို ကျုပ် ကြိုတင်စီစဉ်ပြီး သစ်လုံးအိမ်ကို ပို့ ထားပြီးသားဗျ၊အိုင်ပီဟာ ကျုပ် နောက်ကို မရမကလိုက်ပြီး အွန္တရယ်ကို ရင်ဆိုင်မဲ့ မိတ်ဆွေကောင်း ဆို တာ ကျုပ်ကြိုတင်သိပါတယ်၊စီအိုင်ဒီက ခွင့်မဲ့ ပျက်ကွက် လို့လဲ စိတ်မပူနဲ့ အိုင်ပီ၊ဒီခရီးကို မင်းကြီးဆီမှ အစစအရာရာ ကြိုတင်ပြီး စီစဉ်ထားပြီးသား ဟုပြောလေ၏။ ညစာကို ငါးသေတ္တာဘူး ဖောက်ပြီး ပေါင်မုန့်ဖြင့် တို့ပြီး စားသောက်ကြလေ၏။ ညစာ စားပြီးနောက် ကိုမင်း အောင်က``ကျုပ်တို့ တောင်ပေါ်မှာ ခဏ ရှောင်ပုန်းနေတာ ယက္ခဂိုဏ်း ကို ငါးစာ ပြထားတဲ့ သဘောပဲဗျ၊ ယက္ခဂိုဏ်းသား တွေကို လျော့တွက်လို့ မရဘူးဗျ၊ သူတို့တွေ ကျုပ်တို့ကို မကြာမီ နောက်ယောင်ခံ မိသွားမှာပဲ``



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ ကျွန်ပ်သည် စိတ်လှုပ်ရှားသွားပြီး``ဒါဆိုရင်၊ကျုပ်တို့ တိုက်ပွဲ ဆင်ရတော့ မှာပေါ့``ဟုဆိုလိုက်ရာ ကိုမင်းအောင်က ခေါင်း ညိတ်ပြီး``ဟုတ်တယ်၊ တိုက်ပွဲ ဆင်ရမှာ သေချာတယ်၊ ယက္ခ ဝိဂ်ျားဟာ ခြေတန်လက်တန် အလွန်ရှည်တယ်ဗျ၊ ဒီကောင်တွေကိုတနည်းနည်းနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာပဲ``ဟုပြောပြီး အိပ်စက်ရန် အခန်းထဲသို့ ဝင်သွား လေ၏။ နောက်တစ်နေ့သို့ ရောက်သောအခါကိုမင်းအောင်သည် အိပ် ယာဝေဝေ နိုးနေပြီး အိမ်ရှေ့ မြေကွက်လပ်ကလေး၌ သိုင်းလေ့ကျင့် ရင်းကိုယ်လက် လှုပ်ရှား လေ့ကျင့်ခန်း ပြုလုပ်နေလေ၏။ ကျွန်ပ်ကမူ ချမ်းချမ်းစီးစီး ထဲတွင် ကိုယ်လုပ်လှုပ်ရှားရန် အလွန် ပျင်းရိသူ ဖြစ်သဖြင့် ကိုမင်းအောင်နှင့် အတူ ကိုယ်လက်လှုပ်ရှား မပြုလုပ်ဘဲ သစ်လုံးအိမ်ထဲ သို့ ပြန်ဝင်ကာ စောင်ခြုံပြီး ပြန်အိပ်ရန် ပြင်ဆင်လေ၏။ ခဏကြာလျှင် ကိုမင်းအောင်သည် အိမ်လေးထဲသို့ ချွေးတစိုစိုဖြင့် ပြန်ဝင်လာပြီးမနက် စာအတွက် ပြင်ဆင်လေ၏။ ထိုအခါမှပင် ကျွန်ပ်သည် စောင်ခြုံ၍ထွေးနေ



www.burmeseclassic.com

www.burmeseclassic.com


ရာမှ ထရပ်လိုက်ပြီး ကိုမင်းအောင်ကို ကူညီ လုပ်ကိုင် ပေးလေ၏။

ကျွန်ုပ်တို့သည် နံနက်စာ ဆန်ပြုတ်ကို အသားခြောက်၊ ဂက်ပေါင်ခြောက်၊ မုန့်ညှင်း တို့ဖြင့် စားသောက်ကြလေ၏။ ထိုသို့ စားသောက်ပြီးနောက် ကျွန်ုပ်နှင့် ကိုမင်းအောင်သည် မြို့ကလေး၏ ဈေးထဲတွင် လှည့်လည် ကြည့်ရှုလေရာ ဈေးကလေးသည် မြို့ကလေးနှင့် မလိုက်အောင်အလွန် စည်ကားကြောင်း တွေ့ရ၏။ ကျွန်ုပ်တို့သည် မြို့ကလေးဝန်းကျင်ရှိ ဘုရားပုထိုးများနှင့် လည်ပတ်စရာ နေရာများကို သွားပြီး လည်ပတ်၏။ အပန်း ဖြေ ခရီးထွက်သကဲ့သို့ အပြုံမ့်စား နေထိုင်နေလေ၏။


www.burmeseclassic.com

www.burmeseclassic.com



တစ်ညသည်၌ ကျွန်ုပ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ပြတင်း ပေါက်မှ တစ်စုံ တစ်ဦး ဝင်ရောက်လာသဖြင့် အိပ်ယာမှ လန့်နိုးသွားပြီး ခေါင်းဦး အောက်မှ သေနတ်ကို ကမန်းကတန်း ထုတ်ချိန်လိုက်၏။ ထိုအခါ ပြတင်း ပေါက်မှ ဝင်ရောက်လာသူထံမှ ``မကြောက်ပါနဲ့ အိုင်ပီ၊ ကျွန်တော်ပါ`` ဟု သော အသံကို ကြားလိုက်ရ၏။ ထိုအသံမှာဆားပုလင်းမင်းအောင်၏



www.burmeseclassic.com

www.burmeseclassic.com


အသံပင်ဖြစ်သဖြင့် ရင်အေးသွားပြီး ``မထိတ်သာ မလန့်သာ ကိုမင်းအောင် ရေယ်၊ ညကြီးမင်းကြီး ပြတင်းပေါက်က ခုန်ဝင်လာတော့ ရုတ်တရက် ကျုပ် တို့ရန်သူ ယက္ခဂိုဏ်းသား တွေလားလို့ ရင်ထိတ်သွား တာဗျ``ဟုပြော လိုက်လေ၏။ ဆားပုလင်းမင်းအောင်က``ဒီလိုပါဗျာ၊ ညဘက်အိပ်မပျော် တာနဲ့ ခေါင်မိုးပေါ်ကို ခဏတက်ပြီး နက္ခတ်တာရာ တွေ ကို ကြည့်နေမိတယ်၊ ဒီလိုကြည့်နေရင်းနဲ့ ဟိုးအဝေးတနေရာက တောင်အောက်မှာ မီးတုတ် အလင်းရောင်တွေ တွေ့လို့ ကျုပ်လဲ စပ်စု ချင်တာနဲ့ သွားကြည့် ဖြစ်တယ်၊ အိုင်ပီကိုတော့ အိပ်ရေးပျက်မှာ စိုးလို့ မနှိုးတော့ဘူး၊ မီးရောင် က တောင်အောက်က ဇရပ်ပျက်ကြီးက ထွက် နေတာဗျ၊ ကျုပ်လဲ ဇရပ် ပျက်အနီးကို တိတ်တဆိတ် ချဉ်းကပ် သွား တော့ ဇရပ်ပျက်ပေါ်မှာ မသင်္ကာဖွယ်ရာ လူတစ်စုကို တွေ့ရတယ်ဗျ၊ ဒီလူတွေဟာ ညအချိန် တိတ်တဆိတ် ဇရပ်ပေါ်မှာ ချိန်းတွေ့တယ်ဆို တော့ မသင်္ကာစရာကောင်း တာအမှန်ပဲ၊ ကျုပ်လဲ ဇရပ်ပျက် အနီးကို


www.burmeseclassic.com

www.burmeseclassic.com



ချည်းကာပြီး သူတို့ကို အကဲခတ်ကြည့်တော့ သူတို့က စုစုပေါင်း လူခ ယောက်ဗျ၊ သူတို့ရဲ့ ရုပ်ဆင်း သဏ္ဌာန်ကို ကြည့်ရတာ လူဆိုးလူသွမ်း တွေရဲ့ အမူအယာပဲဗျ၊ သူတို့ ဟာစောနန္ဒာဆိုတဲ့ မိန်းမတစ်ယောက်ကို ခြိမ်းခြောက် အကြပ်ကိုင်ပြီး ပျူခေတ်က နတ်ရုပ်တစ်ရုပ်ကိုတောင်းယူဖို့ ကြံစည် နေတာဗျ`` ဟု ပြောလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်လိုက် ပြီး``မိန်းမတစ်ယောက်ဆီကနတ်ရုပ်တစ်ရုပ်ကိုလိုချင်တာများ လူအစု အဝေးနဲ့ ညဘက် ဇရပ်ပေါ်မှာ တိတ်တဆိတ် တိုင်ပင်ကြသလားဗျ`` ဟုမေးမြန်းလိုက်၏။ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``သူတို့ လူစုဟာ လက်နက်အပြည့်အစုံနဲ့ဗျ၊ စောနန္ဒာဆီက နတ်ရုပ်ကိုလုယက်ဖို့ ပြင်ဆင် နေတယ်``ဟု ပြောလေရာ ကျွန်ုပ်က အံ့သြဟန်ဖြင့်``ဒါဆို စောနန္ဒာ ဆိုတဲ့ မိန်းမဟာ ခေသူ တစ်ယောက်မဟုတ်ဘူးပေါ့``ဟုမေးလိုက်၏။ ကိုမင်းအောင်က မျက်မှောင်ကြုတ်ပြီး အဝေးဆီသို့ ငေးကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com


``ဟုတ်တယ်၊စောနန္ဒာဟာ အစောင့်အရှောက် အပြည့်အစုံနဲ့နေထိုင်တဲ့ မိန်းမ တစ်ယောက် ဆိုပဲ၊ စောနန္ဒာရဲ့ ဖခင်ဟာ ရှမ်းစော်ဘွား တစ်ယောက်ရဲ့ အနွယ်တော် တစ်ယောက်ဗျ၊ လူဆိုးတွေဟာ စောနန္ဒာဆီ က နတ်ရုပ်ကို မရဘူးဆိုရင် လက်နက်အင်အား လူအင်အား အပြည့်အစုံ နဲ့ တိုက်ခိုက် သိမ်းပိုက်ကြလိမ့်မယ်``ဟုပြောလေရာ ကျွန်ပ်သည်မိန်းမ တစ်ယောက်ကို ဝိုင်းဝန်းအနိုင်ကျင့်သည့် လုပ်ရပ်အတွက် မခံချိမခံသာဖြစ်သွားပြီး``မိန်းမတစ်ယောက်ကို ဒီလို မတရားလုပ်တာ ကျုပ်တို့လက်ပိုက်ကြည့်နေမှာလား ကိုမင်းအောင်``ဟုဆိုလိုက်၏။ ထိုနောက်တွင်မှ ဆားပုလင်းမင်းအောင်ကသက်ပြင်းချပြီး``ကျုပ်တို့ လက်ပိုက်ကြည့် နေရင် ရာဇဝင် ရိုင်းသွားမှာပေါ့ဗျာ၊ စောနန္ဒာဘက်က ကျုပ်တို့ ဝင်ပါရမှာပေါ့ ဟုဆိုလိုက်ရာ ကျွန်ုပ်က``ဒါဆို စောနန္ဒာက ဘယ်မှာနေတာလဲ``ဟု မေးမြန်းလိုက်၏။ကိုမင်းအောင်က``စောနန္ဒာက မြို့စွန်က မြိုင်သာယာဆိုတဲ့ ခြံကြီးမှာနေတယ်၊ လူဆိုးတွေရဲ့ အပြောအရတော့ စောနန္ဒာ ဆီမှာ


www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်ရဲ့ အဆက်အနွယ် ရှမ်းလူမျိုး အစောင့်အရှောက်တွေ ရှိတယ် လို့ သိရတယ်၊ဒါပေမဲ့ လူဆိုးအဖွဲ့မှာ လက်နက်ခဲယမ်း အပြည့်အစုံ ရှိနေတော့ စောနန္ဒာတို့ အဖွဲ့ အနေနဲ့ ဘယ်လိုမှ တောင့်ခံနိုင်မယ် မထင်ဘူး``ဟုရေ ရွတ်လေ၏။ကျွန်ုပ်က မျက်မှောင်ကြုတ်ပြီး ``ဒါဆိုရင် မဟာမြိုင်ခြံကြီးကို လူဆိုးတွေက ဘယ်အချိန် သွားမှာလဲ`` ဟုမေးမြန်း၏။ ကိုမင်းအောင်က ``လာမဲ့စနေနေ့လို့ ပြောတာကြားတယ်၊ဒီလူတွေ ကြည့်ရတာ ရက်စက် ကြမ်းကြုတ်ပုံရတယ်``ဟုပြောလေရာ ကျွန်ုပ်က ``စောနန္ဒာကို ကျုပ်တို့ ဘယ်လို ဆက်သွယ်မလဲ``ဟုမေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ``ဒီနေ့ညနေပဲ စောနန္ဒာကို ဆက်သွယ်ဖို့ ကြိုးစားကြတာပေါ့``ဟုပြော လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေသို့ ရောက်သောအခါ ကျွန်ုပ်တို့ စုံထောက်ကျော် နှစ်ဦးသည် မြို့စွန်၌နေထိုင်သော စောနန္ဒာ၏ မဟာမြိုင်ခြံကြီးသို့ ထွက်ခဲ့လေ၏။ စောနန္ဒာ၏ ခြံကြီးသည် မြို့စွန်ဘက်တွင် ရှိပြီး အိမ်ကြီးကို အုတ်တံတိုင်း မြင့်မြင့်ကြီးဖြင့် ကာရံထားကြောင်း တွေ့ရလေ၏။ ကျွန်ုပ်နှင့် ဆားပုလင်း မင်းအောင်သည် ခြံတံခါးကြီး ရှေ့တွင် ရပ်လိုက်ပြီး တံခါးကိုတဒုန်းဒုန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါက်လိုက်သောအခါ ရှမ်းဘောင်းဘီဝတ် လူတစ်ဦးထွက်လာပြီး ``ဘာကိစ္စ ရှိလို့လဲ``ဟုမေးမြန်းလေ၏။ထိုအခါ ကိုမင်းအောင်က ``ကျုပ်တို့က စောနန္ဒာ့အကျိုးအတွက် လာခဲ့တာပါ၊ စောနန္ဒာ ကျုပ်တို့ကို လက်ခံတွေ့ဆုံမယ်ဆိုရင် အများကြီး အကျိုးရှိလိမ့်မယ် လို့ ပြောလိုက်ပါ``ဟုပြောလိုက်ရာ ရှမ်းဘောင်းဘီဝတ်လူက မျက်မှောင် ကြုတ်လိုက်ပြီး``ခဏစောင့် ကျုပ် သွားပြောကြည့်မယ်``ဟုကာ အိမ် ရှိရာသို့ ပြန်လည် လျှောက်လှမ်းသွားလေ၏။ခဏကြာလျှင် ရှမ်းဘောင်း ဘီဝတ် လူနှင့်အတူ လူသုံးဦး ထပ်မံ လိုက်ပါလာပြီး ခြံတံခါးကြီးကို ဖွင့် လေ၏။ ထိုသူများ၏ လက်ထဲတွင် တုတ်ခါးလုံ့ကဲသို့ လက်နက်များ ပါရှိ ပြီး ရှမ်းဘောင်းဘီဝတ် လူ၏ လက်ထဲတွင် တစ်လုံးထိုး သေနတ်တစ် လက်ကို ကိုင်ဆောင်ထားကြောင်း တွေ့ရလေ၏။ ကျွန်ုပ်တို့သည်ထိုသူ များ၏ ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားပြီး အိမ်ကြီး၏ ဧည့်ခန်းထဲ သို့ လိုက်ပါသွားလေ၏။ စောနန္ဒာ၏ လူများသည် ကျွန်ုပ်တို့ကိုဖေသိုကြည်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် မျက်လုံး ဒေါက်ထောက် ကြည့်ရှုနေလေ၏။ ကျွန်ုပ်တို့ အိမ်ကြီး၏ ဧည့်ခန်း၌ ထိုင်လိုက်ပြီးနောက် ခဏအကြာတွင် အပေါ်ထပ်မှ ချော မောလှပသော မိန်းမတစ်ဦး ဆင်းလာပြီး ကျွန်ုပ်တို့ အရှေ့တွင် ဝင်ထိုင်လေ၏။ ဆားပုလင်းမင်းအောင်က မိန်းမလှကို ကြည့်ပြီး ``ကျွန်တော်က အင်းစိန် စီအိုင်ဒီက စုံထောက် ဆားပုလင်းမင်းအောင်ပါ၊ ဒီ နံဘေးက ပုဂ္ဂိုလ်က စုံထောက်အရာရှိ ကိုအောင်ဒင် ပါ``ဟုပြောလေရာ မိန်းမလှ က အသိအမှတ် ပြုဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး``ကျွန်မကတော့ စောနန္ဒာပါ၊ ဆားပုလင်းမင်းအောင် ဆိုတဲ့ နံမည်ကိုတော့ ကြားဖူးတာ ကြာပါပြီ၊ ကျွန်မဆီကို စုံထောက် အရာရှိမင်းတွေ လာရတဲ့ အကြောင်း အမိန့်ရှိပါ``ဟုယဉ်ယဉ်လေးနှင့် လိုရင်းအကြောင်းကို မေးမြန်း၏။ ဆားပုလင်းမင်းအောင်ကသူမနှင့် ပတ်သက်သောသတင်းကို ပြောသင့် မပြောသင့်အနီးရှိ လူများကို ငဲ့စောင်းကြည့်လိုက်ရာ စောနန္ဒာက ``ယုံကြည်စိတ်ချပြီး ပြောနိုင်ပါတယ် ကိုမင်းအောင် ဒီလူတွေကကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သစ္စာရှိ လူယုံတွေပါ``ဟုပြောလေ၏။ ထိုအခါ ကိုမင်းအောင်က သူမနှင့် ပတ်သက်သော လျှို့ဝှက်သတင်းကို မကွယ်မှက်တော့ဘဲ လွန်ခဲ့သောညကဇရပ်ပျက်ကြီးတွင် ကြုံတွေ့ခဲ့သောလူဆိုးလူသွမ်းများ အကြောင်းကို ပြောပြလိုက်လေ၏။ကိုမင်းအောင်၏ စကားဆုံးသည်နှင့် စောနန္ဒာ၏ မျက်နှာကွက်ခနဲ ပျက်သွားလေ၏။ ကျန်သောလူများလည်း လူပ်လူပ်ရှားရှား ဖြစ်သွားလေ၏။ စောနန္ဒာက ကိုမင်းအောင်ကို ကြည့်ပြီး ``ရှင် ပြောတဲ့ လူတွေက ကျွန်မအဖေ ပိုင်ဆိုင်တဲ့ ပျူစော်လက်ရာ နတ်ရုပ်ကလေးကို လိုချင်နေတဲ့ အောင်ဒင် တို့ လူဆိုးဓားပြတွေပဲ`` ဟုပြောလေရာဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်ပြီး

``သူတို့ လူအင်အား ငယောက် ရှိပြီး အနည်းဆုံး ခြောက်လုံးပြူး၊ ရိုင်ဖယ်လို လက်နက်မျိုး ငါးလက်လောက် ပိုင်ဆိုင်တယ်``

ဟုပြောလေ၏။ စောနန္ဒာက ခေါင်း ညိတ်ပြီး ``ဟုတ်တယ်၊သူတို့က ဓားပြတစ်ပိုင်း ချစ်တီး တစ်ပိုင်း လုပ်တဲ့သူတွေပဲ၊ ချစ်တီးကုလားတွေ



www.burmeseclassic.com

www.burmeseclassic.com



အကူအညီနဲ့ အပေါင်ခံ ငွေတိုး ချေးစားတဲ့ အလုပ်တွေကို မိုက်မိုက်ရိုင်းရိုင်း လုပ်တတ်တယ်`` ဟုပြောလေ၏။ကိုမင်းအောင်ကသက်ပြင်းချပြီး``စောနန္ဒာ သူတို့ကိုဘယ်လိုသိနေတာလဲ`` ဟုမေးမြန်းလေ၏။

စောနန္ဒာက``ကျွန်မဘဝ နောက်ကြောင်းကို အရင်ပြောပြပါ့မယ်၊ ကျွန်မဘဝအကြောင်း မသိနားမလည်သူတွေက စော်ဘွါးအနွယ်တော်လို့ ထင်ကြတယ်၊အဖေဟာ စော်ဘွါးကြီးရဲ့ အနွယ်တော် အရင်းအခြာထဲ မဟုတ်ဘူး၊ ဒါပေမဲ့ စော်ဘွါးကြီးဟာ အဖေ့အပေါ်မှာ အကြွေးရှိ လို့ ကျွန်မတို့ကိုဟော်နန်းမှာ ခေါ်မွေးစားထား တယ်၊ အကြွေးဆိုတာ စော်ဘွါးကြီးကအမဲလိုက် ဝါသနာပါတော့ တစ်နေ့ အမဲလိုက်ရင်းတောထဲမှာ ကျားဆိုးနဲ့ ထိပ်တိုက်တွေ့ပြီး သေနတ်မီး မပေါက်ဘဲဖြစ်နေချိန်မှာ ကျွန်မအဖေ က ဓါးတစ်ချောင်းနဲ့ ကျားကို ဝင်ခုတ်ပြီး စော်ဘွါးရဲ့ အသက်ကို ကယ်တင်ခဲ့တယ်၊ ဒီအချိန်ကစပြီး စော်ဘွါး ကအဖေ့ကို ဟော်နန်းမှာခေါ်ပြီး ကျေးဇူးပြုထားတယ်၊ အဖေနဲ့အတူ ကျွန်မကိုလည်း အတူတူ ခေါ်ထားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့အဖေကဲပော်နန်းမှာနေတာ ငြိုးငွေလို့ စော်ဘွါးကြီးဆီက ခွင့်တောင်းပြီး ပော်နန်းက ထွက်ခွါဖို့ ကြိုးစားတယ်၊ စော်ဘွါးကြီးဟာ အဖေ့ကို ဘယ်လိုမှ တားဆီးလို့ မရ တဲ့အဆုံးမှာ အဖေ့ကို ရင်းနှီးစားဖို့ ငွေနဲ့ ပျူခေတ် ပတ်ဂန်းကျင်လောက် က ရှေးကျတဲ့နတ်ရုပ်လေးတစ်ရုပ် လက်ဆောင်ပေး လိုက်တယ်၊ ဒီ နတ် ရုပ်လေးဟာ အလွန် ရှေးကျတဲ့ ပျူခေတ်လောက်က လက်ရာဆိုတော့ ရှေးဟောင်းပစ္စည်းတရပ်အနေနဲ့ တော်တော်တန်ဘိုး ရှိတယ်၊ စော်ဘွါးကြီးက အဖေ့ကို ပေးလိုက်တဲ့ ပျူခေတ်နတ်ရုပ်လေး အကြောင်းကို ဓားပြ ခေါင်းဆောင် အောင်ဒင် သိနေခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ အောင်ဒင်ဟာ ပော်နန်းမှာ မြင်းထိန်းအဖြစ် လုပ်ကိုင်ခဲ့ဖူးတယ်``သူဟာလွန်ခဲ့တဲ့ ကစ်နှစ်ဂန်းကျင် လောက်က မမျှော်လင့်ဘဲ ကျွန်မတို့ ဆီကို ရောက်လာပြီး နတ်ရုပ် ကလေးကို တစ်ဖက်လှည့်ပြီး တောင်းတယ်၊ ကျွန်မက နတ်ရုပ်လေးကို ဘယ်လိုမှ မပေးတဲ့အတွက် ကျွန်မကို စဉ်းစားပါဦးလို့ တစ်နှစ် ပြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာမယ်လို့ အချိန်းသတ်ပြီး ပြန်ထွက်သွားခဲ့တယ်၊ အဲဒီတုန်း သူဟာ အနုနည်း နဲ့ ကျွန်မကို ခြိမ်းခြောက်သွားတာပဲ`` ဟုပြောလေ၏။ ဆားပုလင်းမင်းအောင် က``စောနန္ဒာကို စီအိုင်ဒီ စုံထောက် တစ်ယောက် အနေနဲ့ ကျွန်တော် အကူအညီ ပေးပါ့မယ်`` ဟုပြောလေ၏။ စောနန္ဒာက ကျေးဇူးတင်ဟန်ဖြင့် ခေါင်းညိတ်ပြီး ``နိုင်ငံကျော် ဆားပုလင်းမင်းအောင် ကိုယ်တိုင် ကျွန်မကိစ္စမှာ ကိုယ်ထိ လက်ရောက် ကူညီပေးရင်တော့ အောင်ခင်တို့ကို ကျွန်မ ရင်ဆိုင် ရဲပါပြီ ..ကိုမင်းအောင် ကူညီပေးတာ ကျွန်မ လက်ခံပါတယ်`` ဟုပြောလေရာ အနီးတွင် ရပ်နေသောရုမ်းဘောင်းဘီဂတ်လူက ``အစော..သူတို့က စီအိုင်ဒီက စုံထောက်ဆိုတာ ကျုပ်တို့မှာ ဘယ်လို အထောက်အထား မှ မရှိဘူး၊ သူတို့က ဒုစရိုက်သမား မသမာသူတွေ ဆိုရင် ကျုပ်တို့ ဘယ်လို လုပ်မလဲ`` ဟုဂင်ရောက်ပြောဆိုလေ၏။ ကိုမင်းအောင်က အနီးရှိ ရှမ်း ဘောင်းဘီဂတ်လူကို ငဲ့စောင်းကြည့်ပြီး အိတ်ထဲရှိ စီအိုင်ဒီ စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



ကဒ်ပြားကို ထုတ်ပြလိုက်၏။ သို့သော် ရှမ်းဘောင်းဘီဝတ်လူကလက်မခံ ခေါင်းခါယမ်းပြီး``ဒီကဒ်ပြားကို လက်မခံနိုင်ဘူး။ဆားပုလင်း မင်းအောင် ဆိုတာ အရည်အချင်း ရှိတဲ့ လူတစ်ယောက်ပဲ၊ အဲဒီ အရည် အချင်းကို ထုတ်ပြနိုင်ရင်တော့``ဟုဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က သူ၏ စကားမဆုံးမီ ထိုသူ၏ဘောင်းဘီ ခါးကြားတွင် အဆင်သင့်ထိုးထားသော ဓားမြှောင်ကိုဆတ်ခနဲ ထုတ်ယူလိုက်ပြီး နံရံရှိ ပြက္ခဒိန်ကို လှမ်းပစ်လိုက် ရာ ပြက္ခဒိန်၏ ၈ ဂဏန်းနေရာတွင် စိုက်ဝင်သွားပြီး စောနန္ဒာ၏ လူများ လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။ ကိုမင်းအောင်က ပြက္ခဒိန်ကို လှည့်မကြည့် ဘဲ``ဒီနေ့ ရက်နေ့ဆိုတာ သေချာပါတယ်နော်`ဟုဆိုလိုက်ရာ ကျွန်ုပ် တို့အားလုံး ကိုမင်းအောင်၏ အရည်အချင်းကို မချီးကျူးဘဲ မနေနိုင်တော့ ချေ။ ရှမ်းဘောင်းဘီဝတ်လူက`` ဓား ပေါက်စွမ်းရည်က လက်ဖျားခါ လောက်ပါတယ်၊ဒါပေမဲ့ လက်ရုံးရည်လဲ သိချင်သေးတယ်``ဟုဆိုကာ



www.burmeseclassic.com

www.burmeseclassic.com


အိမ်ရှေ့ ဆင်ဝင်ဘက်သို့ ရှေ့မှ ဦးဆောင် ထွက်သွားလေ၏။ ပြီးနောက်ဆင်ဝင်အောက်တွင် အသင့်ရှိသောတုတ်ရှည်တစ်ချောင်းကို ၎င်းကိုယ် တိုင်ယူကာ တစ်ချောင်းကို ကိုမင်းအောင်ဘက်သို့ လှမ်းပစ်ပေးလိုက်၏။ ကိုမင်းအောင်က တုတ်ကို ဖမ်းယူလိုက်သောအခါ ရှမ်းဘောင်းဘီဝတ်လူက ``ကျုပ်နံမည် စိုင်းဝီလို့ခေါ်တယ်၊ ရှင်းရှင်းပြောရရင်ကျုပ်က တုတ်သိုင်း သိပ်ကျွမ်းတယ်၊ ကျုပ်ဆရာကသိုင်းပြောင်းပြန် ဆရာကြီး ဦးကြာ တဲ့၊ ဒီနေ့အထိ ကျုပ် လက်ထဲက တုတ်ကို လွတ်ကျအောင် တုတ်ချင်း ယှဉ်ရိုက်နိုင်တဲ့သူ မပေါ်သေးဘူး၊ ကျုပ်ကသာသူများတုတ်တွေကိုလွတ်ကျအောင် ရိုက်နိုင်ခဲ့တယ်၊ ဒါပေမဲ့ စီအိုင်ဒီက နံမည်ကျော်စုံဖထောက်တစ်ယောက် ဖြစ်နေတဲ့ လူစွန့်စားဆားပုလင်းမင်းအောင်ဟာ သိုင်းတတ်တဲ့ လူတစ်ယောက်ဆိုတော့ ကျုပ်လက်ထဲက တုတ်ကိုလွတ်ကျအောင် ရိုက်နိုင်မယ် ထင်ပါတယ်`` ဟုဆိုကာ လက်ထဲရှိတုတ်ရှည်ကို မွှတ်နေအောင်လှည့်ကစားလိုက်ပြီး ကိုမင်းအောင်ကို


www.burmeseclassic.com

www.burmeseclassic.com


စိန်ခေါ် လိုက်လေ၏။ ထိုသူ၏ တုတ်သိုင်းကစားဟန်ပုံ ကျွမ်းကျင်လှ၏။ သူ၏ တုတ်ချောင်းသည် လေထဲတွင်တဂီဂီမြည်ပြီးလည်ပတ်နေလေရာ ကိုမင်းအောင် အတွက်ကိုပင် စိုးရိမ်သွားမိ၏။

ကြည့်ရှုနေသူအပေါင်းသည် စိုင်းပီဆိုသူ၏ တုတ်သိုင်းကို ဆားပုလင်းမင်းအောင် မည်သို့မျှ မယှဉ်နိုင်ဟု ယူဆထားဟန်ဖြင့် လက်ပိုက်ကြည့်နေကြ၏။ ကိုမင်းအောင်ကမူ ပျင်းရိပျင်းနွဲ့ဟန်ဖြင့် တဂီဂီ မြည်နေသော တုတ်သိုင်းကစားဟန်ကို ငေးကြည့်နေပြီး လက်ထဲရှိ တုတ်ကို ``အိုင်ပီ၊ ခဏကိုင်ထားဗျာ``ဟုဆိုပြီး ကျွန်ုပ်လက်သို့ ထိုးထည့်ကာ တုတ်သိုင်းကစားနေသော စိုင်းပီထံသို့ လျှင်မြန်စွာတိုးဝင်သွားပြီး စိုင်းပီ လက်ထဲရှိ တုတ်ကို လုယူလိုက်လေ၏။ တဂီဂီ မြည်အောင် လည်ပတ်နေသောတုတ်ကို ကိုမင်းအောင် မည်သို့ မည်ပုံ လုယူလိုက်သည် မသိ..ကိုမင်းအောင် လက်ထဲသို့ စိုင်းပီ၏ တုတ်ရှည် ရောက်ရှိသွားလေ၏။စိုင်းပီကိုယ်တိုင်သူ အင်မတန် ကျွမ်းကျင် ပိုင်နိုင်စွာကစားနေသော တုတ်ရှည်ကိုဆားပုလင်း


www.burmeseclassic.com

www.burmeseclassic.com


မင်းအောင် လုယူသွားသဖြင့် ပါးစပ်အဟောင်းသား ဖြစ်ပြီး မယုံနိုင်ဟန် ဖြင့် ကြည့်ရှုနေလေ၏။ ကြည့်ရှုနေသူ အပေါင်းလည်း မထင်မှတ်ထား သော အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသဖြင့် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားလေ၏။ စိုင်းပိကတုတ်ချောင်းကိုကိုင်ပြီး အေးဆေးစွာရပ်ကြည့် နေသော ကိုမင်းအောင်ကို ကြည့်ပြီး အထစ်ထစ် အငေါ့ငေါ့ဖြင့် ``ဘယ်လို ယူလိုက်တာလဲဗျာ``ဟုမေးမြန်းလိုက်လေ၏။ကိုမင်းအောင် က သက်ပြင်းချပြီး``ခင်ဗျားရဲ့ တုတ်သိုင်းကောင်းပါတယ်ဗျာ၊ဒါပေမဲ့ အားနည်းချက်ဆိုတာ ဘယ်နေရမှာ မဆိုရှိတယ်၊ ကျုပ်က အားနည်းချက် ကို ရှာလို့ တွေ့လိုက်တယ်``ဟုပြောလေရာ စိုင်းပိက မျက်မှောင်ကြုတ် ပြီး``ကျုပ်ရဲ့ အားနည်းချက်ကို သူများတွေ မတွေ့နိုင်ဘူး၊ ခင်ဗျားက ဘယ်ကြောင့်တွေ့တာလဲ``ဟုမေးမြန်းလေ၏။ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး``ကျုပ်က ခင်ဗျားကို ချစ်ခြင်း မုန်းခြင်းနဲ့ မကြည့်ဘူး၊ ပကတိရိုးရှင်းတဲ့ စိတ်နဲ့ပဲကြည့်တယ်၊ ဒါကြောင့် ခင်ဗျားရဲ့ အားနည်း


www.burmeseclassic.com

www.burmeseclassic.com



မင်းအောင် လုယူသွားသဖြင့် ပါးစပ်အဟောင်းသား ဖြစ်ပြီး မယုံနိုင်ဟန် ဖြင့် ကြည့်ရှုနေလေ၏၊ ကြည့်ရှုနေသူ အပေါင်းလည်း မထင်မှတ်ထား သော အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသဖြင့် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားလေ၏။ စိုင်းဝီကတုတ်ချောင်းကိုကိုင်ပြီး အေးဆေးစွာရပ်ကြည့် နေသော ကိုမင်းအောင်ကို ကြည့်ပြီး အထစ်ထစ် အငေါ့ငေါ့ဖြင့် ``ဘယ်လို ယူလိုက်တာလဲဗျာ``ဟုမေးမြန်းလိုက်လေ၏၊ကိုမင်းအောင် က သက်ပြင်းချပြီး``ခင်ဗျားရဲ့ တုတ်သိုင်းကောင်းပါတယ်ဗျာ၊ဒါပေမဲ့ အားနည်းချက်ဆိုတာ ဘယ်နေရမှာ မဆိုရှိတယ်၊ ကျုပ်က အားနည်းချက် ကို ရှာလို့ တွေ့လိုက်တယ်``ဟုပြောလေရာ စိုင်းဝီက မျက်မှောင်ကြုတ် ပြီး``ကျုပ်ရဲ့ အားနည်းချက်ကို သူများတွေ မတွေ့နိုင်ဘူး၊ ခင်ဗျားက ဘယ်ကြောင့်တွေ့တာလဲ``ဟုမေးမြန်းလေ၏။ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး``ကျုပ်က ခင်ဗျားကို ချစ်ခြင်း မုန်းခြင်းနဲ့ မကြည့်ဘူး၊ ပကတိရိုးရှင်းတဲ့ စိတ်နဲ့ပဲကြည့်တယ်၊ ဒါကြောင့် ခင်ဗျားရဲ့ အားနည်း





ချက်ကို တွေ့နိုင်တယ်``ဟုဆိုလိုက်ရာ စိုင်းဝီသည်ကိုမင်းအောင်၏ အစွမ်းကို လက်ခံလိုက်ဟန်ဖြင့်``ခင်ဗျားဟာ စီအိုင်ဒီက စုံထောက် ဆားပုလင်းမင်းအောင် ဆိုတာလက်ခံလိုက်ပါပြီ``ဟု ဆိုလိုက်ရာလူများ အားလုံး သဘောတူဟန်ဖြင့် လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်ကြ၏။ ထိုအခါ စောနန္ဒာက``ကိုမင်းအောင်ကို ကျွန်မတို့ ယုံကြည်ပြီ ဆိုရင် အောင်ဒင်တို့ အဖွဲ့ကို ကျွန်မတို့ ဘယ်လိုရင်ဆိုင်ကြမလဲ``ဟုမေးမြန်းရာ ကိုမင်းအောင်က``သူတို့ စနေနေ့ စတင်မယ် ဆိုပေမဲ့ အစီအစဉ် ပြောင်းရင် ပြောင်းသွားနိုင်တယ်၊ ဒါကြောင့် ကျုပ်တို့ ဒီနေ့ညနေမှာပဲ မဟာမြိုင်ကို ပြောင်းလာခဲ့မယ်``ဟုဆိုလိုက်ရာ စောနန္ဒာကသဘောကျ ဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး``ကောင်းပါတယ်၊ကိုမင်းအောင် ရန်သူကို ကျွန်မတို့ လျော့မတွက် တာအကောင်းဆုံးပါပဲ``ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်တွင်မှ ကျွန်ုပ်နှင့်ဆာ့ပုလင်းမင်းအောင်သည် သစ်လုံးအိမ်လေးသို့ပြန်ခဲ့လေ၏။ စောနန္ဒာက ကျွန်ုပ်တို့ အိမ်ပြန်ရန် ရထားလုံးတစ်စီးစီစဉ်ပေးလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော် နှစ်ယောက်အား စောနန္ဒာ၏တပည့်တစ်ဦးက ရထားလုံး မောင်းပြီး လိုက်ပို့ပေးလေ၏။ သစ်လုံးအိမ်သို့ ရောက်သောအခါ ကျွန်ုပ်က ``စိုင်းပီ ဆိုတဲ့ကောင်နဲ့ ကိုမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



တုတ်သိုင်းပြိုင် ကစားတာ မြင်တော့ ကျုပ် တော်တော်ရင်ထိတ်သွားတာ စိုင်းပီ ရဲ့ တုတ်က လေထဲမှာ တဂီဂီ မြည်နေတာပဲဗျာ၊လန့်စရာ ``ဟုဆိုလိုက်ရာ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``လူဟာ တစ်နေရာ တည်းမှာ အားစိုက်လုပ်ရင် ထူးချွန်အောင်မြင် တတ်တဲ့သဘော ရှိသလို စိုင်းပီဆိုတဲ့လူရဲ့ တုတ်သိုင်းပညာ တော်တော် ကောင်းတယ်၊သူနဲ့ကျုပ် တုတ်သိုင်း ယှဉ်ကစားရင် ကျုပ်ချောင်မယ် မထင်ဘူး``ဟုပြောလေရာ ကျွန်ုပ်က အံ့ဩဟန်ဖြင့် ကြည့်ပြီး``ကိုမင်းအောင် သူ့ကို တုတ်ချင်း ယှဉ် မရိုက်ဘဲ လက်ချည်းသက်သက်နဲ့ အနိုင်ယူခဲ့တာပဲ``ဟုချီးမွမ်းရာ ကိုမင်းအောင်က သက်ပြင်းချပြီး``ကျွန်တော် သူ့ကို တုတ်သိုင်းယှဉ် မကစားချင်လို့ သူ့ရဲ့ အားနည်းချက်ကို မနည်း မြင်အောင် ရှာခဲ့ရတယ် ``ဟုပြောလိုက်လေ၏။ကိုမင်းအောင်က ဆက်လက်ပြီး``ကျုပ်တို့ဒီနေ့ ညနေပဲ စောနန္ဒာ တို့အိမ်ကို ပြောင်းကြမယ်၊ အိုင်ပီ လိုအပ်တဲ့ အသုံးအ ဆောင်လေးတွေ သိမ်းဆည်းထားပေတော့``ဟုပြောလေ၏။ ကျွန်ုပ်က



www.burmeseclassic.com

www.burmeseclassic.com



``အောင်ဒင်ဆိုတဲ့ လူဆိုးကို ကိုမင်းအောင် ဘယ်လို ယုဉ်ဖို့ စဉ်းစားထားသလဲ``ဟုမေးမြန်းလေရာ ကိုမင်းအောင်က``လောလောဆယ်ဘာမှ စဉ်းစားမထားဘူး အိုင်ပီ၊ မီးစင်ကြည့် ကရုံမှာပဲ``ဟုပြောလေ၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်ပြီး``စောနန္ဒာတို့ အဖွဲ့ကို ကိုမင်းအောင် ဘယ်လို မြင်သလဲ``ဟုမေးမြန်းလေ၏။ ကိုမင်းအောင်က မျက်မှောင်ကြုတ်ပြီး`` စောနန္ဒာရဲ့ ဖခင်ဟာ ရှမ်းစော်ဘွား တစ်ယောက်နဲ့ ပတ်သက်တယ် ဆိုတာတော့ သေချာတယ်၊ လူဆိုးတွေဟာ စောနန္ဒာဆီ က ပျူခေတ် နတ်ဘုရားရုပ်လေးကို မရရအောင်တော့ ယူဖို့ဆုံးဖြတ်ထားပုံရတယ်``ဟုပြောလေ၏။ ထိုနောက်တွင်မှ ကျွန်ုပ်တို့သည် ယူဆောင်စရာ ရှိသည်ကို ယူဆောင်ပြီး မဟာမြိုင် အိမ်ကြီးသို့ ထွက်ခဲ့လေ၏။ မဟာမြိုင် အိမ်ကြီးသို့ ရောက်သောအခါ ကျွန်ုပ်တို့အား စောနန္ဒာက ကြိုဆိုပြီး အိမ်ကြီး၏ အပေါ်ထပ် အခန်းကျယ်ကြီးတွင် နေရာချပေးလေ၏။ ခဏကြာလျှင် ဆားပုလင်းမင်းအောင်သည် ရေမိုးချိုးပြီး အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com


နှင့် တွဲရက်ပါသော ဂရန်တာသို့ ထွက်ကြည့်လေ၏။ ကျွန်ုပ်လည်း ရေမိုးချိုးပြီး ဂရန်တာသို့ လိုက်ခဲ့လေရာ ကိုမင်းအောင်က ငုံ့စောင်းကြည့်ပြီး``လာဖို့ မဟာမြိုင်အိမ်ကြီးရဲ့ ပတ်ဂန်းကျင်ကို လေ့လာနေတာဗျ။ ဂရန်တာက ကြည့်ရင် အိမ်ပတ်ဂန်းကျင် ရှုခင်းတွေကို သေသေချာချာ မြင်ရတယ်``ဟုပြောလေ၏။ ကျွန်ုပ်လည်း ကိုမင်းအောင် နည်းတူ ကြည့်ရှုလိုက်သောအခါ မဟာမြိုင်အိမ်ကြီး၏ ပတ်ဂန်းကျင်ကို အပေါ်စီးမှ မြင်တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်က အိမ်ပတ်ဂန်းကျင်ကို ကြည့်ပြီးရန်သူကို ဒိုက်ခိုက်ဖို့ နည်းလမ်းရှာ ကြည့်တာ၊ အိမ်ပတ်ဂန်းကျင်က ရန်သူကို ချုံခို တိုက်ခိုက်ဖို့မလွယ်ကူဘူး။ ရန်သူကို အိမ်ထဲကို မျှား ခေါ်ပြီးရှင်းမှ ဖြစ်မယ်``ဟုပြောလေရာ ကျွန်ုပ်လည်း အိမ်ပတ်ဂန်းကျင် ကို ငုံ့စောင်းကြည့်ရာ ကိုမင်းအောင်ပြောသလို ရန်သူကို ချုံခိုတိုက်ခိုက်ရန် မလွယ်ကူဘဲ ပတ်ဂန်းကျင် တစ်ခုလုံး ရှင်းလင်းနေကြောင်း တွေ့ရလေ၏။ ကျွန်ုပ်က ကိုမင်းအောင်၏ မျက်နှာကို ကြည့်ပြီး``သူတို့ကို ဘယ်လို


www.burmeseclassic.com

www.burmeseclassic.com


မျှားခေါ်မှာလဲ ကိုမင်းအောင်``ဟုမေးမြန်းလိုက်၏။ ကိုမင်းအောင်က မျက်မှောင်ကြုတ်လိုက်ပြီး``စောနန္ဒာတို့ အကူအညီနဲ့ လုပ်ရင်အဆင်ပြေနိုင်ပါတယ်၊ ကျုပ်တို့ ညစာစားတဲ့ အချိန်ရောက်ရင် ရန်သူကို တိုက်ခိုက်မဲ့ အစီအစဉ် ရှင်းပြမယ်``ဟုပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်လိုက်ပြီး ``ယက္ခဂိုဏ်း နဲ့ ရင်ဆိုင်ရမယ် ဆိုပြီး အားခဲထားတာ အခုတော့ ဓားပြအဖွဲ့နဲ့လာပြီး ရင်ဆိုင်နေရတယ်၊ကိုမင်းအောင် ရောက်လေရာအရပ်မှာ အန္တရာယ်တွေပဲနော်၊ လူဆိုးလူသွမ်း တွေနဲ့ ရင်ဆိုင်ရပါစေလို့ ဆုပန်ထားသလား ကိုမင်းအောင်ရယ်``ဟုဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က အန္တရာယ်ကို ကျုပ် ဘယ်တော့မှ မဖိတ်ခေါ်သလို ရှောင်လဲ မရှောင်တိမ်းဘူးဗျ၊ အန္တရာယ်ဆိုတာ ရှောင်တိမ်းလို့ ရတဲ့အခါ ရှိတယ်၊ထိပ်တိုက် ရင်ဆိုင် ရမဲ့အခါလဲ ရှိတယ်``ဟုပြောလေ၏။ ညစာ စားချိန်သို့ ရောက်သောအခါ ကျွန်ုပ်တို့အား မိန်းကလေးတစ်ယောက် ရောက်လာပြီး``ညစာသုံးဆောင်ဖို့ ကြွပါရှင်``ဟု ရှိသေစွာ ဖိတ်ခေါ် လေ၏။ ကျွန်ုပ်တို့သည်


www.burmeseclassic.com

www.burmeseclassic.com


ဆာလောင်နေပြီ ဖြစ်သဖြင့် မိန်းကလေး ခေါ်ဆောင်ရာ အနောက်သို့ လိုက်ခဲ့လေ၏။ မိန်းကလေးသည် ကျွန်ုပ်တို့အား အိမ်ကြီး၏ အောက်ထပ်ရှိ ထမင်းစားခန်းသို့ ခေါ်ဆောင်သွားလေ၏။ အိမ်ကြီး၏ ဝီသုကာလက်ရာ အလွန်ကောင်းပြီး ရှေးမြန်မာဟန်နှင့် ဥရောပဟန်ပေါင်းစပ်ထားသောပုံစံ ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ် ထမင်းစားခန်းထဲတွင် အသင့်စောင့်နေသော စောနန္ဒာကို တွေ့ရပြီး စောနန္ဒာက ညစာစားရန် လိုက်လှဲစွာ ဖိတ်ခေါ်လေ၏။ ညစာမှာ ဂက်သား၊ ငါးသလောက်ပေါင်း ချည်ပေါင်ဟင်း စသည်ဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားလေ၏။ ထမင်းစားသောက်နေစဉ် ကိုမင်းအောင် က

``အောင်ဒင် တို့အဖွဲ့ကို လက်ရဖမ်းဆီးဖို့ ကိစ္စကို စောနန္ဒာတို့



www.burmeseclassic.com

www.burmeseclassic.com



အကူအညီ လည်းလိုပါတယ်```ဟုပြောလေ၏။ကျုပ်အိမ် ပတ်ဝန်းကျင်ကို ကြည့်တော့ ရန်သူကို ချုံခိုတိုက်ခိုက်ဖို့ ပတ်ဝန်းကျင် အနေအထားမရှိဘူး။ဒါကြောင့် ကျုပ်တို့ရန်သူကို အိမ်ထဲကို မျှားခေါ်ပြီး တိုက်ခိုက်ဖို့ စိစဉ်ထားတယ်၊ ရန်သူဟာရဲ့ လူအင်အား ၈ယောက် ရှိပြီး အနည်းဆုံး ခြောက်လုံးပြူးရိုင်ဖယ်လို လက်နက်မျိုး တွေပါလိမ့်မယ် ထင်တယ်`` ဟုပြောလေရာ စောနန္ဒာက ကျွန်မတို့မှာ အမဲပစ်သေနတ် တစ်လက်နဲ့ ဓားလုံလေးမြား တွေပဲရှိတယ်``ဟုပြောလေ၏။ဆားပုလင်း မင်းအောင်က လက်ကာပြရင်း``မပူပါနဲ့ သူတို့ အားလုံးကို ရင်ဆိုင်နိုင်ဖို့ ကျုပ်ပြင်ဆင်ထားပြီးသားပါ``ဟုပြောလေရာ စောနန္ဒာသည် ကျွန်ုပ်တို့ စုံထောက်ကျော် နှစ်ယောက်အား အားကိုးဟန်ဖြင့် ကြည့်ပြီး``ရှင်တို့ သာမကူညီရင် အောင်ဒင်တို့အဖွဲ့ကို ကျွန်မ ဘယ်လိုမှ ရင်ဆိုင်နိုင်မယ် မထင်ဘူး``ဟုပြောလေရာ ချောမောလှပသော ရှမ်းမလေး၏ မျက်ဝန်း အစုံကို ကြည့်ပြီး ကျွန်ုပ်၏ ရင်ထဲတွင် လှုပ်ခပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com


နောက်တနေ့သို့ ရောက်သောအခါ ကိုမင်းအောင်က စောနန္ဒာတို့ကို တွေ့ဆုံပြီး ``အောင်ဒင်တို့အဖွဲ့ စနေနေ့မှာ မဟာမြိုင်ကို ဝင်မယ်ဆို ရင်တော့ ကြားထဲမှာ တရက်ပဲလိုတော့တယ်၊ သူတို့ခြံထဲရောက်ရင် ကျုပ်တို့ တစ်နေရာကနေအခြေအနေကို စောင့်ကြည့်နေမယ်၊ခင်ဗျား တို့က ဓားပြ အောင်ဒင်တို့အဖွဲ့ ရောက် လာရင်အခြေအနေကို မီးစင်


www.burmeseclassic.com

www.burmeseclassic.com



ကြည့်က ဖို့ပဲ``ဟုဆိုလိုက်ရာစိုင်းပီ ကဂင်ရောက်ပြီး``လူဆိုးတွေကို ကျုပ်တို့ လက်ဦးမှု ယူပြီး တိုက်ခိုက်မယ်``ဟုဆိုလိုက် ရာ ဆားပုလင်း မင်းအောင်က``ခင်ဗျားတို့ အစွမ်းအစ ရှိပြီး ပိုင်နိုင်မယ်ဆိုရင် လုပ်ပေါ့`` ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်၏ စကားကြောင့် စိုင်းပီ က`` ကျုပ်တို့အစွမ်းကို စောင့်ကြည့်ပါ၊ ကျုပ်တို့ ဟော် နန်းသားတွေ သိုင်း ကောင်းကောင်းတတ်ပါတယ်`` ဟုပြောလေ၏။ စိုင်းပီတို့ အဖွဲ့ သည် ဆားပုလင်းမင်းအောင်က ၄င်းတို့အဖွဲ့အား လူတွင်ကျယ် လုပ်နေသည် ဟု ထင်မြင် နေပုံရ၏။ဆားပုလင်းမင်းအောင်က သူတို့အားလုံးကို တည် ကြည်စွာ ကြည့်လိုက်ပြီး``ကိုယ့်တာဂန်ကိုယ် ယူနိုင်ရင် ပြီးတာပဲ``ဟု ပြောပြီး အနီးတွင် ရပ်နေသော စောနန္ဒာကို တည်ကြည်စွာ ကြည့်လိုက် ရာ ရှမ်းမလေးက ရှက်ရွံ့ဟန်ဖြင့် ခေါင်းငုံ့လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



စနေနေ့သို့ ရောက်သောအခါ အောင်ဒင်တို့ လူဆိုးအဖွဲ့သည် မဟာမြိုင်အိမ်ကြီးသို့ ရောက်လာလေ၏။ ထိုအခါ စောနန္ဒာ၏ လူများက ခြံ တံခါးဖွင့် ပေးလိုက်ပြီး စိုင်းလူက ``လာရင်းကိစ္စကို ပြောပါ``ဟုမေးမြန်းလေ၏။ ထိုအခါ လူဆိုးအဖွဲ့၏ ခေါင်းဆောင်အောင်ဒင်က ``ကျုပ်တို့ စောနန္ဒာနဲ့တွေ့ချင်တယ်၊သူ့ကို အမြန်ဆုံး သွားပြောလိုက်ပါ``ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စောနန္ဒာက ကိုမင်းအောင် ကြိုတင်သင်ပြထားသည့် အတိုင်း အောင်ဒင်တို့ အဖွဲ့ကို သွားရောက် တွေ့ဆုံပြီး``ကိုအောင်ဒင် ကျွန်မဆီ ပြန်ရောက်လာပြီနော်``ဟုပြုံးရွှင်သော မျက်နှာဖြင့် ပြောဆို လေရာ လူဆိုးခေါင်းဆောင် အောင်ဒင်က``ကျုပ် လာရင်းကိစ္စကို တိုတို နဲ့ ရှင်ရှင်းပြောမယ်၊ ပျူခေတ် နတ်ရုပ်လေးကို ကျုပ်တို့ကို ရောင်းပါလို့ စောနန္ဒာကို တောင်းဆိုပြီးပြီ၊ ဒါပေမဲ့စောနန္ဒာက ကျုပ်ကိုအကြောင်း အမျိုးမျိုး ပြပြီး ငြင်းဆိုခဲ့တယ်၊ဒီမှာစောနန္ဒာ ပျူခေတ် နတ်ရုပ်လေးနဲ့ ပတ်သက်လို့ ကျုပ်ရှင်းရှင်းပဲပြောမယ်၊ ဒီတစ်ကြိမ်တော့ နတ်ရုပ်ကို မရရအောင်ယူမယ်လို့ ဆုံးဖြတ်ထားတယ်``ဟုပြောလေရာ စောနန္ဒာ က ခေါင်းခါယမ်းလိုက်ပြီး``စိတ်မရှိပါနဲ့ ကိုအောင်ဒင်၊ပျူခေတ်နတ်ရုပ် လေးက ကျွန်မအဖေရဲ့အမြတ်နိုးဆုံး ပစ္စည်းပါ၊ ဒါကြောင့် နတ်ရုပ် လေးကို ကိုအောင်ဒင်ကို ရောင်းဖို့ လုံးဝ မဖြစ်နိုင်ပါဘူး``ဟုငြင်းဆို လိုက်ရာ အောင်ဒင်၏ မျက်နှာရှုံ့မဲ့သွားပြီး``မင်းက အခုလို ပြတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



သားသား ငြင်းဆန်ပြီဆိုတော့လည်း ကျုပ်က မရရအောင်ယူဖို့ ကြိုးစားရတော့မှာပေါ့``ဟုဆိုလိုက်ပြီး ခါးကြားရှိ ခြောက်လုံးပြူးသေနတ်ကို ထုတ်ကာ စောနန္ဒာကိုချိန်ရွယ်လိုက်၏။ ထိုအခါ စိုင်းပီ ကလက်ထဲရှိ ဓားကို ထုတ်ပြီးစောနန္ဒာ အရှေ့မှ ကာကွယ်လိုက်၏။အောင်ဒင်က စိုင်းလုံကိုကြည့်ပြီး မဲ့ပြုံးပြုံးရင်း``သေချင်တယ်ပေါ့၊ ဟုတ်လား ရှေ့က ဖယ်စမ်း၊``ဟုအမိန့်ပေးလိုက်လေ၏။စိုင်းလုံက ခေါင်းခါယမ်းလိုက်ပြီး ကျုပ်သေမှ ခင်ဗျားသူ့ကို အနိုင်ယူလို့ရမယ်``ဟုဆိုလိုက်ရာ ဓားပြခေါင်းဆောင် အောင်ဒင်ကအံ့ကိုကြိတ်ပြီး``သေချင်နေတယ်၊ဟုတ်လား၊အလို ဖြည့်ပေးရမှာပေါ့``ဟုဆိုကာလက်ထဲရှိ သေနတ်ဖြင့် ထိုးချိန်လိုက်၏။ ထိုအခိုက်မှာပင် ဂရန်တော်၌ စောင့်ကြည့်နေသော ဆားပုလင်းမင်းအောင် က``ကျုပ်တို့ ရပ်ကြည့်နေလို့ မဖြစ်တော့ဘူး၊ ဂင်မှဖြစ်မယ်`ဟုဆိုကာ ခြုံထဲသို့ လွှားခနဲ ခုန်ဆင်းလိုက်ပြီး အောင်ဒင်၏ ရင်ဘတ်ကို လက်သီးဖြင့် ထိုးက ငိုက်ကျလာသော အောင်ဒင်၏ လက်ထဲရှိ သေနတ်ကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com


ခန် လုယူလိုက်လေ၏။ထိုအခါ လူဆိုးတစ်ဦးသည်ကိုမင်းအောင်ကို အံ့ဩ

ဟန်ဖြင့် ကြည့်နေရာမှ ခါးကြားထဲရှိ သေနတ်ကိုဆွဲထုတ်လိုက်၏။သို့

သော် ကိုမင်းအောင်က လူဆိုးထက် လျှင်မြန်သော အရှိန်ဖြင့် သေနတ်

ကိုင်ထားသောလက်ကို ခြေဖြင့် လှမ်းခတ်လိုက်ရာသေနတ်သည်လေထဲ

သို့ လွင့်ပျံသွားပြီးကိုမင်းအောင်လက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်

ရှိသွားလေ၏။ ကျန်လူဆိုးတစ်ယောက်ကိုမူကျွန်ုပ်က နောက်ကျောကို

သေနတ်ဖြင့် ထောက်လိုက်ပြီး``မလှုပ်နဲ့``ဟုအမိန့်ပေးလိုက်လေ၏။

လူဆိုးများသည် ရုတ်တရက် အလစ်အငိုက်မိ သွားပြီး ကျွန်ုပ်တို့၏

ဖမ်းဆီးခြင်းကို ခံလိုက်ရလေ၏။ ကိုမင်းအောင်က လူဆိုးခေါင်းဆောင်

အောင်ဒင်၏ နောက်ကျောကို သေနတ်ဖြင့် ချိန်လိုက်ပြီး``မလှုပ်နဲ့

ခအားလုံးကို လက်နက်ချခိုင်းလိုက်``ဟုဆိုလိုက်ရာ အောင်ဒင်က မကျေ

မချမ်းဖြင့်ွင်း..ဘယ်သူလဲ..ငါ့အလုပ်ကို ဘာလို့ဝင်ရှုပ်တာလဲ``ဟုမေးမြန်း

လိုက်လေ၏။ ကိုမင်းအောင်က မဒီးမခန့် ရယ်မောလိုက်ပြီး``ကျုပ်ဒ


www.burmeseclassic.com

www.burmeseclassic.com


စီအိုင်ဒီက ဆားပုလင်းမင်းအောင်ပါ၊ ခင်ဗျားတို့ကိစ္စကို မြင်မကောင်းလို့ ဝင်ကူညီလိုက်တာပါ``ဟုဆိုလိုက်ရာအောင်ဒင်ကအံ့ကို တင်းတင်းကြိတ်လိုက်ပြီးစောနန္ဒာဘက်သို့လှည့်ကာ``စီအိုင်ဒီကစုံထောက်တွေဘာတွေ ခေါ်ပြီး ငါတို့ကို ဒုက္ခပေးဖို့ ကြိုတင်ကြံစည် ထားတယ်ပေါ့၊ဟုတ်လား`` ဟု မချိတင်ကဲ ပြောလေ၏။ထိုနောက် ကိုမင်းအောင်က အောင်ဒင်တို့ကို လက်နက်ချခိုင်းရာ အောင်ဒင်တို့အဖွဲ့သည် မတတ်သာတော့ဘဲ``လက်နက်ချလိုက်ရလေ၏။ အောင်ဒင်တို့အဖွဲ့၏ လက်နက်များကို သိမ်းဆည်းပြီးသောအခါ ကိုမင်းအောင်က အောင်ဒင်တို့အားမျက်စေ့ရှေ့မှ အမြန်ဆုံးထွက်သွားရန် မောင်းနှင်လိုက်ရာအောင်ဒင်တို့ လူစုသည်မကျေမချမ်းဖြင့် မဟာမြိုင်အိမ်ကြီးမှ ပြန်လည်ထွက်ခွါသွားလေ၏။ အောင်ဒင်သည် ခြံကြီး၏ အပြင်ဘက်သို့ ရောက်သောအခါ အသံနက်ကြီးဖြင့် ရယ်မောလိုက်ပြီး ဟားဟားဟား..နတ်ရုပ်လေးကို ဒီလို လွယ်လွယ်နဲ့ အရှုံးပေးမယ် ထင်နေလား၊ နင်တို့တစ်ဆွေလုံးတစ်မျိုးလုံးငါ့လက်ကမလွတ်စေရဘူး`` ဟုကြုံး


www.burmeseclassic.com

www.burmeseclassic.com



ဂါး လိုက်ရာ စောနန္ဒာ၏ မျက်နှာကွက်ခနဲ ပျက်သွားပြီး

``ခွေးကြီး..ကျွန်မဆွေမျိုးတွေကို ဒုက္ခပေးတော့မယ်``ဟုဆိုလေရာ

ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်ပြီး``စောနန္ဒာရဲ့ဆွေမျိုး

ဆိုတာ ဘယ်မှာရှိလို့လဲ``ဟုမေးမြန်း၏။တစ်ဘက်မြို့က ဆရာကြီး

ဦးဘပု ကျောင်းလေးမှာ ကျွန်မ ညီမလေး စောမိုက ဆရာမ လုပ်နေ

တယ်၊ စောမိုက ကလေးတွေကို သိပ်ချစ်တတ်တယ်``ဟုပြော ရာ

ကိုမင်းအောင်က``စောမိုက ခင်ဗျားညီမအရင်းလား၊``ဟုမေးမြန်း

လေ၏။ စောနန္ဒာက ခေါင်းညိတ်ပြီး``စောမိုက ကျွန်မညီမဝမ်းကွဲပါ၊

ဒါပေမဲ့ ကျွန်မတို့ ငယ်စဉ်ကတည်းကအတူတူကြီးခဲ့တာမို့ ညီမအရင်း

တစ်ယောက်လို ချစ်ပါတယ်၊လူယုတ်မာအောင်ဒင်ကတစ်ဖက်မြို့ကို

စောမိုကို အနိုင်ကျင့်တော့မယ်``ဟုပြောလေရာကိုမင်းအောင်

က မျက်မှောင်ကြုတ်ပြီး``ဒါဆိုရင် စောမိုကိုကျုပ်တို့ ကာကွယ်ပေးရ

တော့မှာပေါ့၊ တစ်ဖက်မြို့ကို အမြန်ဆုံး သွားဖို့ ကားကြုံရဖို့ မလွယ်ဘူး



www.burmeseclassic.com

www.burmeseclassic.com


နဲ့တူတယ်``ဟုပြောလေရာ စောနန္ဒာက ခေါင်းညိတ်ပြီး ``ဟုတ်ပ ကားကြံ့ အမြန်ဆုံး ရဖို့ မလွယ်ဘူး၊ ဒါပေမဲ့ ဟိုး တောင်ကုန်းပေါ်မှာ ဦးခွန်သာ ဆိုတဲ့ လူဝွစာကြီးတစ်ယောက် တစ်ကိုယ်တည်း နေထိုင်နေတာ ရှိတယ်၊ ဦးခွန်သာက မြင်းတွေမွေးတယ်၊ သူ့ဆီမှာ မြင်းသွားငှါးရင် ရမလား မသိဘူး၊ဒါပေမဲ့ ဒီလူကြီးက ဝွစာကြီးဆိုတော့ ပြောရခက်တယ်၊သူ့ဆီက မြင်းငှါးဖို့ မလွယ်ဘူးထင်တယ်``ဟုပြောလေ၏၊ ထိုအခါ ဆားပုလင်းမင်းအောင်က``ဘာပဲဖြစ်ဖြစ် ကျုပ်တို့သူ့ကိုနားလည်အောင် ပြောပြပြီး မြင်းငှါးလို့ရအောင် ကြိုးစားရမှာပဲ``ဟုဆိုလိုက်ရာ စောနန္ဒာက ``ဒါဆိုရင် ကျွန်မတို့ ဦးခွန်သာဆီ အမြန်သွားကြမယ်``ဟုဆိုလေ၏၊


www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် စောနန္ဒာသည် အနီးအနားတောင်ကုန်း ပေါ်သို့ ကျွန်ုပ်တို့အား

ခေါ်ဆောင်သွားလေ၏။ တောင်ကုန်းပေါ်သို့ ရောက်သောအခါ ကျယ်

ပြန့်သော မြေကွက်လပ်တစ်ခုကို မြင်ရပြီး မြေကွက်လပ်ကို ခြံခတ်ထား

ငေ [illegible] တွေ့ရလေ၏။ ထိုမြေကွတ်လပ်တွင် မြင်းများကိုဆော့ကစားပုံ

ရလေ၏။ စောနန္ဒာသည် အရှေ့မှ ဦးဆောင်ပြီး ခြံဂန်းထဲသို့ ဂင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွား လေ၏။ ခြံဝန်းထဲရှိ မြင်းဇောင်းထဲတွင်ကျမ်းမာဟန်ရှိသောအသက်

ဖြဝ.ဝန်းကျင် လူကြီးတစ်ဦးကိုတွေ့ရလေ၏။ ထိုသူကြီးသည်မြင်းကုန်းနှီး

တစ်ခုကို ပွတ်တိုက်နေပြီး စောနန္ဒာကို မြင်သောအခါ အံ့ဩဟန်ဖြင့်

မျက်မှောင်ကြုတ်လိုက်ပြီး``မဟာမြို့ဒ်အိမ်ကြီးက မိန်းကလေးဟာကျုပ်

လို မြင်းသမားတစ်ယောက်ဆီကို ရောက်လာစရာ အကြောင်း မရှိဘူးနဲ့

တူတယ်`` ဟုပြောလေ၏။ စောနန္ဒာက ခေါင်းညိတ်ပြီး`` ဦးခွန်သာ

ဆီမှာ အကူအညီ တစ်ခုတောင်းစရာရှိလို့ပါ၊ အဲဒါကတော့ ဦးခွန်သာ ရဲ့

မြင်းနှစ်ကောင် ငှားချင်လို့ပါ``ဟုပြောလေ၏။ ထိုအခါ လူဝွစာကြီး

ဦးခွန်သာက စောနန္ဒာ စကားမဆုံးမီ လက်ကာပြလိုက်ပြီး``ကျုပ်ရဲ့ မြင်း

တွေကငှါးစားတဲ့ မြင်းတွေ မဟုတ်ဘူး၊ မြင်းတွေကို ငှါးဖို့ မဖြစ်နိုင်ဘူး``



www.burmeseclassic.com

www.burmeseclassic.com


ဟုပြောလေ၏။ထိုအခါ ကိုမင်းအောင်က ဝင်ပြီး``ကျုပ်တို့က အင်းစိန်စီအိုင်ဒီက စုံထောက်တွေပါ၊ ရာဇဝတ်မှု တစ်မှုကိုစီအိုင်ဒီအနေနဲ့ အမြန်တားဆီးဖို့ အရေးကြီးနေပါတယ်၊ ဒါကြောင့် ဦးခွန်သာရဲ့ မြင်းတွေ ကိုခဏငှါးရမ်းဖို့ လိုနေပါတယ်``ဟုပြောလေရာ ဦးခွန်သာက မျက်နှာရှုံ့မဲ့လိုက်ပြီး``ဒီအချိုးတွေကို ကျုပ် မကြိုက်ဆုံးပဲ၊ စီအိုင်ဒီကစုံထောက်ဆိုတဲ့ ဩဇာအာဏာနဲ့ ကျုပ်ရဲ့ မြင်းတွေကို မရရအောင်ငှါးမယ်ပေါ့၊ လုံးဝမငှါးနိုင်ဘူး၊ မင်းတို့ ငှါခြံထဲက အခုထွက်သွားစမ်း``ဟု မောင်းနှင်ထုတ်လိုက်လေ၏။ ဆားပုလင်းမင်းအောင်ကဦးခွန်သာစကားကြောင့်ခေါင်းခါယမ်းလိုက်ပြီးဦးခွန်သာ ကျုပ်တို့ကို အထင်မှားနေပြီ၊ကျုပ်တို့ကစီအိုင်ဒီရဲ့ဩဇာ အာဏာသုံးပြီး ဦးခွန်သာမြင်းတွေကို ငှါးနေတာ မဟုတ်ဘူး၊ အား


www.burmeseclassic.com

www.burmeseclassic.com


နွဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့အသက်အန္တရာယ်ကို ကာကွယ်ဖို့ ရန်အတွက် ဦးခွန်သာရဲ့ မြင်းတွေကို ငှါးရမ်းဖို့လိုနေတာပါ။ ဦးခွန်ဆာပြည်သူတစ်ယောက်အနေနဲ့ ရာဇဝတ်မှုကို ကာကွယ်ချင်တဲ့ စိတ်စေတနာ မရှိဘူးလား``ဟုမေးမြန်းလိုက်ရာ ဦးခွန်သာသည် ကိုမင်းအောင်၏ စကားကြောင့် တွေဝေသွားလေ၏။ ထိုအခါ စောနန္ဒာကဝင်ရောက်ပြီး ``ဟုတ်ပါတယ် ဦးလေးရယ်၊ ညီမလေး စောမိုကို မသမာသူတွေရဲ့လက်ထဲက ကယ်တင်ဖို့ အရေးကြီးနေလို့ပါ၊ ကျွန်မတို့တစ်ဖက်မြို့ အမြန်ရောက်မှ ဖြစ်မယ်``ဟုပြောလိုက်ရာ ဦးခွန်သာက ခေါင်းခါယမ်းလိုက်ပြီး

``မင်းတို့ကိစ္စ ဘယ်လောက်ပဲ အရေးကြီးကြီး ငါ့မြင်းတွေကို မြင်းအကြောင်း နားမလည်တဲ့ စုံထောက်တွေ လက်ထဲ မထည့်ဘူး``ငါ့မြင်း


www.burmeseclassic.com

www.burmeseclassic.com



တွေကို မညှင်းပန်းနိုင်ဘူး`` ဟုဆိုလိုက်ရာ ကိုမင်းအောင်က ဝင်ပြီး ``မြင်းတွေ အကြောင်းနားမလည်ဘဲ ဦးခွန်သာရဲ့ မြင်းတွေကို ကျုပ် လာမငှါးဘူး`` ဟုပြောလိုက်ရာ ဦးခွန်သာက ဆားပုလင်းမင်းအောင်ကို အထင်မကြီးဟန်ဖြင့် ကြည့်ပြီး ``စုံထောက်တွေ မြင်းအကြောင်းနား လည်တယ်ဆိုတာ နားရှိလို့သာ ကြားရတယ်၊ကျုပ်တော့ လုံးဝမယုံဘူး၊

ထိုအခါ ဆားပုလင်းမင်းအောင်က ဦးခွန်သာကို ကြည့်လိုက်ပြီး `` ပကတိမြင်း၊ အသာတိုရ မြင်း၊ သေဌတိုရ်မြင်း၊ ဂလာဟာကမြင်းနဲ့ မြည်း မျိုး ဆိုပြီး မြင်းမျိုး ငါးမျိုး ရှိတယ်လို့ ကျမ်းဂန်တွေက ဆိုထားတယ်``ဟု ဆိုလိုက်ရာ ဦးခွန်သာက မျက်မှောင်ကြုတ်ပြီး``စာတွေ့လောက်နဲ့ မရ ဘူး ၊လက်တွေ့အစွမ်း ပြမှာလဲဖြစ်မယ်``ဟုပြောလိုက်ရာ ကိုမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



က ဦးခွန်သာကို စကားမတုန့်ပြန်တော့ဘဲ မြင်းဖောင်းသို့ ခြေလှမ်း ကြဲကြဲဖြင့် သွားပြီး မြင်းညိုကြီးတစ်ကောင်ပေါ်သို့ လွှားခနဲခုန်တက်ကာ မြင်းကြီးကို ကစုန်စိုင်းပြီး ကွင်းပြင်ဆီသို့ စီးနှင်သွား၏၊ ကိုမင်းအောင်သည် မြင်းကြီးကို ကျွမ်းကျင်စွာ စီးနှင်နေသဖြင့် ဦးခွန်သာသည်ပါးစပ်အဟောင်းသားဖြင့် ကြည့်နေလေ၏။ ကိုမင်းအောင်သည် မြင်းကြီးကို ကစုန်စိုင်းပြီး စီးနှင်နေရာမှ မြင်းကြီး၏ ဂဲယာ ဂမ်းဗိုက်နဘေးသို့ တွဲလောင်း ခိုပြီးတစ်လှည့် ယာဘက်သို့ တစ်လှည့်စီ စီးနှင်ပြသလေရာ ဦးခွန်သာသည် စီအိုင်ဒီ စုံထောက်တစ်ယောက်၏ မြင်းစီး စွမ်းရည်ကို မယုံနိုင်ဟန်ဖြင့် ပါးစပ်အဟောင်းသားကြည့်နေလေ၏။ကိုမင်းအောင်သည် မြင်းကြီးကို အတန်ကြာအောင် ကျွမ်းကျင်စွာ စီးနှင်ပြပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com


မြင်းဇောင်း ရှိရာသို့ ပြန်လာပြီး မြင်းကြီးကို ကျွမ်းကျင်စွာ ပြန်လည်ချည် နှောင်လိုက်လေ၏။ ဦးခွန်သာက ကိုမင်းအောင်ကို အံ့ဩဟန်ဖြင့်ကြည့် ပြီး``စီအိုင်ဒီ စုံထောက်တစ်ယောက်က ဘာလို့ မြင်းစီး ဒီလောက်ကျွမ်း ကျင်နေတာလဲ၊ မင်း ဘယ်သူလဲ``ဟုမေးမြန်းလိုက်၏။ ကိုမင်းအောင်က ``ကျုပ် နံမည် ဆားပုလင်းမင်းအောင်ပါ``ဟုဖြေလိုက်လေ၏။ ထိုအခါ ဦးခွန်သာ၏ မျက်လုံးများ ပိုမို ပြူးသွားပြီး``အို..နံမည်ကျော်ဆားပုလင်း မင်းအောင် ပါလား၊ ကျုပ်ရဲ့ မြင်းတွေကို ဆားပုလင်းမင်းအောင် မို့လို ဒီလို ကျွမ်းကျွမ်းကျင်ကျင် စီးနိုင်တာကိုး၊ ကျုပ် မသိလို့ စော်ကားသလို ဖြစ်သွားတာ တောင်းပန်ပါတယ်ဗျာ၊ ဆားပုလင်းမင်းအောင်သာ ငါးမယ်


www.burmeseclassic.com

www.burmeseclassic.com


ဆိုရင် ကျုပ်မြင်းတွေကို ငှါးရုံ မကဘူး၊ အပိုင်လိုချင်လည်း ယူသွားလို့ ရပါတယ်``ဟုလှိုက်လှိုက်လှဲလှဲ ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်တွင်မှ ဆားပုလင်း မင်းအောင်က မြင်းပိုင်ရှင် ဦးခွန်သာ၏ အညိုရောင်မြင်းညိုကြီး နှစ်ကောင်ကို ငှါးရမ်းလိုက်ပြီး အုန်းခွံရောင် မြင်းကြီးကို စောနန္ဒာအား စီးစေပြီး ကျွန်ုပ်နှင့် ကိုမင်းအောင်ကမူ မြင်းညို ကြီးကိုး စီးနင်လေ၏။ ကျွန်ုပ်တို့သည် တောလမ်းအတိုင်း မြင်းများကို ဒုန်း စိုင်းပြီး စီးနင်လာခဲ့လေ၏။ စောနန္ဒာ၏ အဆိုအရတောလမ်းသည် တောင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းများကို ကျော်ဖြတ်စီးနင်ရသောလည်း တစ်ဖက် မြို့သို့ ရောက်ရန် အတိုဆုံးလမ်းဖြစ်၏။ တောင်ကုန်းကြီးပေါ်မှ မြင်းကို အပြင်းနင်ပြီးနောက် စောနန္ဒာက မြင်းညိုကြီးကို ရပ်တန့်လိုက်ပြီး ``ဟိုး..ဝေးဝေးမှာ မြင်နေရတဲ့ကျောင်းက ဆရာကြီး ဦးဘပုရဲ့ ကျောင်း``ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး``ကျောင်းကို စမ်းချောင်းလေးအတိုင်း အနောက်ကသွားကြမယ်၊ ကျုပ်တို့ကံကောင်းရင်အောင်ဒင်တို့ထက်ရှေ့ကို ကြိုရောက်မယ်``ဟုဆိုကာမြင်းကြီးကိုအရှေ့မှဦးဆောင်စီးနင်သွားလေ၏။ ကျောင်း အနောက်ဘက် စမ်းချောင်းသို့ ရောက်သောအခါကလေးတစ်စုနှင့်အတူ ရှိနေသော မိန်းမချောလေး တစ်ယောက်ကိုတွေ့ရလေ၏။ စောနန္ဒာ မိန်းမချောလေးကို ကြည့်ပြီး``သူက ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



စောမိုပဲ``ဟု စိတ်လှုပ်ရှားဟန်ဖြင့် ပြောလေ၏။ စောမို ဆိုသောမိန်းမ ချောသည် ကျွန်ုပ်တို့ မြင်းများကို အံ့သြဟန်ဖြင့် ကြည့်နေစဉ် စောနန္ဒာ က``ညီမလေး စောမို၊ အမလေးဂမ်းသာလိုက်တာ ညီမလေးရယ်၊ဘာမှ မဖြစ်တာ ကံကောင်းတာပဲ``ဟုပြောလေရာဆရာမလေးစောမိုကအံ့သြ ဟန်ဖြင့် ကြည့်ပြီး ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းလေ၏။ ထိုအချိန်တွင် ကျောင်းရှေ့သို့ ဂျစ်ကားတစ်စီး ထိုးရပ်လိုက်ပြီး ကားပေါ်မှ အောင်ဒင်နှင့် အပေါင်းအပါများ ဆင်းလာလေ၏။ လူဆိုး လူမိုက်များသည် ကျွန်ုပ်တို့ကို မမြင်ဘဲ ကျောင်း အရှေ့ဘက် ဂင်ပေါက်မှ ဂင်ရောက်လာလေ၏။ ထိုအခါ စောနန္ဒာက လက်ကာပြလိုက်ပြီး``ဒီအကြောင်းတွေကို နောက်မှ ပြောပြ မယ်၊ ကလေးတွေကို ကျောင်းထဲ ဂင်ခိုင်းပြီး ညီမလေး မြင်းပေါ် မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်ပါ``ဟုပြောလေ၏။ စောနန္ဒာ၏ အရေးတကြီး အမူအယာကြောင့် ဆရာမလေးစောမိုသည် မြင်းပေါ်သို့ တက်လိုက်ပြီး ကလေးများကို ကျောင်းထဲသို့ ပြန်ဝင်ခိုင်းလိုက်ကာ မြင်းများကို ဒုန်းစိုင်းပြီး ထွက်ခဲ့လေ၏။ ကျွန်ုပ်တို့ တောင်ကုန်းပေါ်သို့ရောက်သောအခါ အောင်ဒင်တို့သည် ကျွန်ုပ်တို့ကို မြင်တွေ့သွားပြီး ကျောင်းရှေ့တွင် ဒေါသတကြီးကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် နာရီအနည်းငယ်အတွင်းမဟာမြိုင်အိမ်ကြီးသို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ ဆရာမလေး စောမိုက ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးကို ကျေးဇူးတင်ကြောင်း ပြောလေ၏။ ကျွန်ုပ်တို့သည် သစ်လုံးအိမ်လေးသို့ မပြန်ဖြစ်သေးဘဲ မဟာမြိုင်အိမ်ကြီး၌ပင် ဆက်လက်နေထိုင်လေ၏။ ခြံထဲရှိအိမ်လေးထဲသို့ ပြန်လည်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသောအခါ ကျွန်ုပ်က ``ကျုပ်တို့ အဖြစ်က ယက္ခဂိုဏ်းနဲ့ ရင်ဆိုင်မယ်

ဆိုပြီး ထွက်လာကြတာ၊အခုတော့ ယက္ခဂိုဏ်းနဲ့ ရင်မဆိုင်ရဘဲ မဟာမြိုင်

အိမ်ကြီးရဲ့ အရေးနဲ့ပဲ ရင်ဆိုင်နေရတယ်``ဟုပြောလေရာ ဆားပုလင်း

မင်းအောင်က ခေါင်းညိတ်ပြီး``ယက္ခဂိုဏ်းနဲ့ထိပ်တိုက် ရင်ဆိုင်မဲ့ အချိန်

နီးနေပါ၊ ဒိုင်ပီ စိတ်မလောပါနဲ့``ဟုပြောပြီး ရေနွေးကြမ်း တစ်ခွက်ကို

ငုံ့သောက်ရင်း တစ်စုံတစ်ရာကို မျက်မှောင်ကြုတ်ပြီး စဉ်းစားနေလေ၏။

ကျွန်ုပ်ကမူ ချောမောလှပသော ညီအစ်မနှစ်ယောက်၏ မျက်နှာကို တစ်

လှည့်စီ မြင်ယောင်ရင်း ညီအစ်မနှစ်ယောက်သာ မိမိချစ်သူ ဖြစ်မည်ဆို

လျှင် မည်မျှကောင်းမည်နည်းဟု စိတ်ကူးယဉ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ အိမ်စေမိန်းကလေးက နံနက်စာ စားရန် လာခေါ်ပြီး စားပွဲဝိုင်းသို့ ကျွန်ုပ်တို့ ရောက်ရှိသောအခါ မျက်စိမျက်နှာပျက်နေသော စောနန္ဒကိုတွေ့ရလေ၏။ စောနန္ဒာကကျွန်ုပ်တို့အား ကြိုဆိုပြီး စားပွဲပေါ်သို့ ပိတ်စအဖြူပတ်ထားသော မြားတစ်ချောင်းကိုတင်လိုက်ရာ ကိုမင်းအောင်က မျက်မှောင်ကြုတ်ပြီး``အောင်ဒင်တို့ ဆီက



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်စာ ပို့လိုက်ပြန်ပြီနဲ့တူတယ်``ဟုပြောလေရာစောနန္ဒာက ခေါင်းညိတ်ပြီး``ဟုတ်ပါတယ် ကိုမင်းအောင် ဒီနေ့မနက် အိမ်ရှေ့က ဂရန်တာကို မြားတစ်ချောင်းစိုက်ဝင် နေလို့ ကြည့်လိုက်တော့ မြားမှာ ပတ်ချည်ထားတဲ့ စာကိုတွေ့ရတာပဲ``ဟုပြောလေ၏။ ကျွန်ုပ်က သူမ လက်ထဲရှိ ပိတ်ဖြူစကို ယူပြီး ကြည့်လိုက်ရာ ပိတ်ဖြူပေါ်တွင် အမည်း ရောင်တရုတ်မင်ဖြင့် ရေးထားသော အောက်ပါစာကို တွေ့ရလေ၏။

*နင့်ညီမကို စီအိုင်ဒီ စုံထောက်အားကိုးနဲ့ ကယ်ထုတ်သွားနိုင်တာ အဟုတ်ကြီး မှတ်နေသလား။ နင့်အမေ ဒေါ်မှုန်း တစ်ယောက်လုံး ငါတို့လက်ထဲ ရောက်နိုင်သေးတာ မမေ့နဲ့။ နင်နတ်ရုပ်လေးကို ပေးဖို့ အသင့်ပြင်ထား*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်က စာကို ဖတ်ပြီးလက်သီဆုပ်ကာ``ဒီလူတွေ အတင့်ရဲလှချည်လား။ကျုပ်တို့လို စီအိုင်ဒီက စုံထောက်တွေ ရှိရက်နဲ့ ဒီလိုခြိမ်းခြောက်စာ ပို့တယ်ဆိုတာ ကျုပ်တို့ကို မထီလေးစား လုပ်တာပဲ ကိုမင်းအောင်``ဟု ပြောလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး``မပူပါနဲ့. ဒီလူတွေကို ရင်ဆိုင်ဖို့ ကျုပ်တို့တာဝန်ထားပါ။ စောနန္ဒာရဲ့အမေ ဒေါ်မုန်းကဘာယ်ကို ရောက်နေလို့လဲ```ဟုမေးမြန်း၏။စောနန္ဒာက သက်ပြင်းချလိုက်ပြီး``ကိုမင်းအောင်ကိုအကူအညီ တောင်းရမှာ အားတောင်နာလာပြီ၊ အမေ့အကြောင်း ပြောရရင် အတိတ်အကြောင်းတွေ ပြန်ပြောမှ [illegible]ယယ်၊ ကျွန်မ အဖေဟာ အမဲလိုက်ဝါသနာပါတဲ့ စော်ဘွါးကြီးကို ကျား လက်ကနေ ကယ်တင်ပြီးနောက် စော်ဘွါးကြီးက ကျေးဇူးပြုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ကျွန်မတို့ မိသားစုကို ပော်နန်းထဲမှာ ခေါ်ပြီး ကျေးဇူးပြုခဲ့တယ်၊ အဲဒီတုန်းက အဖေနဲ့အမေဟာ စိတ်သဘောထားခြင်း မတိုက်ဆိုင်ခဲ့ဘူး၊ အမေဟာ စော်ဘွါးကြီးရဲ့ပော်နန်းမှာ သွားနေရမှာ စိတ်ကျဉ်းကြပ်တဲ့ အတွက် သွားဖို့ သဘောမတူဘူး၊ ဒါပေမဲ့ အဖေက စော်ဘွါးကြီးလို ကြီး မြတ်တဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်ရဲ့ဖိတ်ခေါ်မှုကို မငြင်းဆန်သင့်ဘူးလို့ ယူဆတယ်၊ အမေဟာ သူကိုယ်တိုင် ပော်နန်းကို လိုက်ဖို့ ငြင်းဆန်ပေမဲ့ ကျွန်မတို့ ပော်နန်းကို သွားနေတာကို မကန့်ကွက်ဘူး၊ ဒါကြောင့် ကျွန်မ တို့ စော်ဘွါးကြီး ပော်နန်းမှာ ကြီးပွါးနေစဉ်မှာ အမေကတော့ ဆယ့်နှစ်မွဲ ဈေးသည်အဖြစ် မြန်မာပြည် အရပ်ရပ်က ပွဲတော်တွေမှာ လှည့်လည်ပြီး ဈေးရောင်းနေခဲ့တယ်၊ ဒီနေ့ထက်တိုင် အမေဟာ ကျွန်မတို့နဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com


လာနေဖို့ ဖိတ်ခေါ်ပေမဲ့ အမေ ကတော့ လွတ်လပ်တဲ့ ဆယ်နှစ်ပွဲ ဈေးသည် ဘဝကို မစွန့်လွှတ်နိုင်ဘူးဆိုပြီး ကျွန်မတို့နဲ့ လာမနေဘူး၊ အမေဟာ ပွဲဈေးတွေမှာ လက်ဖက်ခြောက် ရောင်းပြီး အသက်မွေးဝမ်းကြောင်းပြုခဲ့တယ်၊ ပေါ်နန်ကို လိုက်ပြီး စော်ဘွါးရဲ့ ကျေးဇူးပြုတာမခံဘူး၊ ဒါတွေကိုသိနေတဲ့ လူယုတ်မာ အောင်ဒင်က အမေ အသက်အန္တရာယ်ကို ရန်ရှာပြီး ကျွန်မလက်ထဲက ပျူခေတ်နတ်ရုပ်လေးကို လုယက်ဖို့ ကြံရွယ်ထားခဲ့ရတယ်``ဟုပြောလေရာ ကိုမင်းအောင်က``ဒါဆိုရင် စောနန္ဒာရဲ့ မိခင်ဟာ ဆယ်နှစ်ပွဲဈေးသည် ဆိုရင် မနက်ဖြန် ကျင်းပမဲ့ သိပေါက်ဘော်ကြီးဘုရားပွဲကို ရောက်နေမှာ သေချာတယ်``ဟုဆိုလိုက်ရာညီမ့ဖြစ်သူစောမိုကဂင်ပြီး``သိပ်ဟုတ်တာပေါ့၊ အမေ ဘော်ကြီးဘုရားပွဲမှာ ဈေးရောင်းတော့


www.burmeseclassic.com

www.burmeseclassic.com


အခါတိုင်း ကျွန်မတို့နဲ့လာတွေ့လေ့ ရှိတယ်၊ ဒါဆိုရင် ကျွန်မတို့ အမေနဲ့

အမြန်ဆုံး သွားတွေ့မှ ဖြစ်မယ်``ဟုပြောလေရာ စောနန္ဒာကခေါင်းညိတ်

ပြီး``ဟုတ်တယ်၊အမေ့မှာ အန္တရယ် ရှိနေပြီ ကိုမင်းအောင်၊ကယ်ပါဦး``

ဟုသနားစဖွယ် မျက်နှာငယ်လေးဖြင့် ပြောလေရာ ကျွန်ုပ်သည် လူဆိုး

အောင်ဒင်ကို မကျေမချမ်း ဖြစ်သွားပြီး လက်သီးဆုပ်ကာ``...တောက်

ဒီလူတွေကို နောက်တစ်ခါ ဖမ်းမိရင် ပြန်မလွှတ်ဘဲ ထောင်ထဲကို ထည့်

လိုက်ပါ``ဟုတိုက်တွန်းလိုက်၏။ ကိုမင်းအောင်က ခေါင်းညိတ်ပြီး

``မပူပါနဲ့ အိုင်ပီရယ်..ဒီလူတွေကို နောက်ကို ဒီအမှုတွေ ကျူးလွန်နိုင်မှာ

မဟုတ်တော့ပါဘူး``ဟုဆိုကာ စောနန္ဒာတို့ ညီအစ်မဘက်သို့ လှည့်ပြီး

``ကျုပ်တို့ မနက်ဖြန် နံနက်စောစောထပြီး ဘော်ကြိုဘုရားပွဲ ကျင်းပတဲ့


www.burmeseclassic.com

www.burmeseclassic.com


ခသိပေါ်မြို့ကို သွားကြမယ်၊ ခရီးထွက်ဖို့ လိုအပ်တာတွေ ပြင်ဆင်ကြပါ''

ဟုပြောလိုက်လေရာ ညီအစ်မနှစ်ယောက်စလုံး ခရီးထွက်ရန် စိတ်စော

နေကြလေ၏။ ကျွန်ုပ်ကမူ ယက္ခဂိုဏ်းနှင့် ရင်ဆိုင်ရန် ထွက်လာခဲ့ပြီးမှ

မိန်းမချောလေး နှစ်ယောက်၏ အရေးကိစ္စများကို ကူညီ ဖြေရှင်းပေး

နေခြင်းမှာ ထူးဆန်းပေစွ ဟုတွေးရင်း ကျေနပ်သလိုဖြစ်နေ လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်တို့သည် နောက်တစ်နေ့ နံနက်စောစောထပြီး ဘော်ကြို ဘုရားပွဲ ကျင်းပရာ သိပေါမြို့သို့ ထွက်ခဲ့လေ၏။ သိပေါမြို့သို့ ဘတ်စ်ကားကြီး တစ်စီးဖြင့် ခရီးဆက်ခဲ့လေ၏။ ကျွန်ုပ်တို့စုံထောက်ကျော်နှစ်ဦး နှင့်အတူ စောနန္ဒာတို့ ညီအစ်မနှစ်ယောက်လည်း ပါဝင်လေ၏။ ဘော်ကြို ဘုရားပွဲ တော် ကျင်းပရာ သိပေါမြို့ဂတ်ဂန်းကျင်သို့ ရောက်သောအခါ ပွဲတော်လာ


www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူး ခရီးသည်များနှင့် ကြိတ်ကြိတ်တိုး စည်ကားနေလေ၏။စည်ကား

လှသော ပွဲဈေးတန်းကြီးကို ကြည့်ပြီး ကျွန်ုပ်က ``စည်လိုက်တာဗျာ၊ ဒီ

လောက် ရှည်လျားတဲ့ ပွဲဈေးတန်းကြီးမှာ စောမိုတို့မိခင်ကြီး ဒေါ်မှန်းရဲ့

လက်ဖက်ဆိုင်ကို ဘယ်လို ရှာကြမှာလဲ``ဟုမေးမြန်းလေရာ စောမိုက

လက်ကာပြရင်း ``မပူပါနဲ့ရှင်၊ ဆယ်နှစ်ပွဲ ဈေးတန်းမှာ ကျွန်မအမေရဲ့

လက်ဖက်ဆိုင်ကို အဂေးကတောင် ရှာလို့ ရပါတယ်`` ဟုပြောလေ၏၊

စောနန္ဒတို့ ညီအစ်မသည် အရှေ့မှ ဦးဆောင်ပြီး ပွဲခင်းထဲ သို့ ဝင်ရောက်

သွားလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ယောက်က ညီအစ်မနှစ်ဦး

နောက်သို့ လိုက်သွားလေ၏။ ကိုမင်းအောင်က ကျွန်ုပ်၏ အနီးသို့ ကပ်၍

လေသံတိုးတိုးဖြင့် ``ရှေ့ဆက်ပြီး သတိကြီးကြီး ထားပါ၊ အိုင်ပီ အရာရှိ



www.burmeseclassic.com

www.burmeseclassic.com


ကို မီးစင်ကြည့်ကဖို့လိုတယ်``ဟုပြောလေရာ ကျွန်ပ်က ကိုမင်းအောင်၏ ဆိုလိုရင်းကို နားမလည်သော်လည်း ခေါင်းညိတ်ပြလိုက်လေ၏။

ကိုမင်းအောင် အဲ့ဒ္ဓရယ်၏ အရိပ်အငွေ့တွေကို မြင်တွေ့နေလေသလား မသိ။ ကျွန်ုပ်တို့ ရောက်ရှိနေသော ဘော်ကြီးဘုရားပွဲဈေးတွင် ယက္ခဂိုဏ်းသားများ ရောက်ရှိနေလေပြီလား။ ကျွန်ပ်သည် ယက္ခဂိုဏ်းသားများ ၏ အဲ့ဒ္ဓရယ်နှင့် ပတ်သက်ပြီး ကိုမင်းအောင်ကို မေးမြန်းရန် ပြင်လိုက်စဉ် စောနန္ဒာက အနောက်သို့ လှည့်ပြီး``နေပူလိုက်တာ ကိုမင်းအောင်၊ ကျွန်မတို့သစ်ပင်ရိပ်အောက်မှာ ခဏနားပြီး မန်ကျည်းဖျော်ရည်သောက်ရအောင်``ဟုပြောလေရာ ကိုမင်းအောင်က``ကောင်းတယ် စောနန္ဒာ ဒိရာသီမှာ မန်ကျည်းဖျော်ရည် သောက်တာသိပ် ဆေးဖက်ဝင်တယ်``ဟု


www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံလေ၏။ ကျွန်ုပ်တို့သည်အညာသားကြီးတစ်ယောက် ရောင်းချသော မန်ကျည်းဖျော်ရည် ဆိုင်ထမ်း လေးရှေ့တွင် ထိုင်လိုက်ကြ၏။ ကျွန်ုပ်တို့ လူစုသည် မန်ကျည်းဖျော်ရည် ခွက်ကိုယ်စီ ကိုင်ပြီး တစ်မ့်စိမ့် သောက်နေစဉ် အနီး ပတ်ဂန်းကျင်ရှိ လှည်းဝိုင်း တစ်ဝိုင်းရှေ့တွင်တယော သံ နွဲ့နွဲ့လေး ကြားရပြီး ဆွဲဆွဲငင်ငင် သီဆိုလိုက်သော မိန်းမပျိုတစ်ဦး၏ အသံကို ကြားရလေ၏။ ထိုမိန်းမပျို၏ အသံကောင်းလွန်း သဖြင့် ကျွန်ုပ်သည် ထိုင်ရာမှ ထပြီး လူအုပ်ထဲသို့ တိုးဝင်ကြည့်မိလေ၏။ ထိုအခါမျက် မမြင် အဘိုးအို တစ်ဦးက တယောထိုးနေပြီး မိန်းမပျိုတစ်ဦးက သီဆိုနေ ကြောင်း တွေ့ရလေ၏။ ကျွန်ုပ်၏ အနီးသို့ စောနန္ဒာတို့ မောင်နှမလည်း လာရောက်ကြည့်ရှုပြီး မိန်းမပျို၏ အဆိုကောင်းကြောင်း ချီးမွမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုနောက်တွင်မှ စောနန္ဒာက သီချင်းအဆိုကောင်းသော မိန်းမပျိုလေးကို ဆုတော်ငွေ ပေးပြီးနောက် သူမ၏ မိခင်ဒေါ်မုန်း၏ လက်ဖက်ဆိုင်ကို ပွဲခင်းထဲတွင် ဆက်လက် ရှာဖွေလေ၏။ ထိုသို့ရှာဖွေရင်း ပွဲဈေးအဆုံးထိ ရောက်ကာနီးသောအခါ ကျွန်ပ်က ကိုမင်းအောင်ဘက်သို့ လှည့်ပြီး

``ပွဲခင်းတောင် ဆုံးတော့မယ်ကိုမင်းအောင်၊သူတို့အမေရဲ့လက်ဖက်ဆိုင်ကို တွေ့ပါဦးမလား``ဟုမေးမြန်းလေရာ ကိုမင်းအောင်က လက်ကာပြပြီး ``မပူပါနဲ့ အိုင်ပီ၊ ဘော်ကြို ပွဲဈေးတန်းမှာ ဒေါ်မုန်းရဲ့ လက်ဖက်ဆိုင်ကို ရှာမတွေ့စရာ အကြောင်းမရှိပါဘူး၊ကျုပ်အထင်တော့ ဟိုး အရှေ့ကဆိုင်စုလေး ဖြစ်မယ်ထင်တယ်``ဟုပြောလေ၏။ ကိုမင်းအောင် ညွှန်ပြရာအရပ်ကို လှမ်းမျှော်ကြည့်လိုက်သောအခါ အရိပ်ရသော သစ်ပင်ကြီးအောက်


www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိသော ဆယ်နှစ်ပွဲဈေးသည်အုပ်စုတစ်စုကို တွေ့ရလေ၏။ စောနန္ဒာ ကထိုအရပ်သို့ လှမ်းမျှော်ကြည့်ပြီး ဂမ်းသာအရဖြင့် ``ဟိုမှာ.ကျွန်မအမေ ရဲ့ လက်ဖက်ဆိုင်ကို တွေ့ပြီဟု ပြောလေ၏။ ကျွန်ုပ်တို့ လှမ်းမျှော်ကြည့် လိုက်သောအခါ ဒေါ်မုန်းဇယန်းလက်ဖက်စို၊ လက်ဖက်ခြောက်ဟူသော အနီရောင်ပိတ်စ ပေါ်တွင် ရွှေစာလုံးဖြင့် ရေးထိုးထားသော စာကိုတွေ့ရ လေ၏။ ဆိုင်ရှေ့ရှိ စားပွဲဝိုင်းများတွင် လက်ဖက်သုပ် စားသုံးနေသူများ လည်းရှိနေ၏။မိန်းမချောလေး စောမိုသည် မိခင်၏ ဆိုင်ကိုတွေ့.သည်နှင့် ဆိုင်ရှိရာ သစ်ရိပ်အောက်သို့ ပြေးလွှားသွားပြီး မိခင်ကို နှုတ်ဆက်လေ၏။ စောနန္ဒာက ကိုမင်းအောင် ဘက်သို့လှည့်ပြီး``ဟိုမှာ မြင်နေရတာ ကျွန်မ အမေပဲ`ဟုတိုးတိုးပြောလေရာ ကိုမင်းအောင်က လှမ်းမျှော်ကြည့်.ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြလေ၏။ ကျွန်ုပ်တို့ ဆိုင်ရှေ့သို့ ရောက်သောအခါ လွန်စွာ မြန်မာဆန်ပြီး ဥပတိရုပ် ကောင်းမွန်သော အမျိုးသမီးကြီး တစ်ဦးကိုတွေ့ရလေ၏။ ထိုအမျိုးမိးကြီးက ကိုမင်းအောင်ကို စူးရှသော မျက်ဝန်းများဖြင့် ကြည့်လိုက်ပြီး ``ဒေညီ့သည် ပါလာတယ်ထင်တယ်'' ဟု ဆိုလိုက်ရာ စောနန္ဒာက ခေါင်းညိတ်ပြီး ```ဟုတ်တယ်အမေ၊အမေနေကောင်းရဲ့လား'' ဟုမေးမြန်းလေရာ ဒေါ်မုန်းကခေါင်းညိတ်ပြီး ``ကောင်းပါတယ်သမီးရယ် ဧည့်သည်ကို အမေ့ရှေ့ခေါ်ခဲ့ပါဦး'' ဟုဆိုလေရာစောမိုးကကိုမင်းအောင်ကို ဒေါ်မုန်းရှေ့စားပွဲသို့ ခေါ်လိုက်၏။ ကိုမင်းအောင်က ဒေါ်မုန်းရှေ့တွင်ရှိသော ခွေးခြေပုလေးတွင် ဝင်ထိုင်လိုက်၏။ ကျွန်ုပ်ကမူ ဒေါ်မုန်းရှေ့တွင် ထိုင်စရာ ခွေးခြေပုလေး တစ်လုံးသာ ရှိသဖြင့် ကိုမင်းအောင် အနောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သင့်တော်ရာ ခွေးခြေလေး တစ်လုံးတွင် ဝင်ထိုင်လေ၏။ စောနန္ဒာတို့ ညီအစ်မနှစ်ယောက်က ကျွန်ုပ်၏ အနောက်တွင်ဝင်ထိုင်လိုက်ကြ၏။ဒေါ်မုန်းက ကိုမင်းအောင်၏ မျက်နှာကိုကြည့်ပြီး``ဥပတိရုပ်ကတော့ တကယ်ကောင်းတာပဲ၊ စီအိုင်ဒီမှာ စုံထောက် မလုပ်ဘဲ ဓာတ်ရှင်ထဲမှာ မင်းသားဝင်လုပ်ရင် ပိုဖြစ်ထွန်းမယ် ထင်တယ်``ဟုပြောလေရာ စောမိုတို့၏ မိခင်ဒေါ်မုန်းက ကိုမင်းအောင်ကို စီအိုင်ဒီစုံထောက် တစ်ယောက် ဖြစ်ကြောင်း သိရှိနေသဖြင့် အံ့သြသွားမိ၏။ ကိုမင်းအောင်ကမူ ဒေါ်မုန်းစကားကိုအံ့သြဟန်မရှိဘဲ သက်ပြင်းချလိုက်ပြီး``မြန်မာပြည် စုံထောက်အဖွဲ့မှာ ကျုပ်ရှိနိုင်လိုနေသေးတယ်၊ဒါကြောင့် စုံထောက်ဘဝနဲ့ နေပါရစေဦး``ဟုပြောလိုက်ရာ ဒေါ်မုန်းက``လောကမှာ ဖြစ်ချင်တိုင်း ဖြစ်ရင်တော့ ကောင်းပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့..အဖန်ရည်လေး သောက်လိုက်ပါဦး၊ အဒေါ်လက်ဖက်က အမြင်ဆုံး

ပလောင်တောင်က ထွက်တဲ့ အကောင်းဆုံး ဖယန်း လက်ဖက်ပါ၊ အခါး

ခာတ်လုံးဂ မပါဘူး၊ အဖန်ခာတ်ပဲပါတယ်``ဟုဆိုလိုက်ပြီး ကိုမင်းအောင်

ကို အဖန်ရည်တစ်ခွက် ကမ်းပေးလိုက်လေ၏။ ကိုမင်းအောင်က အလွန်

သေးငယ်သော ကြွေပန်းကန်လုံးထဲတွင် ထည့်ထားသော အဖန်ရည်ကို

လက်နှစ်ဖက်နှင့် ရိုရိုသေသေ ယူလိုက်ပြီး တစိမ့်စိမ့် အရသာခံ သောက်

လိုက်ရင်း``ကောင်းလိုက်တဲ့ အဖန်ရည်၊ ကျုပ်တစ်သက် သောက်ဖူးသမျှ

မှာ အကောင်းဆုံးပဲ၊ လက်ဖက်ကောင်း စားချင်ရင် ပလောင်တောင်တက်

နေးရတယ် ဆိုတဲ့စကားကိုလည်း သတိရလိုက်ပါတယ်၊ လက်ဖက်ဆိုတာ

လည်း တောင်မြင့်လေ ပို အရသာကောင်းလေဆိုတော့ အမြင့်ဆုံးတောင်



www.burmeseclassic.com

www.burmeseclassic.com



ကထွက်တဲ့ ဇယန်းလက်ဖက်ဆိုတာ ယုံကြည်ပါတယ်``ဟုချီးမွမ်းလိုက် လေ၏။ ကိုမင်းအောင်၏ ဇယန်းလက်ဖက်ကို ချီးမွမ်းသော စကားကြောင့် အဖန်ရည်အလွန်ကြိုက်သော ကျွန်ပ်သည်ကိုမင်းအောင်ထံမှ မွှေးပျံသော သောရန်ကို ရရှိပြီး သောက်ချင်စိတ်များ တဖွါးဖွါး ဖြစ်ပေါ်လာလေ၏။ သို့သော် ကိုမင်းအောင်က ကျွန်ပ်၏ အဖန်ရည် ကြိုက်သော စရိုက်ကို မေ့လျော့နေဟန်ဖြင့် ဒေါ်မှန်းတိုက်သော အဖန်ရည်ကိုပင် အရသာခံပြီး သောက်နေလေ၏။ ကိုမင်းအောင်သည် အဖန်ရည်ကို ကုန်စင်အောင် သောက်ပြီးနောက် ကြွေပန်းကန်လေးကို ဒေါ်မှန်းလက်သို့ ပြန်လည်ပေး အပ်လိုက်လေ၏။ ဒေါ်မှန်းကိုမင်းအောင် လက်ထဲရှိ ကြွေပန်းကန်လုံးလေး ကို ပြန်ယူလိုက်ပြီး``ဒီ အဖန်ရည်ဟာ ကိုမင်းအောင်ဘဝမှာ သောက်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သမျှ အဖန်ရည်ထဲမှာ တန်ဘိုးအကြီးဆုံး လို့ ဆိုရမလို ဖြစ်နေပြီ``ဟုဆို လေရာ ကိုမင်းအောင်က သက်ပြင်းချလိုက်ပြီး``တကယ် တန်ဘိုးကြီးပါ့ မလား အဒေါ်``ဟုမေးမြန်းလိုက်၏။ဒေါ်မုန်းက ခေါင်းညိတ်လိုက်ပြီး ``တကယ်တန်ဘိုးကြီးတာပါ၊ တန်ဘိုး မဖြတ်နိုင်အောင်ပါပဲ``ဟုပြော လေရာ ကျွန်ုပ်သည် ဒေါ်မုန်းနှင့် ကိုမင်းအောင်၏စကားများကို လိုက်မမီ အောင်ဖြစ်နေ၏။ ဒေါ်မုန်းက ကိုမင်းအောင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ``နောက်ဆုံးတော့လည်း ဆားပုလင်းမင်းအောင်ဟာ အမှားတစ်ခုကိုပေး ဆပ်ရမဲ့ အလှည့်ကို ရောက်လာပါလား``ဟုပြောလိုက်ရာ ကိုမင်းအောင် က``ကျုပ်ဘယ်တော့မှ အမှားမလုပ်ခဲ့လို့ ပေးဆပ် စရာအကြောင်းလည်း မရှိပါဘူး``ဟုပြောလေရာ ကျွန်ုပ်သည် ကိုမင်းအောင်နှင့် ဒေါ်မုန်းတို့၏



www.burmeseclassic.com

www.burmeseclassic.com



ပြောစကားများကို နားထောင်ပြီး ပိုမို နားလည်ရ ခက်နေမိ၏။ ဒေါ်မုန်းက သက်ပြင်းချပြီး ``အမှန်တရား ဆိုတာ ကြည့်တဲ့သူဘက်က မြင်တဲ့အမြင်နဲ့လည်း ဆိုင်တယ် ဆားပုလင်းမင်းအောင်၊ဒါကြောင့် ပေးဆပ်ဖို့သာ ပြင်ပေတော့``ဟုဆိုလိုက်ရာ ကျွန်ုပ်သည် ဒေါ်မုန်းနှင့် ကိုမင်းအောင်၏ အမူအယာကို ကြည့်ပြီး နားမလည်ဟန်ဖြင့် ဆက်လက်ကြည့်ရှုနေမိ၏။ ကိုမင်းအောင်က ခေါင်းခါယမ်းပြီး ``အပြစ်ရှိသူ မဟုတ်လို့ ပေးဆပ်စရာ မလိုဘူး ဒေါ်မုန်း``ဟုဆိုလိုက်ရာ ဒေါ်မုန်းက ကိုမင်းအောင်ကို အေးစက်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး ``ရှည်ရှည်ဝေးဝေး မပြောတော့ဘူး ဆားပုလင်းမင်းအောင် မပေးဆပ်ချင်လည်း ပေးဆပ်ရတော့မယ်၊ အခု မင်း သောက်လောက်တဲ့ အဖန်ရည်ထဲမှာ အရောင်အနံ့အရသာ မရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ခပ်ထားတယ်၊ မင်း အခုချက်ချင်း ရင်ခေါင်းထဲက ကလီဇာတွေ ပြတ်တောက်ပြီး သေဆုံးရတော့မယ်၊ ဆားပုလင်းမင်းအောင်လို နံမည် ကျော် တစ်ယောက်ကို ဒီလို လုပ်ကြံလိုက်ရတာ စိတ်မကောင်းပါဘူး``

ဒေါ်မုန်း၏ စကားကို နားထောင်နေသော ကျွန်ုပ်သည် အလွန် ထိတ်လန့် အံ့ဩသွားပြီး အနောက်သို့လှည့်ကာ စောနန္ဒာတို့ ညီအစ်မနှစ်ယောက်ကို ကြည့်လိုက်လေ၏။ ညီအစ်မနှစ်ယောက်စလုံး ကျွန်ုပ်တို့နောက်ကျောကို သေနတ်ကိုယ်စီဖြင့် ချိန်ထားကြောင်း အံ့ဩဖွယ် တွေ့ရလေ၏။ ကျွန်ုပ်တို့ ၏ အနီး ပတ်ဝန်းကျင်ရှိ စားပွဲ အသီးသီးတွင် ထိုင်ပြီး လက်ဖက်သုပ် စား သုံးနေ သူများကလည်း ညီအစ်မနှစ်ယောက်၏ အပြုအမူကို အံ့ဩဟန် မရှိဘဲ အသင့်အနေအထားဖြင့် စောင့်ကြည့်နေလေ၏။ထိုအခါမှပင်



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးကို ရန်သူများက စနစ်တကျ ပိုင်းရံ ထားကြောင်း ရိပ်စားမိ၏။ ကျွန်ုပ်အလွန်မှ ယုံကြည် အားကိုးသောဆားပုလင်းမင်းအောင် ကိုယ်တိုင် ဒေါ်မုန်းတိုက်သော အဖန်ရည်ကို သောက်ပြီး မြင်းထန်သော အဆိပ် မိနေရှာ၏။ ကျွန်ုပ်တို့ကို ကယ်တင်မည့်သူ မရှိသည့်ဘဝကို ရောက်ရှိနေလေ၏။ ကျွန်ုပ်က စောနန္ဒာတို့ ညီအစ်ကိုနှစ်ယောက်ကို ဒေါသတကြီးကြည့်ပြီး``မင်းတို့ ဘာလုပ်တာလဲ၊ ငါတို့စေတနာကို စော်ကားတာလား၊ မင်းတို့ မိသားစုရဲ့ အခက်အခဲတွေကို ငါတို့အသက်နဲ့လဲပြီး ကူညီခဲ့တဲ့ ကျေးဇူးကို ပြန်ဆပ်တာလား``ဟုမေးမြန်း၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ကျွန်ုပ်ကို ငဲ့စောင်းကြည့်ပြီး``စောနန္ဒာတို့ ညီအစ်မကို အပြစ်မတင်ပါနဲ့ဗျာ၊သူတို့လည်း ကျရာတာဝန်ကိုကျေပွန်အောင်


www.burmeseclassic.com

www.burmeseclassic.com


ထမ်းဆောင်လိုက်ရတာပါ၊ တကယ်တော့ ကျုပ်ရှေ့မှာထိုင်နေတဲ့ ဒေါ်မှုန်းဟာ ယက္ခဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဒေါ်မြူရဲ့ညီအစ်မအရင်းပဲ၊ စောနန္ဒာ နဲ့စောမိုဟာ ဒေါ်မှုန်းရဲ့သမီးရင်းတွေ ဖြစ်ပြီး ကလကတ္တားအကျဉ်းထောင်မှာ ဂမ်းရောဂါနဲ့ သေဆုံးသွားတဲ့ ဒေါ်မြူရဲ့သား မောင်သိန်းရဲ့ ညီအစ်မ ဝမ်းကွဲတွေပဲ၊ သူတို့အားလုံးဟာ ယက္ခဂိုဏ်းချုပ်ဒေါ်မြူရဲ့ အမိန့်အာဏာကြောင့် ဒီလိုကျူးလွန်ရတာပဲ၊သူတို့ကို အပြစ်မတင်ပါနဲ့``ဟုပြောလေရာ ဒေါ်မှုန်းက သက်ပြင်းချလိုက်ပြီး``ကိုမင်းအောင်က အရာအားလုံးကို သိမြင်နေတာပဲ၊ ဒါကြောင့်လည်း စီအိုင်ဒီမှာ ဆားပုလင်းမင်းအောင်ဆိုပြီး နံမည်ကျော်ကြား ရတာပဲ၊ ဆားပုလင်းမင်းအောင်လို နံမည်ကျော် စုံထောက်တစ်ယောက်ကို လုပ်ကြံလိုက်ရတာ စိတ်မကောင်းပါဘူး``ဟုပြောလေ


www.burmeseclassic.com

www.burmeseclassic.com


၏။ ကျွန်ပ်သည် ကိုမင်းအောင်အဆိပ်မိခြင်းအတွက် အလွန်စိုးရိမ်သွား

ပြီး``ရရဲ့လားကိုမင်းအောင်``ဟုမေးမြန်းလိုက်ရာ ကိုမင်းအောင်က

ကျွန်ပ်ကို ငဲ့စောင်းကြည့်ပြီး ``မပူပါနဲ့ အိုင်ပီ ကျုပ်အသက်ကို သူတို့

လွယ်လွယ်နဲ့ သတ်လို့မရပါဘူး``ဟုပြောလေ၏။ ထိုအခါမှပင်ကျွန်ပ်

လည်း ကိုမင်းအောင်အတွက် စိတ်အနည်းငယ် အေးသွားမိ၏။ သူ၏

အမူအယာသည် အန္တရာယ်ကို ကျော်ဖြတ်နိုင်မည့် ဟန်ပန်မျိုး ဖြစ်သဖြင့်

ပူပင်သောက အနည်းငယ် လျော့သွားမိ၏။ ကိုမင်းအောင်၌ ဒေါ်မုန်း၏

အဆိပ်ကို ချေဖျက်နိုင်သော ဆေးစွမ်းကောင်း ရှိနေလေသလော။ ဒေါ်မုန်း

က ကိုမင်းအောင်ကို ကြည့်ပြီး ခေါင်းခါယမ်းလိုက်ကာ``ဒီ တစ်ခါတော့

ဆားပုလင်းမင်းအောင် ဆိုတဲ့ စုံထောက်အမှန်တကယ် သေဆုံးရပါပြီ၊


www.burmeseclassic.com

www.burmeseclassic.com



အခု အဖန်ရည်ထဲမှာ ခပ်လိုက်တဲ့ အဆိပ်က သောက်ပြီးရင် အသက်ရှင်ရှီး ထုံးစံမရှိဘူး၊ကာလက္ကတ္တား အကျဉ်းထောင်ထဲမှာ သေဆုံးသွားတဲ့ မောင်သိန်းအတွက် လက်စားခြေလိုက်ရတယ်လို့ပဲ မှတ်ပါတယ်``ဟုဆိုလေရာ ကျွန်ုပ်သည် ကိုမင်းအောင်အတွက် ပြန်လည် ပူပင်သွားမိပြန်၏။

ကိုမင်းအောင် ဝေဒနာ ခံစားရလျှက် ပရိယာယ်သုံးနေခြင်းပေလော...

ထိုအခိုက်မှာပင် ဆားပုလင်းမင်းအောင်က ပါးစပ်ထဲရှိ အဖန်ရည် များကို မြေပေါ်သို့ ထွီခနဲ ထွေးချ လိုက်ပြီး``ကျုပ် မသေတော့ဘူးဆိုတာ ယုံပြီမဟုတ်လား``ဟုမေးမြန်းလိုက်ရာ ဒေါ်မုန်း၏ မျက်နှာကွက်ခနဲ ပျက်သွားပြီး ကိုမင်းအောင်၏ မျက်နှာကို အံ့ဩကာ ကြည့်ပြီး``ငါ တို့အဆိပ်ခပ်မယ်ဆိုတာ ကြိုသိနေတယ်ပေါ့၊ ဒါကြောင့်လည်း ဆားပုလင်းမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး စီအိုင်ဒီမှာ ကျော်ကြားနေတာကိုး ၊ဒါပေမဲ့ ကိုမင်းအောင် ပြေးလို့ မလွတ်တော့ပါဘူး၊ နောက်ကို လှည့်ကြည့်ပါဦး``ဟုဆိုလိုက်လေ၏၊ ဆားပုလင်းမင်းအောင်က အနောက်ကို လှည့်မကြည့်ဘဲ``ကျုပ်တို့ နောက်ကျောကို သေနတ်နဲ့ ချိန်ထားတယ်လို့ ပြောဦးမလို့လား၊ ကျုပ်ကို သေရမှာ ကြောက်တဲ့ စုံထောက် အောက်မေ့လို့လား၊ သတ်ပံ့ရင် သတ်လိုက်စမ်းပါ``ဟုပြောလေ၏၊ ထိုအခါစောမိုက အံ့ကို တင်းတင်းကြိတ်ပြီး ``ကျွန်မတို့ကို အထင်သေးလှချည်လား ဆားပုလင်းမင်းအောင် ရှင့်ကို မပစ်ရဲဘူးလို့ ထင်နေသလား၊ ဒီလိုထင်ရင် မှားမယ်နော်``ဟုပြောလေသော် ကိုမင်းအောင်က မထီလေးစား ဟန်ဖြင့် ရယ်မောလိုက်ပြီး``ကျုပ် မသေနိုင်ပါဘူး စောမို၊ ကျုပ်အတွက် လက်ဖက်သုပ် ကောင်းကောင်းလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲ လောက် လုပ်ပါလား``ဟုဆိုလိုက်၏။ စောမိုက သက်ပြင်းချလိုက်ပြီး ``ရှင် ဟာ သေကာနီး တောင်မှ ကျွန်မတို့ကို နောက်ပြောင်ရဲ တာကို ချီးကျူးပါတယ်၊ ဒါပေမဲ့ ရှင် သေရတော့မယ်၊ ဘုရားတရားသာ အာရုံပြုပေတော့``ဟုဆိုကာ ဆားပုလင်းမင်းအောင်ကို ချိန်ရွယ်ထားသော သေနတ်ကို မောင်းညှစ်ထည့်လိုက်လေ၏။ ကျွန်ုပ်သည် ကိုမင်းအောင် အတွက် အလွန် စိုးရိမ်ပြီး ``မလုပ်နဲ့``ဟု အသံကုန် အော်ဟစ်လိုက်လေ၏။သို့သော် စောမို၏ သေနတ်မှ ကျည်ဆံထွက်မလာဘဲ ချောက်ဟူသော အသံကို ကြားရသဖြင့် ကိုမင်းအောင်ကလွဲပြီး ကျန်လူအားလုံး အံ့ဩလွန်းသဖြင့် ပါးစပ် အဟောင်းသား ဖြစ်သွားလေ၏။ ဒေါ်မုန်းက သေနတ် ကိုင်ထားသော စောနန္ဒာကို အားမလို အားမရ ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



``စောနန္ဒာ ဘာကြောင့် ကြည့်နေတာလဲ၊ပစ်လိုက်``ဟု အမိန့်ပေး

လေ၏။ စောနန္ဒာသည် ကိုမင်းအောင်ကို သေနတ်ဖြင့်ချိန်ပြီး ပစ်ရန်

တုန့်ဆိုင်းနေ၏။ ကျွန်ပ်က``မပစ်နဲ့ စောနန္ဒာ``ဟုအော်ဟစ်တားဆီး

လိုက်၏။ကိုမင်းအောင်က စောနန္ဒာအကြပ်အတည်း ဖြစ်နေပုံကို ကြည့်

ပြီး``သူ့ကို ဖိအား မပေးပါနဲ့တော့ဗျာ၊ စိတ်ဒဏ်ရာ ရသွားပါ့မယ်``

တကယ်တော့ စောနန္ဒာ ကျုပ်ကို ပစ်လို့လည်း မရပါဘူး၊ ဘာလို့လဲ

ဆိုတော့ သူတို့ ညီအစ်မနှစ်ယောက်ရဲ့ သေနတ်မှာကျည်ဆံမရှိပါဘူး

ကျည်ဆံတွေက ဟောဒီမှာပါ``ဟုဆိုကာ ကုတ်အင်္ကျီထဲရှိ သေနတ်

ကျည်ဆံများကို ထုတ်ပြလိုက်၏။ စောမိုသည် ကိုမင်းအောင် လက်ထဲရှိ

သေနတ် ကျည်ဆံများကို ကြည့်ပြီး အံကို ကြိတ်ကာ``ရှင့် လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆံတွေ ဘယ်လို ရောက်နေတာလဲ``ဟုမေးမြန်းရာ ဆားပုလင်း

မင်းအောင်က``ပွဲဈေးတန်းမှာ မိန်းကလေးတစ်ယောက် တယောနဲ့

သီချင်း ဆိုတာကို စောမိုတို့ သွားကြည့်ကတည်းက လွယ်အိတ်ထဲက

သေနတ်တွေကို ယူပြီး ကျည်ဆံထုတ်ထားတာပါ``ဟုပြောလေရာ

စောမိုက မျက်နှာရှုံ့မဲ့ပြီး``ရှင် တော်တော်လည်တဲ့ စုံထောက်ပဲ``ဟု

ပြောလိုက်လေ၏။ ကိုမင်းအောင်က မျက်နှာပျက်နေသော ဒေါ်မုန်းကို

ကြည့်ကာ``တကယ်တော့ အဒေါ်တို့ သားအမိတွေ ဒေါ်မြူရဲ့ ဩဇာကို

မလွန်ဆန်နိုင်တာ နားလည်ပါတယ်၊ တကယ်တော့ အိန္ဒယမှာ တာန်ထမ်း

ဆောင်နေတုန်းက ကျူပ်ဟာ မောင်သိန်ကို ဒေါ်မြူရဲ့သားမှန်းလည်း မသိ

ခဲ့ဘူး၊ ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်တာဖြစ်တယ်၊ ဒေါ်မြူရဲ့သားဟာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိလို့ အပြစ်ဒဏ်ခံရပြီး ထောင်ထဲမှာ ဝမ်းရောဂါနဲ့ ဆုံးရတဲ့ စီအိုင်ဒီ စုံထောက်ကို အပြစ်မြင်ပြီး ရန်လိုမုန်းထားတာ ကလေးဆန်လွန်း ပါတယ် ဟုပြောလေရာ ဒေါ်မုန်းတို့ သားအမိသည် ကိုမင်းအောင်၏ စကားကို နားထောင်ပြီး တွေဝေသွားလေ၏။ထိုနောက်ဒေါ်မုန်းကသက်ပြင်းချလိုက် ပြီး ``ဘာပဲဖြစ်ဖြစ် ငါတို့က ယက္ခဂိုဏ်းဝင်တွေဖြစ်တယ်၊ ဂိုဏ်းချုပ်ဒေါ်မြ ရဲ့စကားကို ပယ်ရှားလို့မရဘူး၊ မင်းကို မဖြစ်မနေ တိုက်ခိုက်ရမှာဘဲ`` ဟု ဆိုလိုက်လေရာ ကိုမင်းအောင်က သက်ပြင်းချပြီး``ကျုပ်ကို ဒေါ်မုန်းတို့ တိုက်ခိုက်ရင် အချည်းနှီး ဖြစ်သွားမှာပေါ့၊ ဒေါ်မုန်းရဲ့ အနီးဆုံးမှာ ကျုပ်ရှိ နေတယ်၊ ကျုပ်ဟာ မျက်စိတစ်မှိတ်အတွင်း ဒေါ်မုန်းကို အွန္တရာယ်ပြုနိုင် တယ်၊ ဒေါ်မုန်းရဲ့သမီးနှစ်ယောက်နဲ့ စားပွဲဝိုင်းတွေမှာ ထိုင်ပြီး ကျုပ်တို့င်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေတဲ့ ယက္ခဂိုဏ်းက လူတွေကို ဒေါ်မုန်း အားကိုးလို့ မရဘူး သူတို့ကို ကျူပ်တစ်ယောက်တည်း ထိမ်းချုပ်ထားနိုင်တယ်၊ ဒါအပြင်သူတို့ ကို ဖမ်းဆီးချင်ရင်လည်း လည်း ကျူပ်လက်လေးတစ်ဖက် မြှောက်လိုက် တာနဲ့ လွယ်လွယ်ဖမ်းဆီးလို့ရတယ်၊ ဒီမှာကြည့် ``ဟုဆိုကာဆားပုလင်း မင်းအောင်က လက်တစ်ချက် မြှောက်ပြလိုက်ရာ ခပ်လှမ်းလှမ်းရှိ သစ်ပင် ကြီး များနောက်မှ လက်နက်ကိုင် ပုလိပ်ဆယ်ယောက်ခန့်ထွက်လာ၏။ ပုလိပ်များကို ကြည့်ပြီး ကျွန်ပ်ကိုယ်တိုင် အံ့ဩသွားလေ၏။ကိုမင်းအောင် သည် ကျွန်ပ်ကိုပင် အသိမပေးဘဲ အရာရာကို ကြိုတင်ပြင်ဆင်ထားပုံရ၏ စားပွဲအသီးသီးတွင်လက်ဖက်စားဟန်ဖြင့် ရှိနေသော ယက္ခဂိုဏ်းသားများ သည် ပုလိပ်များကို ကြည့်ပြီး စိတ်ဓာတ်ကျသွားလေ၏။ ကိုမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



က ဒေါ်မုန်း၏ မျက်နှာကို စိန်ခေါ်သလို ကြည့်လိုက်ပြီး``ဘယ်လိုလဲ

ဒေါ်မုန်း ကျုပ်ကိုရန်ပြဦးမှာလား``ဟုဆိုလိုက်ရာ ဒေါ်မုန်းက အားမတန်

တော့လည်း မာန်လျော့ရတော့မှာပေါ့၊ ဒါပေမဲ့ ဒေါ်မြူကတော့ မင်းကိုခွင့်

လွှတ်မှာ မဟုတ်ဘူးနော်``ဟုဆိုလိုက်ရာ ကိုမင်းအောင်က ခေါင်းညိတ်

ပြီး သူကို ကျုပ်ကိုယ်တိုင် ဖမ်းဆီးမှာပါ၊ သူကို မဖမ်းဆီးဘဲ လွှတ်ထားရင်

သူဟာ ရာဇဝတ်မှုကြီး တစ်ခုကိုကျူးလွန်ဖို့ ပြင်လိမ့်မယ်၊ ဒီမှာ ဒေါ်မုန်းကို

ကျုပ် တစ်ခုတော့ မှာချင်တယ်၊ကျုပ်တို့ မြန်မာပြည်ကြီး သူ့ကျွန်ဘဝကို

ရောက်နေချိန်မှာ ယက္ခဂိုဏ်းလို အစဉ်အလာရှိတဲ့ ဂိုဏ်းကြီး တစ်ဂိုဏ်းက

တိုင်းပြည်တိုးတက်ရေးမှာ အားတစ်ရပ်အနေနဲ့ ရှိနေပါစေဗျာ``ဟုပြော

ပြီး ထိုင်ရာမှ ထရပ်လိုက်ရာ ဒေါ်မုန်းက သက်ပြင်းချလိုက်ပြီး ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com


မင်းအောင်ရဲ့ စကားတွေဟာ အင်မတန် တန်ဘိုးရှိပါတယ်၊ ဒါကြောင့် တိုင်းပြည်အရေးအတွက် ယက္ခဂိုဏ်းကို အားတစ်ရပ်ဖြစ်စေဖို့ ကြိုးစားပါ့မယ်``ဟုပြောလိုက်ရာ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``အောင်မြင်ပါစေ ကျွန်တော်သွားတော့မယ်၊ အားလုံး ကံမကုန်သေးရင် ပြန်ဆုံကြသေးတာပေါ့``ဟုပြောပြီးကျွန်ုပ်ဘက်သို့ လှည့်လိုက်ရာ စောနန္ဒာကကိုမင်းအောင်ကို အားတုန့်အားနာဟန်ဖြင့် ကြည့်ရင်း``ကိုမင်းအောင်ရဲ့ အသက်ကိုရန်ပြုမိတာ၊ တောင်းပန်ပါတယ်နော်၊စော တို့ညီအစ်မကို ခွင့်လွှတ်ပါ``ဟု ဟုဆိုလိုက်ရာ အလွန်စိတ်ထားပြည့်ဝသော ဆားပုလင်း မင်းအောင်က မိမိအသက်ကို ရန်ရှာခြင်းကိုပင် အမှုထားဟန်မရှိဘဲ ``ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး၊ ဆားပုလင်းမင်းအောင်ရဲ့ သက်တန်းမှာ အသက်ကို ရန်ရှာ


www.burmeseclassic.com

www.burmeseclassic.com


ခံရတာ မဆန်းတော့ပါဘူး။ ဒီနေ့ထိ သေအောင်မသတ်တာကိုပဲ ကျေးဇူး

တင်လှပါပြီ' 'ဟုပြောကာဒေါ်မုန်းခေါင်းဆောင်သော ယက္ခဂိုဏ်းသားများ

ကို ကျောခိုင်းထွက်ခဲ့လေ၏။ ထိုအခါ ယက္ခဂိုဏ်းသားများကို ဝိုင်းရံထား

သော ပုလိပ်များလည်း အနီးမှ ပြန်လည် ထွက်ခွါသွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ဘော်ကြီးဘုရားပွဲဈေးမှ ပြန်လာပြီးနောက် ကိုမင်းအောင်က မွန္တလေးဘက်သို့ ဦးတည်ပြီး ဆင်းလာခဲ့ကြ၏။လမ်း၌ ကိုမင်းအောင် ကျွန်ုပ်ဘက်သို့ လှည့်ပြီး``အိုင်ပီကို အသိမပေးဘဲထားလို့ ကျွဲမြီးတိုနေပုံရတယ်``ဟုဆိုလိုက်ရာ ကျွန်ုပ်က``ကိုမင်းအောင် ကျုပ်ကို တစ်ချိန်လုံး လျှို့ဝှက်ထားတယ်ဗျာ၊ ကျုပ်ကတော့ ကိုမင်းအောင်ကို စောမို သေနတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်မယ်ကြံတုန်းက စိုးရိမ်လိုက်ရတာ``ဟုပြောလိုက်ရာ ခွင့်လွှတ်ပါ ဗျာ၊ ကျုပ်တို့က ယက္ခဂိုဏ်းဝင် စောနန္ဒာတို့ကို အယုံသွင်းပြီးနေရတာဆိုတော့ အိုင်ပီကိုယ်တိုင် ဒီကိစ္စတွေကို မသိနားမလည် ဘူးဆိုရင် ပို သဘာဝကျ မယ်ထင်လို့ပါ၊ နားလည်ပေးပါ``ဟုတောင်းပန်၏။ ကျွန်ုပ်ကဆားပုလင်း မင်းအောင်၏ တောင်းပန်မှုကြောင့် စိတ်ပြေသွားပြီး``ကိုမင်းအောင်ယက္ခ ဂိုဏ်းရဲ့လှုပ်ရှားမှုတွေကို ကြိုတင်ထောက်လှမ်းထားတယ်နော်``ဟုပြော လေရာ ကိုမင်းအောင်က``ယက္ခဂိုဏ်းဟာ အရည်အချင်း ရှိတဲ့ဂိုဏ်းဆို တော့ကျုပ်တို့ကို မျက်ခြေမပြတ် လိုက်လာနိုင်တယ်ဗျ၊ တစ်ခုတော့ ရှိ တယ်၊သူတို့ နောက်က လိုက်လာအောင် ကျုပ်ကိုယ်တိုင် အကွက်ဆင် ထားတာလည်း ပါတာပေါ့ဗျာ``ဟုပြောလေရာ ကျွန်ုပ်က မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com


ကြုတ်ပြီး``ဘယ်လို အကွက်ဆင်တာလဲ ကိုမင်းအောင်``ဟုမေးမြန်းလေ၏။ဆားပုလင်းမင်းအောင်က``စောနန္ဒာတို့ မဟာမြိုင်စံအိမ်ကြီး ရှိတဲ့မြို့ပေါ်က သစ်လုံးအိမ်လေးမှာ သွားနေတာ ယက္ခဂိုဏ်းကို စစ်မြူတဲ့အနေနဲ့သွားတာဗျ။ ယက္ခဂိုဏ်းက လူတွေက ကျုပ်တို့သစ်လုံးအိမ်လေးမှာ လာပြီး ပုန်းခိုနေတာ သိတော့ ကျုပ်ကိုပြန်ပြီး စစ်မြူတဲ့အနေနဲ့ သူတို့ညဥ့်နက်သန်းခေါင် ကျုပ်တို့နေတဲ့ သစ်လုံးအိမ် အနီးက ဇရပ်ပျက်ကြီးမှာ လာပြီး ဆွေးနွေးတိုင်ပင်ဟန်ပြကြတယ်``ဟုပြောလေရာကျွန်ုပ်ကကိုမင်းအောင်၏မျက်နှာကို အံ့သြဟန်ဖြင့် ကြည့်ပြီး``ဟင်...ဒါဆို လူဆိုးခေါင်းဆောင်အောင်ဒင်တို့အဖွဲ့ဟာ စောနန္ဒာတို့ ယက္ခဂိုဏ်းက ပဲပေါ့နော်`ဟုဆိုလိုက်ရာ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``ဟုတ်တာပေါ့ဗျာ၊ အောင်ဒင်တို့


www.burmeseclassic.com

www.burmeseclassic.com



လိုချင်နေတယ်ဆိုတဲ့ ပျူစော်နတ်ရုပ်လေးရဲ့လက်ရာကို မြင်ကတည်းက နတ်ရုပ်ဟာ ပျူစော်လက်ရာ မဟုတ်ဘဲ အတုကြီးဆိုတာ ရိပ်မိတယ်ဗျ'' ဟုဆိုလိုက်ရာကျွန်ုပ်ကသက်ပြင်းချပြီး ``ကိုမင်းအောင်က အရာရာကြိုသိနေတယ်နော်၊ ကျုပ်ကတော့ ဘာမှမသိဘူးဗျာ၊ဒါနဲ့ စောနန္ဒာတို့ ညီအစ်မကို စော်ဘွါးကြီးက မွေးစားတယ် ဆိုတာအမှန်ပဲလား'' ဟုမေးမြန်းလေ၏ ကိုမင်းအောင်က ခေါင်းညိတ်ပြီး ``စော်ဘွါးကြီးကတော့ အမှန်ဗျ၊ စောမိတို့အဖေဟာ စော်ဘွါးကြီးကိုကျားရဲ အန္တရယ်က ကယ်တင်ခဲ့တယ်ဆိုတာ အမှန်ပဲဗျ၊ သူ့တို့ မိသားစုမှာ မိခင်ဒေါ်မုန်းက ဖခင်နဲ့အတူ စော်ဘွါးဆီမှာ လိုက်မနေဘဲ ဆယ့်နှစ်ပွဲဈေးမှာ ဈေးသည်လုပ်နေတာ အမှန်ပဲဗျ၊ ကျုပ်တို့အတွက် ပိုကောင်းသွားစေတာက ဒေါ်မုန်းဟာယက္ခဂိုဏ်းရဲ့ ဂိုဏ်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြှုရဲ့ ညီမအရင်းဆိုတာ ကျုပ်တို့ မိတ်ဆွေ သူရိယစန္ဒာဂိုဏ်းကြီး ဆိ က သတင်းအတိအကျ ရထားတာပဲ၊ဒါကြောင့် စောနန္ဒာတို့ မဟာမြိုင်အိမ် ကြီး အကြောင်းကို ကျုပ်ကြိုတင်သိနေပြီး သူတို့ ညီအစ်မ ရှိတဲ့မြို့ကိုကျုပ် မိတ်ဆွေမှုဆိုးကြီး အကူအညီနဲ့ ရောက်သွားပြီးသူတို့ကို တန်ပြန်နိုင်တာပဲ

``ဟုပြောလေရာ ကျွန်ုပ်သည် စောမို တို့ညီအစ်မနှင့် အောင်ဒင်တို့ လူဆိုးအဖွဲ့တွေ့ဆုံစဉ် ကိုမင်းအောင်က အောင်ဒင်တို့အား ဖမ်းဆီးခြင်း မရှိဘဲ လွှတ်ပေးလိုက်ပုံကို သတိရလေ၏။ ကိုမင်းအောင်က ကျွန်ုပ်၏ စိတ် တွင်းကို ထိုးဖောက်မြင်ယောင်ဟန်ဖြင့် ``အောင်ဒင်တို့အဖွဲ့ကို လက်ရ မဖမ်းဘဲ သူတို့ကို မသိဟန်ဆောင်ပြီး လွှတ်ပေးနေတုန်းက အိုင်ပိ ကျုပ်ကို နားမလည်နိုင်အောင် ဖြစ်ခဲ့တာ သိပါတယ်၊ ကျုပ်က သူတို့ ကို



www.burmeseclassic.com

www.burmeseclassic.com


ထောင်ချောက်ဆင်ထားတာပါ ဟုပြောလေ၏။ ကိုမင်းအောင်က ဆက်ပြီး ``ယက္ခဂိုဏ်းဟာ ကျုပ်ကို သူတို့စက်ကွင်းထဲကို တဖြည်း ဖြည်း မျှားခေါ်ပြီး ဇိဂိန်ချေဖို့ ပြင်တာဗျ၊ ကျုပ်တို့ ကြိုတင်သိမြင်နေလို့ အန္တရာယ်စက်ကွင်းထဲက အလွတ်ရုန်းနိုင်ခဲ့တာပဲ`` ဟုပြောရာ ကျွန်ုပ်က ဒါနဲ့ နေပါဦး ယက္ခဂိုဏ်းက ဂိုဏ်းချုပ်ဒေါ်မြူက မောင်သိမ်းအတွက် ကိုမင်းအောင်ကို ရန်ငြိုးဖွဲ့ နေတုန်းဆိုတော့ ဒေါ်မြူရဲ့ ရန်ငြိုးရန်စကို ဘယ်လိုရှင်းမလဲ`` ဟုမေးမြန်းလေရာ ကိုမင်းအောင်က သက်ပြင်းချပြီး ``ဒေါ်မြူကို ကျုပ်ကိုယ်တိုင် လက်ရဖမ်းဆီးဖို့ ကြိုးစားမယ်၊ဒေါ်မြူရဲ့ရင်ထဲမှာအမုန်းတရားပြည့်နေတယ်၊ ဒေါ်မြူနဲ့ ပတ်သက်တဲ့ သဲလွန်စကို ကျုပ်မရရအောင် ရှာဖွေနေတယ်၊ ကျုပ် ရှာဖွေလို့ ရသမျှ သဲလွန်စတွေကတော့ ဒေါ်မြူဟာ


www.burmeseclassic.com

www.burmeseclassic.com



သူ့သားနံမည်နဲ့ ကုသိုလ်ကောင်းမှုလုပ်ထားတဲ့ ကမ္ပည်းစာတန်းလေး တွေရှိတယ်၊ ပထမဆုံး တွေ့ရတာက ရှမ်းပြည်က ရွှေဥမင်ဘုရားမှာပဲ၊ နောက်တော့ ကမ္ပည်းစာတန်းတွေက မြေပြန့်ဘက်ကို ရောက်လာတာ ပုပ္ပါးအထိတွေ့ရသေးတယ်၊နောက်တော့ မတွေ့ရတော့ဘူး``ဟုပြောရင်း တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားဟန်ဖြင့် ငြိမ်သက်သွား၏။ ကျွန်ုပ် ကမူ စုံထောက်အရာရှိတစ်ယောက် ဖြစ်သော်လည်း အရာရာကို သူတပါး အားကိုးသူဖြစ်သဖြင့် ဆားပုလင်းမင်းအောင်ကိုသာ အားကိုးမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် မန္တလေးမြို့သို့ ရောက်ရှိခဲ့လေ၏။ ကျွန်ုပ်တို့ လမ်းကြုံလိုက်လာသော လော်ရီကားကြီး ဦးပိန်တံတားအနီးသို့ ရောက်သောအခါကိုမင်းအောင်က စပယ်ရာကို အခကြေးငွေပေးပြီး ကားပေါ်မှ ဆင်းခဲ့လေ၏။ ပြီးနောက်ကိုမင်းအောင်က ကျွန်ုပ်ဘက်သို့လှည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



``ဦးပိန်တံတားဘက်ကို သွားရအောင် အိုင်ပီ``ဟုပြောပြီး နှစ်ယောက်သား လျှောက်လှမ်းခဲ့လေ၏။ တံတားအနီးရှိ အရိပ်ကောင်းစွာ ရရှိသော ဇရပ်တစ်ဆောင် အရှေ့ရှိ တယောသံနှဲ့နှဲ့လေးကို ကြားရပြီး မိန်းမပျို၏ လွမ်းဆွေးဖွယ် ကောင်းသောအသံကို ကြားရလေ၏။သီချင်းသံကြောင့် ကျွန်ုပ်က အလွန်အံ့ဩသွားပြီး``ဟင်..ဒီ မိန်းးကလေးရဲ့ အသံကိုကျွန်ုပ် မှတ်မိတယ်၊သူဟာ ဘော်ကြိုဘုရားပွဲမှာ သီချင်းဆိုတဲ့ မိန်းကလေးပဲ``ဟုဆိုလိုက်ရာ ကိုမင်းအောင်က ကျွန်ုပ်ဘက်သို့ လှည့်ပြီး``အိုင်ပီ မဆိုးဘူး အနုပညာပါရမီ ဓာတ်ခံ ကောင်းသားပဲ၊ တစ်နေ့ မြန်မာပြည်မှာ စာရေးဆရာ အနေနဲ့ အောင်မြင်ကျော်ကြားမှာ သေချာတယ်``ဟုမှတ်ချက်ချလေ၏။ကျွန်ုပ်က မျက်မှောင်ကြုတ်ပြီး``ဘော်ကြိုဘုရားပွဲကနေ မန္တလေးကို ရောက်တာ မြန်လိုက်တာ``ဟုမှတ်ချက်ချလေ၏။ထိုအချိန်တွင် ဇရပ်ရှေ့ရှိ လူအုပ်ထဲသို့ ဆားပုလင်းမင်းအောင် တိုးဝှေ့ဝင်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏ ရှေ့တွင်ချထားသော ဖလားထဲသို့ ငွေစက္ကူတစ်ရွက် ထည့်နေကြောင်းတွေ့ရလေ၏။ကိုမင်းအောင်သည် မိန်းမပျို၏ ဖလားထဲသို့ ငွေလှူပြီး ပြန်ထွက်လာကာ ဦးပိန်တံတား အနီးရှိ အကြော်ဆိုင် တစ်ဆိုင်တွင်သွားထိုင်ပြီး လက်ထဲရှိ စာရွက်လေး တစ်ရွက်ကို ဖတ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေ၏။ ကျွန်ုပ်က ကိုမင်းအောင်ကို ကြည့်ပြီး ``ဘာတွေ သဘောကျနေတာလဲ ''ဟုမေးမြန်းလေရာ ဆားပုလင်းမင်းအောင် ``ယက္ခဂိုဏ်း ခေါင်းဆောင် ဒေါ်မြရဲ့ သဲလွန်စကို ရပြီဗျ၊ ကျုပ်တို့ ဒေါ်မြနဲ့ထိပ်တိုက် တွေ့ရတော့မယ်၊ လောလောဆယ် ဒေါ်မုန်းတို့ ယက္ခဂိုဏ်းသား တွေနဲ့ သူဘာယ်လို အဆက်အသွယ် လုပ်သလဲဆိုတာ ကျုပ်ခန့်မှန်းကြည့်တော့ စာတိုက်ကကြေးနန်း ဒါမှမဟုတ် စာနဲ့အဆက်အသွယ် လုပ်တယ်လို့ ခန့်မှန်းမိတယ်၊ ဒါကြောင့် ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ကို ဒေါ်မုန်းတို့ ဆယ့်နှစ်ပွဲ ဈေးသည် အုပ်စုထဲမှာ ထည့်ထားတယ် ဗျ။ ဘော်ကြို ဘုရားပွဲတော်မှာတုန်းက တယောနဲ့သီချင်းဆိုတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဈေးသည်တွေထဲမှာ ကျုပ်ထည့်ထားတဲ့ သူလျှိုပဲ သူ့ကိုတယောထိုး ထိုးပေးတဲ့ အဘိုးကြီးက ကျုပ်မိတ်ဆွေ ဦးကောက် ဆိုတဲ့ လူစွန့်စားကြီး တယောက်ပဲ၊ဒါကြောင့် ယက္ခဂိုဏ်းရဲ့ လှုပ်ရှားမှုတွေ ကို ကျွန်တော်က ခြေတစ်လှမ်းအသာနဲ့ အမြဲတန်း ကြိုသိနေတာပဲ``ဟုပြောလေ၏။ ထို အခါ ကျွန်ုပ်၏ မျက်လုံးပြူးသွားပြီး``ဟင်..ဒါဆို စောစောက ဇရပ်မှာ ကိုမင်းအောင် ပိုက်ဆံသွားလှူတဲ့ မိန်းကလေးက ကိုမင်းအောင်ဈေးသည် တွေထဲမှာ ထည့်ထားတဲ့ သူလျှိုပေါ့``ဟု အံ့ဩဟန်ဖြင့် မေးမြန်းလေရာ ကိုမင်းအောင်ကို ခေါင်းညိတ်ပြီး``ဟုတ်တယ်၊သူတို့မောင်နှမနဲ့ ချိန်းဆို ထားပြီး သူတို့ဆီက အရေးကြီးသတင်း တစ်ခုကို ကျုပ်ရလိုက်တာပဲ``ဟု ပြောလေရာ ကျွန်ုပ်က``ဘယ်လိုသတင်းရလိုက်တာလဲ ကိုမင်းအောင် ကျုပ်တော့ ဘာမှမမြင်ပါလား``ဟုမေးမြန်းလေရာ ကိုမင်းအောင် က ``ကျုပ် လှူအုပ်ထဲ တိုးဝင်ပြီးအလှူခံဇလားထဲကို ငွေတွေသွားထည့် ပေးတာ အိုင်ပီ မြင်တယ်မဟုတ်လား၊ တကယ်တော့ ပရိသတ်ကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



က လက်လှည့်ပညာနဲ့ လှည့်စားပြီး အလှူ့ဖလားထဲက စက္ကူခေါက်လေးကို ပြန်ယူလာခဲ့တာဗျ ဒီစက္ကူခေါက်လေးမှာ ယက္ခဂိုဏ်းရဲ့ ခေါင်းဆောင် ဒေါ်မြူနဲ့ ပတ်သက်တဲ့ သဲလွန်စ တွေ့ပါလာတယ်၊ ဒေါ်မြူဟာ မြေလတ်ပိုင်းမြို့တစ်မြို့ကို ရောက်နေတယ်၊ ကျုပ်တို့ ဒေါ်မြူနောက်ကို လိုက်ပြီး လက်ရဖမ်းဆီးရမယ်၊ ဒေါ်မြူကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်တော့ဘူး၊သူ ကြာရင် ရာဇဝတ်မှုတွေ ကျူးလွန်လိမ့်မယ်`ဟုပြော၏။

ကိုမင်းအောင်သည် စာတိုက်တစ်ခုရှေ့သို့ ရောက်သောအခါ ကြေးနန်းရိုက်ရန်ဟု ဆိုကာ စာတိုက်ထဲသို့ ဝင်ရောက်သွားလေ၏။ကျွန်ုပ်သည် မည်သည့်ကိစ္စကို မဆို အဘက်ဘက်က ခေါင်စေ့အောင် စဉ်းစားပြီး ကြံစည်တတ်သော ဆားပုလင်းမင်းအောင်ကို ပို၍လေးစားသွားလေ၏။

ထိုနောက်တွင်မှ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် မန္တလေးမြို့တွင် တစ်ပတ်ခန့် အချိန်ဖြုန်းရင်း မန္တလေးနှင့် စစ်ကိုင်းတပိုက်ရှိ မြန်မာ့ရိုးရာအနုလက်ရာများကို လိုက်လံကြည့်ရှုရင်း အချိန်များကို ကုန်လွန်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် တစ်ပတ်ကြာသောအခါ မွန္တလေးမှ ထွက်ခွါရန် ပြင်ဆင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် မွန္တလေးမှ မြေလတ်ပိုင်း မြို့သို့ဘတ်စ်ကားဖြင့် ခရီးဆက်ခဲ့လေ၏။ ကျွန်ုပ်သည် ဘတ်စ်ကားစီးရင်း မြေလတ်ပိုင်း မြို့သို့ ရောက်သောအခါ ယက္ခဂိုဏ်း၏ ဂိုဏ်းချုပ် ဒေါ်မြူကို လက်ရ ဖမ်းဆီးပြီးလျှင် ကျွန်ုပ်တို့ ခရီးလမ်း အဆုံးသတ်မည်ဟု တွေးမိလေ၏။ ကိုမင်းအောင်ကမူ ဒေါ်မြူနှင့် ပတ်သက်သော သဲလွန်စ အထိုက်အလျောက် ရရှိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ ယက္ခဂိုဏ်းချုပ်တစ်ယောက်ကို လွယ်လွယ် ဖမ်းဆီးလို့ ရနိုင်မည်လား မသိ။ ကျွန်ုပ်သည် ရောက်တတ်ရာရာ တွေးရင်း ဘတ်စ်ကား ပေါ်တွင် အိပ်ပျော်သွားလေ၏။ ကျွန်ုပ်အိပ်ယာမှ နိုးသောအခါ ကိုမင်းအောင်က ``အိုင်ပီ အိပ်ယာနိုးတာနဲ့ အတော်ပဲဗျာ ကျုပ်တို့ ခရီးလမ်းဆုံး မြို့ကို ရောက်ပြီ၊ မြို့ပေါ်မှာ တည်းခိုခန်း မရှိတော့ဘုန်းကြီးကျောင်း ဇရပ်တစ်ခုကို ရှာပြီး တည်းခိုရမှာပဲ``ဟုပြောလေ၏။ ကျွန်ုပ်တို့သည် မြို့ပြင်ရှိ ကျယ်ဝန်းသော ကျောင်းကြီး၏ အပြင်ဘက်တွင် ရှိသော ဇရပ်၌ တည်းခိုခဲ့လေ၏။ ထိုနောက်ဆားပုလင်းမင်းအောင်သည် ကျောင်းထိုင်ဆရာတော်ထံသို့ သွားရောက်ဖူးမျှော်ပြီး ကျောင်းဇရပ်၌ ခေတ္တတည်းခိုခွင့် ပြုရန်ခွင့်တောင်းလေ၏။ ကျွန်ုပ်တို့သည် ညမှောင်ရီသန်းစ ပြုသောအခါမြို့ထဲသို့ သွားပြီး လွန်စွာညံသောထမင်းဆိုင်မှ ညစာကို စားရလေ၏။ ညစာ စားပြီးနောက် ကျွန်ုပ်တို့သည် မြို့ထဲတွင် လှည့်လည်ကြည့်ရှုရာ မြို့သည် အတော်အတန် ကျယ်ဝန်းပြီး စီးပွါးရေး ကောင်းမွန်ပုံ ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ပ်တို့သည် မြို့ထဲတွင် အတန်ကြာအောင် လှည့်လည်ပြီး ကျောင်းရပ်သို့ ပြန်ပြီး အိပ်စက်ရန် ကြိုးစားလေ၏။ ကိုမင်းအောင်က အိပ်ယာမဝင်မီ ကျွန်ပ်ဘက်သို့ လှည့်ပြီး ``ယက္ခဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဒေါ်မြှုကို ကျုပ်ကိုယ်တိုင် ထိပ်တိုက်တွေ့ပြီး မဆိုင်တဲ့ စီအိုင်ဒီကလူတွေကို ဒုက္ခမပေးဖို့ နားချရမယ်၊ ဒေါ်မြှုကို ဒီအတိုင်း ဆက်ထားရင် ရာဇဝတ်မှုကြီးတွေ ဖြစ်လိမ့်မယ်``ဟုပြောလေရာ ကျွန်ပ်က``ဒေါ်မြှုကို ကိုမင်းအောင် နားချလို့ မရရင် ဘယ်လိုလုပ်မလဲ``ဟုမေးမြန်းရာ ကိုမင်းအောင်က မျက်မှောင်ကြုတ်ပြီး``ဒီလိုဆိုရင် ကျုပ်ကိုပဲ ထိပ်တိုက်တွေ့ပြီး လက်စားချေဖို့ ပြောရမယ်``ဟုပြောလေရာ ကျွန်ပ်က``ဒါဆိုရင်တော့ ထိပ်တိုက်တွေ့ရင် အကြမ်းဖက်မှုတွေ ဖြစ်လာနိုင်တယ်``ဟုပြောလေရာ ကိုမင်းအောင်က သက်ပြင်းချပြီး``ရှောင်လွှဲလို့ မရလည်း ဘာတတ်နိုင်မှာလဲဗျာ``ဟုပြောလေ၏။ ကျွန်ပ်က ဆားပုလင်းမင်းအောင်ကို ကြည့်ပြီး``ဒေါ်မြှုနဲ့ ပတ်သက်လို့ ကိုမင်းအောင်က သဲလွန်စ တိတိကျကျ ရထားပေမဲ့ သတိထား


www.burmeseclassic.com

www.burmeseclassic.com


ကိုင်တွယ်နေပုံထောက်တော့ ဒေါ်မြဆိုတဲ့ အဘွားကြီးဟာ ကြောက်စရာ တော်တော် ကောင်းပုံရတယ်``ဟုပြောလေရာ ကိုမင်းအောင်က``သိပ် ဟုတ်တာပေါ့ဗျာ၊ ဒေါ်မြဟာ အဘွားကြီး ပေမဲ့ ရှမ်းကြီးသိုင်းကို ကောင်း ကောင်းတတ်တယ်၊ ဒေါ်မြ ငယ်စဉ်က သူရိယစန္ဒာဂိုဏ်းချုပ်နဲ့ ရင်ဆိုင် တိုက်ပွဲ ဝင်ဖူးတယ်၊ ဒေါ်မြရဲ့ ဆရာက ပန်းကိုးပွင့်အဖွဲ့က သဇင်ဆိုတဲ့ မိန်းမပဲဗျ၊ ဒေါ်မြလို လူမျိုးကို မပိုင်ဘဲ သွားလုပ်လို့ မရဘူး``ဟုပြောလေ ရာ ကျွန်ုပ်က ဒီမြို့ကျဉ်းကျဉ်းလေးမှာ ဒေါ်မြကိုဘယ်လိုရှာရမလဲ``ဟု ပြောလေရာ ကိုမင်းဇေအာင်က``အိုင်ပီကို စုံထောက်ဉာဏ်ရည် ရင့်သန် စေချင်တဲ့ စေတနာရယ် တစ်နေ့ စာရေးဆရာလုပ်မယ် ဆိုတဲ့ အိုင်ပီ အတွက် အကျိုးရှိမယ် ထင်လို့ ဒေါ်မြနဲ့ ပတ်သက်တဲ့ သဲလွန်စတွေကို မပြောဘဲနေတာဗျ``ဟုပြောလေရာ ကျွန်ုပ်က``ကိုမင်းအောင် ဒီလို စေတနာထားတာ ကျေးဇူးတင်တယ်ဗျာ၊ ဒါပေမဲ့ ကျုပ်က အရိပ်ပြတာ


www.burmeseclassic.com

www.burmeseclassic.com



တောင် အကောင်မြင်တဲ့လူ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ကြိုးစားပါ့မယ်ဗျာ

ဟုပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ ရောက်သောအခါကျွန်ုပ်နှင့် ကိုမင်းအောင်သည် ဆရာတော်၏ မိန့်မှာချက်ကြောင့် ကျောင်း၌ပင် နေ့လယ်စာကို စားသောက်ခဲ့လေ၏။ နေ့လယ်စာ စားပြီးနောက် ကိုမင်းအောင်က``ကျုပ်တို့ မြို့ထဲကို သွားကြမယ်၊ အိုင်ဗီ လိုလိုမယ်မယ် သေနတ်ယူလာခဲ့ပါ``ဟုပြောလေရာ ကျွန်ုပ်ကလက်ကာပြလိုက်ပြီး``ဒါတော့ မပူနဲ့ကိုမင်းအောင် ဒီမြို့မှာဘယ်သွားသွား သေနတ်ကိုဆောင်ထားတယ်``ဟုဖြေလေ၏။ ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကျော်နှစ်ဦးသည် မြို့ထဲသို့ ထွက်လာပြီး လူပြတ်သော နေရာရှိ တဲအိမ်ငယ်လေးရှေ့တွင် လူငယ်တစ်ဦး ရှိုက်ကြီးတငင် ငိုယိုနေသဖြင့် ကိုမင်းအောင်က ကြည့်လိုက်ပြီးနောက် ``ဟိုမှာ ကလေးတစ်ယောက် ငိုနေပါလား။အကူအညီ လိုလို့နဲ့တူတယ်``ဟုဆိုပြီး ကလေးအနီးသို့ သွားပြီး``ဘာလို့ ငိုနေတာလဲ ကလေး၊ ဦးလေးတို့ကို ပြောပြပါလား``ဟုမေး မြန်းလိုက်ရာ ကလေးငယ်က``ဟိုမှာ ကျွန်တော့်အဖေ နေမကောင်းဖြစ် ပြီး အိပ်ယာထဲလဲနေရာက ခေါ်လို့ မရတော့ဘူး``ဟုငိုယိုပြီး ပြောလိုက် လေ၏။ ကိုမင်းအောင်က ကလေး၏ အဖေကို မျက်မှောင်ကြုတ် ကြည့် လိုက်ပြီး အနီးသို့ သွားရောက်စစ်ဆေးလိုက်ပြီး စိတ်မကောင်းဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး``ကလေးရဲ့အဖေ အသက်မရှိတော့ဘူး``ဟုပြော လေရာ ကလေးသည် ဝမ်းနည်းဟန်ဖြင့် ငိုကြွေး၏။ ကိုမင်းအောင်သည် ကလေး ငိုကြွေးနေခြင်းကို အတန်ကြာအောင် စောင့်ကြည့်ပြီးနောက် ၎င်းတို့ သားအဖ၏ နောက်ကြောင်းရာဇဝင်ကို မေးမြန်းရာ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ငယ်နှင့် ဖခင်သည် အထက်အညာမှ ဘုရားဖူးထွက်လာသူများဖြစ်ပြီး မိတ္ထီလာမြို့သို့ သွားစဉ် လမ်းခရီး၌ ဖခင်ဖြစ်သူ အဖျားရောဂါ ရရှိကာ ထိုမြို့ကလေး၌ ခေတ္တ အနားယူနေစဉ် ဖခင်၏ ဝေဒနာ ပိုမို ဆိုးဝါးလာပြီး ဘဝတစ်ပါးသို့ ပြောင်းသွားခြင်းဖြစ်၏။ကိုမင်းအောင်က ကလေး၏ စကားကို နားထောင်ပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်ကာ ``ကလေး ဒုက္ခတွေ့နေပြီ၊ သူတို့သားအဖနှစ်ယောက်ဘုရားဖူးထွက်လာတာဗျ၊ သူတို့ သားအဖက ဒီမြို့က မဟုတ်ဘူး၊ သူ့အဖေကို ကျုပ်တို့ ဝိုင်းပြီး သင်္ဂြိုဟ်ပေးမှ ရမယ်'' ဟုဆိုလိုက်ရာကျွန်ုပ်လည်း ငိုယိုနေသော ကလေးငယ်ကို ကရုဏာသက်ဟန်ဖြင့် ချော့မော့ရလေ၏။ ကိုမင်းအောင်သည် ကျွန်ုပ်ကို ကလေးနှင့်အတူ နေထိုင်စေပြီး မြို့ထဲသို့ ထွက်ခွါသွားလေ၏။

ကိုမင်းအောင်သည်ခဏအကြာတွင် အခေါင်း တင်ထားသောလှည်း တစ်စီး နှင့်အတူ ပြန်လည် ရောက်ရှိလာပြီး ကျုပ်တို့ကလေး အဖေကို သင်္ဂြိုဟ်လိုက်ရအောင်၊ ကလေးကိုအိမ်မှာပဲ နေနိုင်းလိုက်ပါ၊သချိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မလာစေချင်ဘူး၊``ဟုဆိုကာသေသူကို အခေါင်းထဲသို့ သွင်းပြီး လှည်းပေါ်တင်ကာနီးမှ ကိုမင်းအောင်ကတစ်စုံတစ်ရာကိုသတိရဟန်ဖြင့် သေသူအတွက်စားမြိန်စာထုပ် ကျန်သေးတယ်ဗျ၊ ထုံးတမ်းစဉ်လာ မပျက် အောင် လုပ်ရအောင်၊ မြို့ထဲကိုသွားပြီး ထမင်းထုပ်ဂယ်ပေးပါ``ဟုပြော ဆိုလေရာ မြို့ ထဲသို့သွားပြီး ထမင်းထုပ်တစ်ထုပ်ကို ဂယ်ယူလေ၏။ ထို နောက် အခေါင်းပေါ်သို့ စားမြိန်စာထုပ်ကိုတင်ကာလှည်းကို စတင်ထွက် ခွါ ခဲ့၏။ကလေးငယ်မှာမူ မြို့စွန်ရှိအရိပ်ရ အပင်ကြီးများဖြင့် အုပ်ဆိုင်း နေ သော သချိုင်းဂန်းကြီးထဲသို့ ဂင်ခဲ့လေ၏။ သချိုင်းဂန်းသည် မြို့ အနေအ ထား နှင့် ယှဉ်လျှင်များစွာ ကျယ်ဂန်းလေ၏။ ကျွန်ုပ်တို့သည် သချိုင်းအ တွင်း သို့ ရုပ်အလောင်းတင်သောလှည်းကို တွန်းပြီးတရွေ့ရွေ့ဂင်ရောက် ခဲ့ လေ၏။ သချိုင်း တစ်နေရာတွင် သချိုင်းနှင့် မလိုက်ဘက်အောင် ခမ်း နားသော မီးသဂြိုဟ်စက်ကြီးကို တွေ့ရလေ၏။ ကျွန်ုပ်က မီးသဂြိုဟ်စက် ကြီးကို ကြည့်ပြီး``ဒီမြို့မှာ မီးသဂြိုဟ်စက်က အကောင်းဆုံးပဲ``



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထိုအခိုက်မှာပင် မီးသဂြိုဟ်စက် အနောက်မှ အသက် ၆၀ ဝန်းကျင် မိန်းမကြီး တစ်ယောက် ရောက်လာပြီး ``သဂြိုဟ်ချင်လို့လား၊ ``ဟုမေးမြန်းလေရာ ကိုမင်းအောင်းက ``ဟုတ်ပါတယ်၊ ဒါပေမဲ့ သေသူက ဒီမြို့ခံမဟုတ်ပါဘူး၊ ဘုရားဖူးရင်း အသက်ပျောက်ရတာပါ``

ဟုပြောလေရာ မိန်းမကြီးက ``မြို့ခံမဟုတ်လည်း သဂြိုဟ်လို့ရတယ်``

ဟုပြောလေရာ ကိုမင်းအောင်က မီးသဂြိုဟ်စက်ကို လှမ်းကြည့်ပြီး ကိုမင်းအောင်က ``မီးသဂြိုဟ်စက်ကသိပ်ကောင်းတယ်နော်`` ဟုစကား စလိုက်ရာ မိန်းမကြီးက ခေါင်းညိတ်ပြီး ``ဒီအနီးအနားမြို့တွေမှာဒီစက် လောက်ကောင်းတာ ဘယ်မြို့မှာမှ မရှိဘူး။တစ်ခါတုန်းက ဒီမြို့က သူဌေး ဦးဘသာ ဖာတီမြို့ကို ပြန်လာရင်း ဦးဘသာရဲ့ကတော်ကြီး ဆုံးသွားလို့ ဒီသချိုင်းမှာပဲ သဂြိုဟ်ရင်း သချိုင်းကတော်တော် ချို့တဲ့တာ ကြည့်ပြီး ဘီလပ်က မီးသဂြိုဟ်စက်ကို ဝယ်ယူလှူဒါန်းပေးတာပဲ``ဟုပြောလေ၏။ ထိုနောက် မိန်းမကြီးက ``ကဲ့ လူသေကိုသဂြိုဟ်တော့မှာလား၊ သဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com



စရိတ် ခုကျပ်တော့ ပေးရမယ်နော်``ဟုပြောလေရာ ကိုမင်းအောင်က

အိတ်ထဲရှိ ငွေခုကျပ်ကို ထုတ်ပေးလိုက်ပြီး``သေသူကို ဘယ်သူ သဂြိုဟ်

မှာလဲ``ဟုမေးမြန်းလေရာ မိန်းမကြီးက``ကျုပ်ကိုယ်တိုင် သဂြိုဟ်မှာပေါ့

ဟုပြောလေရာ ကိုမင်းအောင်က အံ့ဩဟန် မရှိသော်လည်းကျွန်ုပ်ကမူ

အံ့ဩလွန်းသဖြင့် မိန်းမကြီး၏ မျက်နှာကို ကြည့်လိုက်လေ၏။ ထိုအခါ

မိန်းမကြီးက ကိုမင်းအောင် လက်ထဲရှိ တွန်းလှည်းကို လက်ပြောင်းယူ

လိုက်ပြီး မီးသဂြိုဟ်စက် ရှိရာသို့ တွန်းသွားလေ၏။ ကိုမင်းအောင်က

မိန်းမကြီး အနောက်က လိုက်သွားရင်း မီးသဂြိုဟ်စက်ထဲသို့ အခေါင်းကြီး

ကိုကူညီပြီး ထည့်ပေးလေ၏။ပြီးနောက်မိန်းမကြီးက ကိုမင်းအောင်ဘက်

သို့လှည့်ပြီး ``အထဲကို တစ်ယောက်လိုက်ခဲ့ပါ၊ ဘယ်သူလိုက်မလဲ၊ မင်း

လိုက်ခဲ့မလား``ဟုမေးမြန်းလေရာ ကိုမင်းအောင်က``ကျုပ်လိုက်မယ်``

ဟုပြောဆိုပြီး ကျွန်ုပ်ဘက်သို့လှည့်ကာလေသံတိုးတိုးဖြင့် ``အိုင်ဝီ..စိတ်

အေးအေးထားပြီး စောင့်နေပါဗျာ``ဟုပြောရာကျွန်ုပ်က ကိုမင်းအောင်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။ ကိုမင်းအောင် ပြောဆိုသော လေသံနှင့် မျက်နှာထားမှာ တစ်စုံတစ်ရာကို သတိပေးလို သော သဘောဖြစ်မည်ဟု ထင်မြင်မိလေ၏။ ကျွန်ုပ်၏ အတွေးမဆုံးမိ ကို မင်းအောင်သည် မိန်းမကြီးနှင့်အတူ မီးသဂြိုဟ်စက်ထဲသို့ ဝင်ရောက်သွား ပြီး လွန်စွာ နိုင်ခံသော တခါးကြီးကို ဂျိန်းခနဲ ပိတ်လိုက်လေ၏။မီးသဂြိုဟ် စက်ထဲသို့ ဆားပုလင်းမင်းအောင် ရောက်သောအခါ မိန်းမကြီးက လွန်စွာ ခိုင်ခံသောသံ တံခါးကြီးကိုသော့ခတ်လိုက်လေ၏။ ပြီးနောက်အခေါင်းကြီး ကို မီးရှို့ရန် မီးစာကို တို့လိုက်လေ၏။ ထိုအခါ မီးသဂြိုဟ်စက် တစ်ခုလုံး ထိန်ထိန်လင်း သွားလေ၏။ မိန်းမကြီးသည် ကိုမင်းအောင်၏ မျက်နှာကို မီးဝင်းဝင်းတောက်သော မျက်လုံးဖြင့် စိုက်ကြည့်ပြီး ``မီးသဂြိုဟ်စက် ဆိုတာ လူသားတွေ တမလွန်ခရီးသွားဖို့ အတွက် နောက်ဆုံးတခါးပေါက် ပဲ ၊ဒီ တစ်ခါးပေါက်ကို ရောက်မှတော့ ဘာကိုမှ ဟန်ဆောင်စရာမလိုဘူး ဆားပုလင်းမင်းအောင် သုဘရာဇာကို မသာမပါတဲ့ အခေါင်းနဲ့ လှည့်စား



www.burmeseclassic.com

www.burmeseclassic.com



လို့မရဘူး။နှာခေါင်းထဲ မှာမသာန် မရကာဟာည်းက အခေါင်းထဲမှာ မသာ မပါဘူးဆိုတာသိတယ်``ဟုပြောလိုက်ရာ ကိုမင်းအောင်က သက်ပြင်းချ ပြီး``ကျုပ်ဟာ စုံထောက် ဖြစ်တယ်ဒေါ်မြူ။ မောင်သိန်းနဲ့ ပတ်သက်တဲ့ ကိစ္စမှာ ကျုပ် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းသာ ဖြစ်တယ် `ဟုဆိုလိုက်ရာ ဒေါ်မြူက အံ့ကို ကြိတ်လိုက်ပြီး``ကိုယ့် တိုင်းပြည်နဲ့ လူမျိုးရဲ့ မျက်နှာကို မထောက်ဘဲ ကုလားမျက်နှာ ကြည့်ခဲ့တာတာဝန် ကို ကျေပွန်စွာထမ်းဆောင်တာလား။တကယ်တော့ အဲဒီတုန်းကကျုပ် သား မောင်သိန်းမှာ အပြစ်ရှိတယ်ဆိုရင်တောင်ဆားပုလင်းမင်းအောင် ဟာ ကိုယ့် မြန်မာ လူမျိုးအချင်းချင်းရဲ့ မျက်နှာကို ကြည့်သင့်တယ်၊ ကုလားမျက်နှာကို မကြည့်သင့်ဘူး``ဟုဆိုလိုရာ ကိုမင်းအောင်က ဒေါ်မြူ၏ မျက်နှာကိုတည်ကြည်စွာကြည့်လိုက်ပြီး``ကျုပ်က ဥပဒေ ဘက်တော်သား ဖြစ်တယ်၊ ကျုပ် အနေနဲ့ တရုတ်၊ကုလားဆိုပြီး လူမျိုးရေး ခွဲခြားတဲ့မျက်စိနဲ့ ကြည့်မှာ မဟုတ်ဘူး၊ ဥပဒေမျက်နှာကိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမယ်``ဟုပြောလေရာ ဒေါ်မြူ၏ မျက်နှာတင်းမာသွားပြီး တက်ခေါက်ကာ``တောက်..ဆားပုလင်းမင်းအောင်ဆိုတာ အမျိုးဘာသာ သာသနာရဲ့ မျက်နှာကို မထောက်ဘဲ ကုလားအလိုကျရေးထားတဲ့ ဥပဒေကို စောင့်သိတဲ့ လူ၊ ဒီလိုအမျိုးသစ္စါကို မစောင့်သိတဲ့ စုံထောက်ဟာလူဘုံလောကမှာမရှိသင့်တော့ဘူး၊ ဒီ မီးသဂြိုဟ်စက်ထဲမှာ နင်နဲ့ငါတစ်ယောက်ယောက် သေမှဖြစ်မယ်``ဟုဆိုရင်း လက်ထဲရှိ သော့ကို မီးဟုန်းဟုန်း တောက်နေသော မီးပုံကြီးထဲသို့ ပစ်ထည့်လိုက်၏။မီးသဂြိုဟ်စက်ကြီး၏ သံတခါးသော့ကို ဒေါ်မြူက မီးပုံကြီးထဲသို့ ပစ်ထည့်လိုက်သဖြင့် အထဲမှ လည်ထွက်ခွါရန် မဖြစ်နိုင်တော့ချေ။ ဒေါ်မြူက ဆားပုလင်းမင်းအောင်ကို မုန်းတီးစွာ ကြည့်ပြီး မီးသဂြိုဟ်စက်ထဲမှသံချိတ်ကြီးတစ်ခုကိုကောက်ယူလိုက်၏။ ပြီးနောက် သံချိတ်ကြီးကို မွှေယမ်းလိုက်ရင်း``ကျုပ်သားလေး ဆုံးတဲ့နေ့ စပြီး ဟောဒီသံချိတ်ကို မွှေ့ယမ်းပြီး ဆားပုလင်းမင်းအောင်ရဲ့ အသည်းနှလုံးကို သံချိတ်နဲ့ တစစီထိုးဆွ ပစ်မယ်လို့ ကြုံးဝါးခဲ့တယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်ရည်မှန်းချက် ပြည့်ပြီ``ဟုဆိုရောက်မင်းအောင်ကခေါင်းခါယမ်းပြီး``ဒေါ်မြူ ကျုပ်ရဲ့ အသက်ပြင်းတယ်နော် ခင့်ဗျားထင်သလောက်မလွယ်ဘူး``ဟုပြောလေ၏။ဒေါ်မြူက ဆားပုလင်းမင်းအောင်ကို စကားမဆိုတော့ဘဲ သံချိတ်ကြီးကို မြှောက်ယမ်းပြီး တိုက်ခိုက်လေ၏။ ဆားပုလင်းမင်းအောင်သည် တဝိုးဝိုး မြည်နေသော သံချိတ်ကြီးကို ရှောင်တိမ်းရင်း ဒေါ်မြူသည် ရှမ်းကြီးသိုင်းကို ကြောက်မက်ဖွယ် ကျွမ်းကျင်ကြောင်း တွေ့ရှိရလေ၏။ ထိုပြင် ဒေါ်မြူသည် မီးသဂြိုဟ်စက်ကြီး၏ အတွင်းပိုင်းကို ကျွမ်းကျင်သူ ဖြစ်သဖြင့် ဆားပုလင်းမင်းအောင်ကို နေရာအသာစီမှ တိုက်ခိုက်နိုင်၏။ဒေါ်မြူသည် ဆားပုလင်းမင်းအောင်ကို တိုက်ခိုက်ရင်း မီးသဂြိုဟ်စက်ထဲရှိ လောင်စာများကို တစ်ခုပြီး တစ်ခုမီးရှို့သွားလေ၏။ ဆားပုလင်းမင်းအောင်သည် တိုက်ခိုက်ရင်း နောက် အန္တရာယ်တစ်ခုကို ကိုရင်ဆိုင်ရလေ၏။ ၎င်းမှာ မီးသဂြိုဟ် စက်ကြီးအတွင်း အလွန်ပြင်းထန်သောအပူချိန်ကို ရင်ဆိုင်ရခြင်း ဖြစ်၏။ ဒေါ်မြူမှာမူ သုဘရာဇာတင်းဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး မီးသဂြိုဟ်စက်ကြီး အတွင်း နေသားကျနေသဖြင့် အပူဒါဏ်ကို ခံနိုင်ရည် ရှိနေပုံရ၏။ ဆားပုလင်းမင်းအောင်သည် တကိုယ်လုံး ချွေးများ ရေချိုးထားသည့်အလား ရွဲရွဲစိုနေလေ၏။ ကိုမင်းအောင်သည် ခုခံနေရုံဖြင့် မဖြစ်တော့ဘဲ ပြန်လည်တိုက်ခိုက် ရလေ၏။ သို့သော်ဒေါ်မြူသည် သူမ၏ အသက်ကို ဂရုမပြုဘဲ ဆားပုလင်းမင်းအောင်ကို ကလဲစားချေရန်သာ အာရုံစိုက်ပုံရ၏။ သူတို့နှစ်ယောက် တိုက်ခိုက်ရင်း မီးသဂြိုလ်စက် တစ်ခု လုံး မီးဟုန်းဟုန်းတောက်လောင်ပြီး ရှောင်ကွင်းစရာနေရာမရှိ ဖြစ်လာ၏။ ဒေါ်မြူသည် မီးများဝိုင်းရံနေသောမြင်ကွင်းကို သဘောကျဟန်ဖြင့် ကြည့် ပြီး တဟီးဟီး ရယ်မောကာ ``ဟီး..ဟီး..နင့်အသက်ကို ငါရအောင်ယူရ မယ် ပြီးရင် ငါတို့နှစ်ယောက်စလုံး မီးသဂြိုဟ်စက်ကြီး ထဲမှာ အတူတူ သေကြရမယ် ၊ငါ့သား မောင်သိခ်အတွက် နင့်ပေးဆပ်ရမယ်``ဟုဆို ကာ ကိုမင်းအောင်ကို သဲကြီးမဲကြီး တိုက်ခိုက်နေ၏။ ထိုသို့ အရှုးတစ်ယောက် ကဲ့သို့ တိုက်ခိုက်ရင်း ဆားပုလင်းမင်းအောင်ကို မီးများ လောင်ကျွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



သောနံရံတွင် ပိတ်မိသွားလေ၏။ ထိုသို့ပိတ်မိသောအခါ ဒေါ်မြူသည် ဆားပုလင်းမင်းအောင်ကို အသေတိုက်ခိုက်မည်ဟု ကြံရွယ်ကာ သံချိတ်ကြီးဖြင့် ခုတ်ပိုင်းချလိုက်၏။ ဆားပုလင်းမင်းအောင်သည် သံချိတ်ကို တည်ငြိမ်စွာ ကြည့်ပြီး ရှောင်တိမ်းပေးလိုက်ရာ ဒေါ်မြူသည် အရှိန်လွန်ပြီး မီးပုံထဲသို့ ကျရောက်သွားလေ၏။ ဆားပုလင်းမင်းအောင်သည် မီးပုံထဲတွင် အသံနက်ကြီးနှင့် အော်ပြီး လဲကျသေဆုံးသွားသော ဒေါ်မြူကို ကြည့်မနေနိုင်ဘဲ သံတခါးကြီးကို ဖွင့်ရန် ကြိုးစားရလေ၏။ တံခါးကြီးသည် လွန်စွာ ထူတည်းလှပြီး အလွယ်တကူ ဖွင့်ရန်မဖြစ်နိုင်ချေ။ ကိုမင်းအောင်သည် မီးပုံထဲရှိ သော့တွဲကို ရလိုရငြား ကြည့်လိုက်ရာ မီးပုံထဲတွင် သော့ချောင်းလေး၏ တစ်စွန်းတစ်စကို မြင်တွေ့ရ၏။ ကိုမင်းအောင်သည် မီးရှိန်အလွန်ပျင်းလှသဖြင့် အမြန်ဆုံးသံတခါးကြီး မဖွင့်နိုင်လျှင် မိမိကိုယ်မိမိ မီးလောင်တိုက်သွင်းသကဲ့သို့ဖြစ်မည်ကိုသိ၏၊ ထို့ကြောင့်အနီးအပါးတွင် ကြည့်ရာဒေါ်မြူကိုင်ဆွဲထားသော သံချိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ပြီး ယူလိုက်ရာ သံချိတ်ကြီးသည် မီးပုံကြီးထဲတွင် ကျနေသဖြင့် မီးကဲ့သို့ ရဲရဲနီကာ ပူပြင်းလွန်းလှ၏။ ထိုပြင် မီးသင်္ဂြိုဟ်စက် တည်ရှိရာ အခန်းထဲတွင် မီးများ လောင်ကျွမ်းနေသဖြင့် မနေနိုင်လောက်အောင် အသားများ လောင်မြိုက်နေ၏။ နောက်ဆုံးတွင် ဆားပုလင်းမင်းအောင် သည် အံ့ကိုတင်းတင်းကြိတ်လိုက်ပြီး သံချိတ်ကြီးကို ဆုပ်ကိုင်လိုက်ရာ လက်များ မီးကျွမ်းမတတ်ဖြစ်နေလျက်မှာပင် မီးပုံထဲရှိ သော့တွဲကို သံချိတ်ဖြင့် ချိတ်ယူလိုက်၏။ သို့သော် သံချိတ်ထဲတွင် သော့တွဲကို လွယ်လွယ်ကူကူ ပါမလာဘဲ မီးသင်္ဂြိုဟ်စက်ကြီး ပြိုလဲသွားမှပင် သော့ ချိတ်ကို ယူလိုက်နိုင်၏။ ဆားပုလင်းမင်းအောင်သည် သံချိတ်ထဲရှိ သော့ ကို သတိကြီးစွာ ထားပြီးယူလိုက်ရာ သော့တွဲမှာ ပူလောင်နေသဖြင့် သံတခါးကြီးရှိ သော့ခလောက်ကြီးကို ခက်ခက်ခဲခဲ ဖွင့်ရ၏။ ထိုသို့ ဖွင့်နေချိန်၌ အခန်းထဲရှိ မီးတောက်ကြီးသည် ဆားပုလင်းမင်းအောင်၏ ခန္ဓာကိုယ်ကို စွဲလောင်မတတ် ဖြစ်နေလေ၏။ ကိုမင်းအောင် သံတခါးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို တွန်းဖွင့်လိုက်ချိန်၌ မီးတောက်ကြီးသည် အပြင်သို့ ဟုန်းခနဲထိုးထွက်လာလေ၏။ ကိုမင်းအောင်သည် မီးတောက်ကြီး၏ အရှိန်ဖြင့် မီးသဂြိုဟ်စက်ကြီး အပြင်သို့ လွင့်ထွက်လာလေ၏။ထိုအခါမှပင် မီးသဂြိုဟ်စက် အပြင်သို့ ရောက်နေသော အိုင်ပီအောင်ဒင် အပြေးရောက်လာပြီး

``အမလေး မသေကောင်း မပျောက်ကောင်း ကိုမင်းအောင်ရယ်.. ကျုပ်တော့ အပြင်က စိုးရိမ်လိုက်ရတာ``ဟုပြောလေ၏။ ကိုမင်းအောင် အရှိန်တငြီးငြီး တောက်လောင်နေသော မီးသဂြိုဟ်စက်ကြီးကို ကြည့်ပြီး ခေါင်းခါယမ်းလိုက်ရင်း``ရန်ငြိုးရန်စ အလွန်ကြီးတဲ့ ဒေါ်မြူတစ်ယောက်တော့ တမလွန်ကို ရောက်သွားပြီ``ဟုတီးတိုးရေရွတ်လိုက်လေ၏။ ထိုအခိုက်မှာပင် အနီးသို့ ပုလိပ်များရောက်လာပြီး ကိုမင်းအောင်၏ အခြေအနေကို စိုးရိမ်တကြီး မေးမြန်းလေ၏။ ကိုမင်းအောင်က မိမိ၏ ကျမ်းမာရေး ကောင်းမွန်ကြောင်း စိုးရိမ်စရာ မရှိကြောင်း ပြောလေ၏။ ထိုအခိုက်မှာပင် ကိုမင်းအောင် အနီးသို့ ရောက်လာသော ပုလိပ် တဦး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ကျွန်ပ်သည် ရုတ်တရက် ထိတ်လန့်သွားလေ၏။ ထိုသူမှာ လောလောလတ်လတ် သေဆုံးသွားသည် ဆိုသော ကာလေးငယ်၏ ဖခင်ဖြစ်နေလေ၏။ ကိုမင်းအောင်က ကျွန်ပ်အံ့သြနေဟန်ကို ကြည့်ပြီး ``သူက တကယ်မသေပါဘူး၊ ဒီမြို့က ပုလိပ်သားတစ်ယောက်ပါ၊ အိုင်ပီမြို့ထဲကို ထမင်းထုပ်သွားပေးယ်နေတုန်းမှာ သူ့ကို အိမ်ပြန်ခိုင်းပြီး အခေါင်းကို လူမပါဘဲ သံရိုက်ပိတ်လိုက်တာပါ၊ လူရဲ့အလေးချိန်နဲ့တူ အောင်အခေါင်းထဲမှာ သဲအိတ်တစ်အိတ် ထည့်ထားတယ်``ဟုဆိုလေ ရာ ကျွန်ပ်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး ``ကောင်းပါ့ဗျာ၊ ဒါတွေ အားလုံးလည်း ကိုမင်းအောင် ကြိုတင်စီစဉ်ခဲ့တာပေါ့``ဟုမေးမြန်း လေရာ ကိုမင်းအောင်က မွန္တလေးမှာတုန်းက အိုင်ပီကို မခေါ်ဘဲကျုပ် တစ်ယောက်တည်း စာတိုက်ထဲမှာ ကြေးနန်းသွားရိုက်တာ မှတ်မိတယ် မဟုတ်လား၊ ဒီတုန်းက ဒေါ်မြရှိတဲ့ မြို့က ပုလိပ်အဖွဲ့ကို ကြေးနန်းရိုက်ပြီး အားလုံး စီစဉ်လိုက်တာပဲ၊ကျုပ်ရဲ့အစီအစဉ်တွေ အားလုံးအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com


အောင် ပုလိပ်မင်းကြီးက တစ်ဖက်တစ်လမ်းက ကူညီပေးပါတယ်``ဟု ရှည်လျားစွာ ရှင်းလင်းပြ၏။ ကျွန်ပ်သည် အရာအားလုံး သိနားလည် လိုက်ပြီးနောက် ရင်ထဲမှာလွတ်လပ် ပေါ့ပါးသွားသယောင် ခံစားလိုက် ရလေ၏။ထိုအကြောင်းကို တစ်နေ့သောအခါ ကျွန်ပ် ဝတ္ထုရေးဖြစ်လျှင် *ဆားပုလင်းမင်းအောင်နှင့် ယက္ခဂိုဏ်း* ဟုအမည်ပေးရန်လည်း ဆုံးဖြတ် လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွါးပြီးနောက် ခြောက်လခန့် ကြာပြီးနောက် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် ဆားပုလင်းမင်းအောင်နေထိုင်ရာ ကျောက်မြောင်း ရပ်ကွက် မလွှကုန်းလမ်းအနီးရှိ ကွက်လပ်ကြီးတွင် ရာမဇာတ်ကို ခုနှစ်ရက် ခုနှစ်လီ ကပြနေသည် ဆိုသဖြင့် ကျွန်ုပ်တို့စုံထောက်ကျော်နစ်ဦးသည် နေ့စဉ်ရက်ဆက် သွားရောက်ကြည့်ရှုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ရာမဇာတ်ကို ခုနစ်ရက် ခုနစ်လီ ကပြနေသဖြင့် ကျောက်မြောင်း ရပ်ကွက် အတွင်းတွင် အနယ်နယ်အရပ်ရပ် မှ ဈေးသည်များ စုံစုံလင်လင် ရှေ့အထိလာရောက် ရောင်းချနေသော ဈေးသည်များကို ကြည့်နေပြီး ``ကျောက်မြောင်း ရပ်ကွက်ထဲမှာ ကွင်းကြီးထဲမှာ ရာမဇာတ်ကို ခုနစ်ရက် ခုနစ်လီ ကပြတာကို အစွဲပြုပြီး နောက်ဆိုရင် ရာမဇာတ်ကပြတဲ့ ကွင်းကြီးကို ရာမကွင်း ဆိုပြီး နံမည်ကြီးမှာ သေချာတယ်`` ဟုပြောလေ၏။ (ဆားပုလင်းမင်းအောင်၏ စကားမှန်ကန်၏။ ကျောက်မြောင်းရပ်ကွက် မလွှကုန်းလမ်း အနီးရှိ ရာမဇာတ်ကပြရာ ကွင်းကြီးကို နောင်တစ်ချိန်တွင် ရာမကွင်း ဟု လူသိများ ထင်ရှားခဲ့၏။ ထိုသို့ဖြင့် ကျွန်ုပ်နှင့် စုံထောက် ဦးပေါ်ဦးကြီးသည် ပွဲကြိုက်သူပီပီ ကိုမင်းအောင်၏ အိမ်ကို နေ့စဉ်လာ ရောက်စတည်းချပြီး ရာမဇာတ်ကို နေ့စဉ်ကြည့်လေ၏။ ကိုမင်းအောင် ကိုယ်တိုင်လည်း ရံဖန်ရံခါ ကျွန်ုပ်တို့နှင့်အတူလိုက်ပြီး ရာမဇာတ်ကိုကြည့် ရှုလေ၏။ ရာမဇာတ် နောက်ဆုံးနေ့သို့ ရောက်သောအခါ ကိုမင်းအောင်၏



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်သို့ ညနေမစောင်းမီ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦး ရောက်ရှိ နေလေ၏။ကျွန်ုပ်တို့သည် ညမှောင်ရီသန်းစပြုသောအခါ ရာမဇာတ်ကပြရာ ကွင်းကြီးသို့ သွားရောက်ရန် ဖင်တကြွကြွ ဖြစ်နေလေ၏။ ကိုမင်းအောင်ကမူ ဒီနေ့ည ကျုပ် စကော့တလန်ယာဒ် ကထုတ်တဲ့ ပုလိပ်ကျမ်းကြီးကို ဖတ်ချင်လို့ မလိုက်တော့ဘူး``ဟုဆိုလေရာ ကိုမင်းအောင်၏ အထာကို သိသောကြောင့် ကျွန်ုပ်တို့စုံထောက်ကျော် နှစ်ဦးသည် ၎င်းကို မခေါ်တော့ဘဲ ထွက်လာခဲ့၏။ ကိုမင်းအောင် အိမ်ပေါ်မှ ဆင်းလာပြီး နောက် ဦးပေါ်ဦးကြီးက ခပ်လှမ်းလှမ်းရှိ ဆီထမင်းရောင်းနေသော မိန်းမလှလေးကိုကြည့်ကာ``ဟဲဟဲ..ဒီနေ့လည်း နီနီလေးရဲ့ဆီထမင်းကို အားပေးလိုက်ဦးမယ် ဗျာ``ဟုပြောလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် ရာမဇာတ်ကိုညစဉ် ကြည့်ရှုသည့် အခါတိုင်း နီနီဆိုသော မိန်းမလှလေး၏ဆီထမင်းကို နေ့စဉ်ဂယ်ယူ စားသောက်ခဲ့၏။ထိုသို့ နေ့စဉ်ရက်ဆက် စားသောက်ခဲ့ခြင်းမှာ သူမ၏ ဆီထမင်းကောင်းသည်ထက် မိန်းမလှလေး



www.burmeseclassic.com

www.burmeseclassic.com



၏ ညို့ငင်နိုင်စွမ်း ကြောင့် စားသောက်ခဲ့သည်ဟု ဂန်ခံရပေမည်။ ကျွန်ုပ်တို့ စုံထောက်ကျော် နှစ်ယောက်သည် နီနီ၏ ဆီထမင်းတောင်း ရှေ့တွင် ရပ်လိုက်ပြီး ဆီထမင်းဂယ်ယှက်ကာ ယောကျ်ားဖျင်း တို့၏ ထုံးစံအတိုင်း ရောက်တတ်ရာရာ နောက်ပိုးရှု စကားများကို ပြောလေ၏။ နီနီသည် မိန်းမချောတို့၏ ထုံးစံအတိုင်း နောက်ပိုးရှုးတို့၏ အပြုအမူကို နောကျေနေဟန်ဖြင့် ပြုံးတုံတုံလေးသာ နေလေ၏။ ကျွန်ုပ်တို့သည် ဆီထမင်း တစ်မူးဖိုးနှင့်တန်အောင် နီနီကိုသူထက်ငါ ပိုးပန်းကာ မှောင်ရိသန်းစပြုလာချိန်မှ ရာမဇာတ်ကရာ ကွင်းသို့ထွက်ခဲ့လေ၏။ ဦးပေါ်ဦးကြီးသည် တစ်လမ်းလုံး မိန်းကလေး၏ ချောပုံ၊လှပုံယဉ်ပုံတို့ကို ချီးမွမ်းခန်း ဖွင့်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်သည် စုံထောက်ဦးပေါ်ဦး တို့ထွက်ခွါ သွားသော အခါ ထိုင်ရာမှထပြီး ပြတင်းပေါက်ဖွင့်ကာ ဆီထမင်းသည် မိန်းမလှလေးကို စူးစိုက်ကြည့်နေမိ၏။ မိန်းကလေး၏ ခေါင်း၌ ပန်ထားသော အနီရောင်ပန်းလေးကို အဝေးမှပင် မြင်ရလေ၏။ ထိုစဉ် ပြတင်းပေါက်မှ ကြည့်နေသော ကိုမင်းအောင်နှင့်မိန်းကလေး အကြည့်ချင်းဆုံလေရာ သူမက



www.burmeseclassic.com

www.burmeseclassic.com


ရှိသာသောအသံဖြင့် ``ဆီထမင်း ပူပူလေး စားပါဦးလား အစ်ကို``ဟု ဖိတ်ခေါ်လိုက်ရာ ကိုမင်းအောင်က ခေါင်းညိတ်ပြီး လက်ယပ်ခေါ်လိုက်၏၊ ထိုအခါ မိန်းကလေးက ဆီထမင်းတောင်းလေးကို ရွက်ပြီး ကိုမင်းအောင်၏ အိမ်သို့ ဝင်လာလေ၏။ မိန်းကလေးသည် ကိုမင်းအောင်၏ အိမ်ထဲသို့ ဝင်လိုက်ပြီး လှေခါးထစ်၌ ထိုင်လိုက်၏။ ကိုမင်းအောင်ကသူမအရှေ့တွင် ထိုင်လိုက်ပြီး``ဆီထမင်းတစ်ပြားဖိုးလောက်ပေးပါ၊ မိန်းကလေး``ဟုဆို လိုက်ရာ မိန်းကလေးက``တောင်းထဲမှ အငွေ့တထောင်းထောင်း ထနေသော ဆီထမင်းကိုဖက်ရွက်လေးနှင့် ထုပ်လိုက်ပြီး ဆားပုလင်းမင်းအောင်ကို ကမ်းပေးလိုက်ရင်း ဆားပုလင်းမင်းအောင်နှင့် မျက်လုံးချင်းဆုံမိ၏။ ထိုအခါ မိန်းမပျို၏ မျက်လုံးများ မီးဝင်းဝင်း တောက်နေသော အံ့ဩဖွယ် တွေ့ရလေ၏။ ကိုမင်းအောင်က မျက်မှောင်ကြုတ်ပြီး``ဘာ..အလိုမကျ လို့လဲ..မိန်းကလေး``ဟုမေးမြန်းလေ၏။ မိန်းမပျိုက ကိုမင်းအောင်ကို အံ့ကို ကြိတ်ပြီး ကြည့်ပြီး``ဘာ်အလိုမကျလို့လဲ..ဟုတ်လား..အလိုမကျ


www.burmeseclassic.com

www.burmeseclassic.com



တာတွေ အများကြီး ရှိတာပေါ့၊ဒီလိုနေ့မျိုးကို စောင့်လိုက်ရတာရှင်..အခု တော့ ဒီအချိန်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပြီပေါ့ရှင်``ဟုဆိုလေရာ ကိုမင်းအောင်က မိန်းမပျိုကို အံ့ဩဟန်ဖြင့် ကြည့်လိုက်ပြီး``ကျုပ်တော့ နားမလည်နိုင်တော့ဘူး မိန်းကလေး``ဟုရေရွတ်လိုက်၏။ မိန်းမပျိုက စကားမတုန့်ပြန်ဘဲ သူမ၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အပေါ် အင်္ကျီလက်ရှည်ကို ချွတ်လိုက်ရာ အနီရောင် ဘလောက်အင်္ကျီလေး ထွက်ပေါ်လာ၏။ဆက်လက်ပြီး မိန်းမပျိုက သူမ၏ထဘီကို ချွတ်ချလိုက် ပြန်ရာ အောက်ခံထဘီအနီရောင်ထွက်ပေါ်လာပြန်၏။ ထိုအခါ မိန်းမပျို၏ တစ်ကိုယ်လုံး ထက်အောက်ဆင်တူ အနီရောင် ဝတ်ဆင်ထားသကဲ့သို့ ဖြစ်သွားလေ၏။ မိန်းမပျိုက ဆားပုလင်းမင်းအောင်ကို မှန်းတီးဟန်ဖြင့် ကြည့်ပြီး``ကျွန်မဘယ်သူလဲဆိုတာ ရှင်သိလောက်ပြီ ထင်တယ်````ဟု ဆိုလေရာ ကိုမင်းအောင်က စိတ်လှုပ်ရှားဟန်ဖြင့်``အနီရောင် ပါလား`` ဟုရေရွတ်လိုက်၏။ မိန်းမပျိုက ခေါင်းညိတ်ပြီး``ဟုတ်တယ် ကျွန်မ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆိုရင် ရှင်သဘောပေါက်ပြီထင်တယ်``ဟုအံ့ကို ကြိတ်ပြီး ပြောလိုက်ရင်း ခေါင်းကို ဆတ်ခနဲခါပြီး ရှည်လျားသော ဆံပင်များကို ဖြေချလိုက်၏။ ထိုနောက် ခေါင်းပေါ်တွင် စိုက်ထားသော ဆံထိုးလေးကို ကျွန်မ အမေဒေါ်မြှုလည်း ရှင်ပယောဂကြောင့် မီးသဂြိုဟ်စက်ထဲမှာ အသေဆိုးနဲ့ သေခဲ့ရတယ်၊ ရှင့်ကို ကျွန်မကလဲ့စား မချေရရင် လူ့လောကကြီးထဲမှာ နေရတာ ကျွန်မသိပ်ခံစားရတယ်၊ကျွန်မ မပျော်ဘူး အမေတို့ မောင်လေးတို့အတွက် ကျွန်မ တာဝန်ကျေမှုဖြစ်မယ်``ဟုပြောရင်းလက်ထဲရှိ ဆံထိုး၏ ခလုပ်ကို နှိပ်လိုက်ရာ ဆံထိုးထဲရှိ မြားလေး တစ်ချောင်း လှစ်ခနဲထွက်လာပြီး ဆားပုလင်းမင်းအောင်၏ ရင်ဝတွင် စိုက်ဝင်သွားလေ၏။ ဆားပုလင်းမင်းအောင်သည် နီးကပ်လွန်းသဖြင့် သေးငယ်သော သံမဏိမြားလေးကို မရှောင်နိုင်ဘဲ ရင်ဝတွင် စိုက်ဝင်သွားခြင်းဖြစ်၏။ အနီရောင်ဆိုသော မိန်းမပျိုက ဝေဒနာခံစားနေဟန် ရှိသော ဆားပုလင်းမင်းအောင်ကို ကြည့်ပြီး``သံမဏိမြားလေးမှာ ပါတဲ့အဆိပ်



www.burmeseclassic.com

www.burmeseclassic.com



က သိပ်ပြင်းတယ်၊ ဖြေဆေးမရှိဘူး၊ တောထဲက ကြံ့လို သတ္တဝါကြီးတွေ

တောင် တုံးခနဲလဲသေသွားနိုင်တယ်၊ ရှင်ဘယ်လိုမှ အသက်မရှင်နိုင်ဘူး၊

ဆားပုလင်းမင်းအောင်လို နံမည်ကျော် စုံထောက်တစ်ယောက်ကို

လုပ်ကြံရတာ စိတ်မကောင်းပါဘူး၊ ဘာပဲဖြစ်ဖြစ် သတ္တဝါအားလုံးဟာ

ကံစီမံရာပါပဲ၊ ကျွန်မ သွားတော့မယ် နှုတ်ဆက်ခဲ့ပါတယ်` သူမစကား

မဆုံးမီ ဆားပုလင်းမင်းအောင် နှုတ်ခမ်းမှ သွေးများ အံ့ကျလာပြီး မြေပေါ်

သို့ ပြိုလဲကျသွား လေ၏။ ထိုအခါ အနီရောင်ဆိုသော မိန်းမပျိုက ပြိုလဲ

ကျသွားသော ဆားပုလင်းမင်းအောင် ကို အားပါးတရ ကြည့်လိုက်ပြီး

အိမ်ပေါ်မှ ဆင်းသွားလေ၏။ မိန်းမပျို အိမ်ပေါ်မှဆင်းသွားပြီး ခဏ

အကြာတွင် ကြမ်းပေါ်တွင် လဲကျနေသော ဆားပုလင်းမင်းအောင်က

သွက်လက်စွာ ထလိုက်ပြီး အကျီအောက်တွင် ခံထားသော သားရေပြား

ကြီးကို ဆွဲထုတ်လိုက်၏။ အနီရောင် ဆိုသော မိန်းကလေး၏

သံမဏိမြားလေးသည် သားရေပြားပေါ်တွင် စိုက်ဝင်နေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့ထုတ်သတင်းစာများတွင် စုံထောက်ကျော်ဆားပုလင်း မင်းအောင် လုပ်ကြံခံရသဖြင့် ရန်ကုန် ဆေးရုံကြီး၏ အရေးပေါ်ဌာနတွင် အံသက်လုပြီး ကုသနေရကြောင်း သတင်းပါရှိလေ၏။ ထိုသတင်းကြောင့် ဆားပုလင်းမင်းအောင်ကို ချစ်ခင်သူများက ဂမ်းပန်းတနည်း ဖြစ်ကြပြီး လူဆိုးလူမိုက်များက အားရဝမ်းသာဖြင့် မြန်မြန် သေပါစေကြောင်း ဆုတောင်းကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကို ဖတ်ရှုနေသော အနီရောင်ဆိုသော မိန်းကလေးသည် သက်ပြင်းရှည်ကြီးကို ချရင်း`` သူ မသေသေးပါလား..အို သေသေ မသေသေ သူ့ကံပေါ့ သဗ္ဗေသတ္တာကမ္မသကာပဲ.. ငါတာဝန်ကျေပြီ.. ငါလုပ်ရမှာ တစ်ခုပဲကျန်တော့တယ်။ ဒီတစ်ခါ ငါ့အလှည့်ပေါ့ အလှည့် ကျရင် မနွဲ့စတမ်းလေ...အနီရောင်သည် ဆုံးဖြတ်ချက်ချပြီးသည်နှင့် ငမိုးရိပ်ချောင်းအနီးရှိ သီလရှင်ကျောင်းသို့သွားကာ ကျောင်းပိုင် ဆရာ လေးအား ရာသက်ပန် သီလရှင် ဝတ်စေလိုကြောင်း တောင်းပန်လေရာ သီလရှင် ဆရာလေးက အစဉ်သနားသည်ကို အကြောင်းပြုပြီး သီလရှင် အဖြစ် ဝတ်ခွင့်ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်တွင် စုံထောက်ကျော်နှစ်ဦး ဖြစ်သော ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ဆားပုလင်းမင်းအောင်အနီးတွင် ဝိုင်းရံနေပြီး ကျွန်ုပ်က ``မသေကောင်းမပျောက်ကောင်း ကိုမင်းအောင်ရယ်..ဘယ်လို ဖြစ်တာလဲ``ဟုမေးမြန်းလေရာ ကိုမင်းအောင်က``တိုတိုပြောရရင် ယက္ခဂိုဏ်းရဲ့ လုပ်ကြံမှုပဲပေါ့ဗျာ``ဟုဆိုလိုက်ရာစုံထောက်ဦးပေါ်ဦးက တအံ့တသြဖြစ်သွားပြီး``ယက္ခဂိုဏ်းက အဘွါးကြီးဒေါ်မြူ့ သေပြီလေဗျာ၊ ယက္ခဂိုဏ်း


www.burmeseclassic.com

www.burmeseclassic.com


ဘက်မှာ ဘယ်သူတွေရှိ သေးလို့လဲ``ဟုမေးမြန်းလေရာ ဆားပုလင်း

မင်းအောင်က``ယက္ခဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဒေါ်မြူ မှာ မောင်သိန်း ဆိုတဲ့

သားတစ်ယောက်သာ ရှိတယ် လို့ သိပေမဲ့ သမီးတစ်ယောက်လည်း

ရှိသေးတယ်ဗျ၊ ဒီသမီးဟာ ဒေါ်မြူတို့နဲ့ အတူတူ မနေဘူး၊ သူဟာ

အနီရောင်ကို အလွန်ကြိုက်လို့ သူ့နံမည် အနီရောင်လို့ လူသိများတယ်၊

အနီရောင်ဟာ မိဘမောင်ဘွါးတွေနဲ့ အတူမနေဘဲရှမ်းပြည်မြောက်ပိုင်း

မှာ ပန်းစိုက်ပြီး တစ်ကိုယ်တော်နေထိုင်တယ်။ နောက်ဆုံး အနီရောင်ဟာ

ကိုယ့် မောင်နဲ့အမေဆုံးတော့မှ လူမြင်ကွင်းကို ရုတ်တရက်ပေါ်လာပြီး

ကျုပ်ကို သတ်ဖို့ ကြံတာဗျ``ဟုပြောလေရာ ကျွန်ုပ်က``ကျုပ်တို့အနီ

ရောင်ဆိုတဲ့ မိန်းကလေးကို မမြင်လိုက်တာ နာတယ်ဗျ``ဟုပြောလေရာ

ကိုမင်းအောင်က အနီရောင်ကို``ခင်ဗျားတို့နှစ်ယောက်စလုံး ကောင်း

ကောင်း သိပါတယ်``ဟုပြောလေရာ ဦးပေါ်ဦးကြီးက အံ့သြဟန်ဖြင့်

``ကျုပ်တို့ ကောင်းကောင်းသိတယ် ဟုတ်လား၊ ဘယ်သူလဲ``ဟု


www.burmeseclassic.com

www.burmeseclassic.com


မေးမြန်းလိုက်၏။ကိုမင်းအောင်က``သူ့ဆီက ဆီထမင်းကို ညနေတိုင်း ခင်ဗျားတို့ ဂယ်ဂယ် စားနေတယ်လေဗျာ``ကိုမင်းအောင် စကားကြောင့် ကျွန်ုပ်ဆို့နစ်ယောက်စလုံး အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ ကျွန်ုပ်က အံ့ဩလွန်းသဖြင့်``ဟင်..ဆီထမင်းသည်လေး ဟုတ်လား```ဟုရေရွတ်လိုက်သလို ဦးပေါ်ဦးကြီးကလည်း အထစ်ထစ် အငေါ့ငေါ့ဖြင့်``ဟင်...ဆီထမင်းသည်လေး..ဘုရား..ဘုရား..ကျုပ်က သူ့မျက်နှာလေးကို အမြဲမြင်နေတယ်ဗျ``ဟုပြောလေရာ ကိုမင်းအောင် က ဂွန်ပလေးယား မှတ်ဆိတ် စီးကရက်ကို မီးညှိဖွါရှိုက် လိုက်ပြီး ``အနီရောင် မိန်းကလေးဟာ ရပ်ကွက် ထဲမှာ ရာမဇာတ်ကို ခုနစ်ရက် ခုနစ်လီ ကျင်းပတာကို အကြောင်းပြုပြီး ကျုပ်ကို လုပ်ကြံဖို့ အတွက် ဘု[illegible]ဈေးသည် အဖြစ်နဲ့ ကျုပ်အိမ်ပတ်ဝန်းကျင်ကို ရောက်လာခဲ့တယ် သူ့ကို ပထမနေ့မှာပဲ စပြီး ကျုပ်သတိပြုမိတယ်၊သူဟာ ခေါင်းမှာ အနီ ရောင် ပန်းတစ်ပွင့်ကို အမြဲပန်ထားတာ မြင်ကတည်းကသူ့ကို အနီရောင်


www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မိန်းကလေးမှန်းသိတယ်``ဟုပြောလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်ပြီး``ကိုမင်းအောင် သူ့ကိုအနီရောင်ဆိုတာ ကြိုသိနေတယ်နော်. ဟုဆိုလိုက်ရာ ကိုမင်းအောင်က``ယက္ခဂိုဏ်းခေါင်းဆောင် ဒေါ်မြုမှာ မောင်သိခ်ဆိုတဲ့ သားတစ်ယောက်အပြင် အနီရောင်ဆိုတဲ့ သမီးတစ်ယောက် ရှိတယ်ဆိုတာ ကျုပ်သိထားတယ်၊ အနီရောင်ဟာ ကျုပ်ကို မုန်းတီးနာကြည်း နေမယ်ဆိုတာလည်း ရိပ်စားမိတယ်``ဟုပြောလေရာ ဦးပေါ်ဦးက``အနီရောင်မိန်းကလေး လုပ်ကြံတာကို ကိုမင်းအောင် ဘာလို့ လုပ်ကြံခွင့်ပေးတာလဲ``ဟုမေးမြန်းလေ၏။ကိုမင်းအောင်က

BURMESE CLASSIC

သက်ပြင်းချပြီး``သူ့တို့ ရင်ထဲမှာ မုန်းတီးနာကြည်းမှုတွေနဲ့. မွမ်းကြပ်ပူလောင်နေတယ်၊အနီရောင်ဆို အဲ့မေနဲ့ မောင်လေးအတွက် ကိုယ်တိုင်ကလဲ့စား မချေရမချင်း သူ့ရင်ထဲမှာ ပူလောင်ပြီး မွမ်းကြပ်နေတယ်၊ သူ့အဘက် ငယ်ငယ်လေး ရှိတယ်၊ ကျုပ်ကို ကလဲ့စား မချေရရင် ဘယ်တော့မှ မပြည့်စုံဘူး၊ ဒါကြောင့် သူ့ကို လက်စားချေ ခွင့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီလို ဆေးရုံမှာ အသက်လုနေကြောင်း သတင်းထုတ်ပြန်နိုင်ဖို့ ပုလိပ်မင်းကြီးကို ကျုပ်ကိုယ်တိုင် မေတ္တာရပ်ခံ ခဲ့တာဗျ````ဟုဖြေ၏။ ကျွန်ုပ်က ဝင်ပြီး``ကိုမင်းအောင် အသက်ကိုကယ်ခဲ့တဲ့ သားရေပြား ကြီးက ဘယ်လိုလဲဗျ``ဟုမေးမြန်း လေရာ ကိုမင်းအောင်က ``အနီရောင် မိန်းကလေးကို မသိမသာအကဲခတ်ကြည့်တော့ သူ့ခေါင်း မှာ စိုက်ထားတဲ့ ငွေရောင်ဆံထိုးကို မသင်္ကာဘူးဗျ၊ သေသေချာချာ မှန်ဘီလူးနဲ့ လေ့လာကြည့်တော့ လက်နက်ဆိုတာ သိရတယ်၊ ဒါဟာ တရုတ် နန်းတွင်းမှာ လုပ်ကြံသူတွေ အသုံးပြု လေ့ရှိတဲ့ ကြောက်စရာ လက်နက်ကောင်းတစ်ခုဗျ၊ ဆံထိုးလက်နက်နဲ့ အနီးကပ် လုပ်ကြံရင် ဘယ်လိုမှ ရှောင်တိမ်းလို့ မရဘူး၊ ဆံထိုးထဲမှာ စပရင်တစ်ချောင်းရှိပြီး စပရင်ရဲ့ တွန်းကန်အားနဲ့ တိုက်ခိုက်တာပဲ။ အဆိပ်လူးထားတော့ ပိုကြောက်ဖို့ ကောင်းနေတာဗျာ``ဟုပြောလိုက်လေရာ ဦးပေါ်ဦးကြီး က``တော်ပါပေတယ် ကိုမင်းအောင် ကျုပ်တို့သာဆို အနီရောင်မိန်း



www.burmeseclassic.com

www.burmeseclassic.com



သတ်တာနဲ့ သေပြီပေါ့ဗျာ``ဟုပြောလေရာ ကျွန်ုပ်ကလည်း အားကျမခံ ဝင်ရောက်ပြီး``ဒါကြောင့်လည်း ဆားပုလင်းမင်းအောင် ဆိုပြီး ဒီနေထိ ရှင်သန်နေတာပေါ့ဗျ။ ကျုပ်တို့နဲ့ ဘယ်တူမလဲ``ဟုပြောလေ၏။

ကိုမင်းအောင်သည် ကျွန်ုပ်တို့ ချီးမွမ်းစကားကို မကြားဟန်ဖြင့် ငြိမ်သက်နေ၏။ ကျွန်ုပ်ကမူ မူလက ဝတ္ထုရေးရန် ကြံစည်ထားသော *ဆားပုလင်းမင်းအောင် နှင့် ယက္ခဂိုဏ်း* ဆိုသောအမည်မှ *ဆားပုလင်းမင်းအောင်နှင့် အနီရောင် မိန်းကလေး* ဟုပြောင်းလဲရန် ဆုံးဖြတ်လိုက်လေတော့၏။ အရာအားလုံးပြီးဆုံးသွားချေပြီ...

BURMESE CLASSIC

*သိမ်းပိုက်ခြင်းကင်းသော*

*မင်းမြတ်သူရ*



www.burmeseclassic.com

www.burmeseclassic.com






မင်းမြတ်သူရ ရဲ့ ဖေ့ဘုတ် စာမျက်နှာပါ။ စာအုပ်သတင်းတွေ၊အခန်းဆက် ဂတ္တုရှည်တွေ၊ အတွေး အခေါ်ဒဿန တွေကို ဖတ်လို့ရပါတယ်။

မင်းမြတ်သူရ ရဲ့ ပရိသတ် အစစ်တွေ comment ထဲမှာ မိတ်ဆက်ပြီး add ပေးနိုင်းလို့ ရပါတယ်။



www.burmeseclassic.com